# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပညာရှိတို့အား ချစ်မြတ်နိုး၏**

အကြင်ပညာရှိတို့သည် သမထစျာန်၌ လေ့ကျက်အားထုတ်ကုန်၏။ ကာမမှ ထွက်မြောက်မှု၊ ကိလေသာငြိမ်းမှု၌ မွေ့လျော်ကုန်၏။ သစ္စာလေးပါးတရားကို ကောင်းစွာသိကုန်သော၊ လွန်ကဲသော သတိရှိကုန်သော ထိုပညာရှိတို့အား နတ်ပြဟ္မာတို့သည်လည်း ချစ်မြတ်နိုးကြကုန်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၁)


၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 25 October 2016 (၈၇၂၅)


# မြန်မာနိုင်ငံနှင့် IFC အဖွဲ့တို့ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား International Finance Corporation (IFC)၏ အမှုဆောင်အရာရှိချုပ်နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ ဒုတိယအမှုဆောင်ဥက္ကဋ္ဌဖြစ်သူ Mr. Philippe H.Le Houerou နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် IFC အဖွဲ့မှ မြန်မာနိုင်ငံ၏ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတို့တွင် အကူအညီပေးနေသည့် အခြေအနေနှင့် ပေးရန်ရှိသည့်ကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးကိစ္စရပ်များအပါအဝင် မြန်မာနိုင်ငံနှင့် IFC အဖွဲ့တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် International Finance Corporation (IFC)၏ အမှုဆောင်အရာရှိချုပ်နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ ဒုတိယအမှုဆောင်ဥက္ကဋ္ဌ Mr. Philippe H.Le Houerou နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ရန်ကုန်မိုးလေဝသတိုင်းတာရေးရေဒါစခန်း လွှဲပြောင်းပေးအပ်

## မိုးလေဝသကြိုတင်သတိပေးချက်များ ထိရောက်စွာ ထုတ်ပြန်နိုင်တော့မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ဂျပန်နိုင်ငံ၏အကူအညီဖြင့် တည်ဆောက်ခဲ့သည့် ရန်ကုန်မိုးလေဝသတိုင်းတာရေးရေဒါစခန်းမှာ ပြီးစီးခဲ့ပြီဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပခဲ့သည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**







# ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ယခင်နှစ်ထက် အလှူငွေများ ပိုမိုရရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲဟုခေါ်သည့် တောင်ဖွင့်ပွဲကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပခဲ့ရာ ယခင်နှစ်က ဘက်စုံအလှူငွေရရှိမှုမှာ ငွေကျပ် ၂၁၇ သိန်းဖြစ်သော်လည်း ယခုနှစ်တွင် ငွေကျပ် ၈၄၄ သိန်းကျော်ရရှိကြောင်း သိရသည်။

ယခင်နှစ်တွင် အလှူခံဌာနများကို ကန်ထရိုက်ပေးဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်တွင် ဂေါပကအဖွဲ့က အနီးကပ်ကြီးကြပ်ပြီး ဘက်စုံပင်မအလှူခံဌာနတစ်ခုတည်း ဖွင့်လှစ်ကာ အလှူခံဖြတ်ပိုင်းများဖြင့် စနစ်တကျအလှူခံခဲ့ခြင်းကြောင့်လည်းကောင်း၊ အလှူရှင်များက သဒ္ဓါစိတ်များ မြင့်မားထက်သန်စွာ လှူဒါန်းမှုကြောင့်လည်းကောင်း အလှူငွေများ ပိုမိုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျိုက်ထီးရိုးစေတီတော်ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုရားဖူးရဟန်းရှင်လူပြည်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးနိုင်ရေးတို့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူတို့၏ လိုအပ်ချက်များကိုလည်း စိစစ်ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း၊ ကျိုက်ထီးရိုးစေတီတော်ဆိုင်ရာ ဆောင်ရွက်ချက်များကို ပွင့်လင်းမြင်သာစွာဖြင့် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ ရှေ့ဖုံးမှ**

မြန်မာ-ဂျပန် ချစ်ကြည်ရေးအထိမ်းအမှတ်အနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ဆောင်ရွက်ပေးခဲ့သော ရန်ကုန်မိုးလေဝသတိုင်းတာရေး ရေဒါစခန်းမှာ ပြီးစီးသွားပြီဖြစ်၍ မြန်မာနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။ မိုးလေဝသတိုင်းတာရေး ရေဒါစခန်းများကို ကျောက်ဖြူမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တည်ဆောက်ခဲ့ရာ ကျောက်ဖြူမြို့တွင် တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ၂၀၁၅ ခုနှစ်တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ ရန်ကုန်မြို့တွင် တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် မိုးလေဝသတိုင်းတာရေး ရေဒါလွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကာ မန္တလေးမြို့တွင် တည်ဆောက်နေသည့် ရေဒါစခန်းကို လာမည့် ၂၀၁၇ ခုနှစ်တွင် ဆက်လက်လွှဲပြောင်းပေးအပ်မည်ဟု အဆိုပါအခမ်းအနားမှ သိရသည်။ အဆိုပါလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် မိုးလေဝသကြိုတင်သတိပေးချက်များ ထိရောက်စွာထုတ်ပြန်နိုင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများတွင် ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ သိရသည်။

"ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အစီအစဉ်နဲ့ ဂျပန်နိုင်ငံရဲ့ ထောက်ပံ့ငွေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကျောက်ဖြူ ရန်ကုန်၊ မန္တလေး ရေဒါစခန်း သုံးခုနဲ့ အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ အလုံး ၃၀ တပ်ဆင်ဆောင်ရွက်ဖို့အတွက် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၇၃ သန်း ကုန်ကျမယ့် စီမံကိန်းများ ဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်က မိုးလေဝသအခြေအနေတွေကို တိုင်းတာနိုင်ဖို့အတွက် ကျောက်ဖြူမှာ ရေဒါစခန်း ဆောင်ရွက်တာဖြစ်ပြီး ရန်ကုန်မှာ လေကြောင်းပို့ဆောင်ရေး အထောက်အပံ့လေကြောင်းမိုးလေဝသဟာလည်း အရေးပါတဲ့အတွက် တည်ဆောက်တာ ဖြစ်ပါတယ်။ မန္တလေးမှာကတော့ အလယ်ပိုင်း မိုးနည်းဒေသရဲ့ မိုးလေဝသဖြစ်စဉ်တွေကို တိုင်းတာခန့်မှန်းပေးနိုင်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီရေဒါစခန်းတွေ မသက်ရောက်နိုင်တဲ့ ဒေသတွေကိုတော့ အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ အလုံး ၃၀ ကို တည်ဆောက်ပြီးဖြစ်ပါတယ်"ဟု ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အောက်မြန်မာပြည်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောက်ဖြူ မိုးလေဝသတိုင်းတာရေး ရေဒါစခန်းသည် မီတာ ၄၀ အမြင့်ရှိကြောင်း၊ ရန်ကုန်ရေဒါစခန်းသည် မီတာ ၇၀ အမြင့်ရှိ အဆောက်အအုံတစ်ခုဖြစ်ကြောင်း သိရသည်။ မန္တလေးမြို့တွင် တည်ဆောက်နေသည့် ရေဒါစခန်းမှာ မီတာ ၅၀ အမြင့်ရှိကြောင်း သိရသည်။ ရေဒါစခန်းသည် မိုးလေဝသအခြေအနေ အချက်အလက်များကို ဖမ်းယူနိုင်စွမ်းသည် အချင်းကီလိုမီတာ ၉၀၀(မိုင် ၅၀၀)ခန့်ရှိပြီး ကျန်အခြားသော ဒေသများတွင်လည်း အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ အလုံး ၃၀ ကိုလည်း တည်ဆောက်ပြီးဖြစ်သဖြင့် စီမံကိန်းအားလုံး ပြီးစီးသွားပါက မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေ၊ မိုးရွာသွန်းနိုင်မှုအခြေအနေ၊ မိုးရေချိန်ရရှိမှုအခြေအနေ၊ လေပြင်းတိုက်ခတ်နိုင်မှုအခြေအနေစသည့် မိုးလေဝသအခြေအနေများကို ကြိုတင်သတိပေးချက်များ ထိရောက်စွာထုတ်ပြန်နိုင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(ဆုနှင်းလဲ့ )**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် ညစာစားပွဲ တက်ရောက်စဉ်။** (သတင်းစဉ်)

# (၇၁) ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် ညစာစားပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

(၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်ညစာစားပွဲကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ၌ ယနေ့ ညနေ ၆ နာရီက ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာ လော့ဒ်ဒက်ဆဲလ် လီယန်က အမှာစကားပြောကြားကာ ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များကို ဗီဒီယိုမှတ်တမ်းဖြင့် ပြသသည်။

အဆိုပါညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီး၊ သံရုံးအကြီးအကဲများနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# SME ချေးငွေပံ့ပိုးရေးအစီအစဉ်အတွက် လက်မှတ်ရေးထိုးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ သမဝါယမဘဏ် (CB Bank) အမှုဆောင် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးကျော်လင်းနှင့် ဂျာမနီနိုင်ငံမှ KfW ဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms.Eva Schneider တို့သည် မြန်မာနိုင်ငံ၏ SME လုပ်ငန်းများ ချေးငွေထောက်ပံ့မည့် အစီအစဉ်အတွက် သဘောတူစာချုပ်စာတမ်းများကို ဆူးလေရှန်ဂရီလာဟိုတယ်၌ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပသည်။




အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး Mr. Christian-Ludwig Weber-Lortsch၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အခြားတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဘဏ္ဍာရေးဆိုင်ရာ ပေါင်းစည်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ SME လုပ်ငန်းများအနေဖြင့် ယခင်ထက် ပိုမို၍ ချေးငွေရရှိမှု အဆင်ပြေစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ SME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည်အတွက် အလုပ်အကိုင်အခွင့်အလမ်း များပြားအောင် ဖန်တီးပေးနိုင်ပြီး နိုင်ငံစီးပွားရေး ပိုမိုတိုးတက်အောင်လည်း ပံ့ပိုးပေးလျက်ရှိသည်။ KfW ဖွံ့ဖြိုးရေးဘဏ်သည် ဂျာမနီနိုင်ငံတွင် SME လုပ်ငန်းများအား ဘဏ္ဍာရေး ထောက်ပံ့သည့် ဘဏ်ဖြစ်သလို CB ဘဏ်သည်လည်း မြန်မာနိုင်ငံတွင် SME လုပ်ငန်းများကို ဘဏ္ဍာရေး ပံ့ပိုးမှု အမျိုးအစားစုံလင်စွာဖြင့် အစဉ်တစိုက် ဝန်ဆောင်မှုပေးနေသည့် ဘဏ်ဖြစ်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် KfW တို့ပူးပေါင်း၍ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**



**ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒေသခံ တိုင်းရင်းသားတောင်သူများ မိုးစပါးအချိန်မီ ရိတ်သိမ်းရန် 4GL စပါးရိတ်စက်များကို စက်မှုလယ်ယာဦးစီးဌာန ပင်မပစ္စည်းသိုလှောင်ရုံ(က) ကျိုက္ကလို့မှ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပေးပို့ရန် စီစဉ်ထားရှိသည်ကို တွေ့ရစဉ်။**

(ဌေးကြိုင်)

# လူထုထောက်ခံမှုပိုမိုရရှိနေသည့် ကလင်တန်

**နယူးယောက် အောက်တိုဘာ ၂၄**
ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်သည် အေဘီစီသတင်းဌာနက ပြုလုပ်သည့် လူထုသဘောထား စစ်တမ်းတွင် ပြိုင်ဘက်ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်ထက် ၁၂ မှတ်အသာဖြင့် ဦးဆောင်နေသည်ဟု သိရသည်။

ယခုကောက်ယူခဲ့သည့် သဘောထားစစ်တမ်းသည် လွန်ခဲ့သည့် သီတင်းပတ်တွင်ပြုလုပ်သည့် သမ္မတလောင်းများ၏ နောက်ဆုံးစကားစစ်ထိုးပွဲအပြီးတွင် ကောက်ယူခဲ့ပြီး တနင်္ဂနွေနေ့တွင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

သဘောထားစစ်တမ်းရလဒ်တွင် ကလင်တန်ကို ထောက်ခံမှု ၅၃ ရာခိုင်နှုန်းရှိခဲ့ပြီး အေဘီစီသတင်းဌာနက ယခင်ပြုလုပ်ခဲ့သည့် စစ်တမ်းထက် သုံးရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ ထရန့်ကို ထောက်ခံမှုမှာ ငါးမှတ်လျော့ကျသွားပြီး ၄၁ ရာခိုင်နှုန်းသာရှိခဲ့သည်။

လူ ၆၀ ရာခိုင်နှုန်းကျော်က ထရန့်၏ အမျိုးသမီးများအပေါ် ပြုမူဆက်ဆံပုံများကို သဘောမကျသောကြောင့် မထောက်ခံရခြင်းဖြစ်သည်ဟု တုံ့ပြန်ကြသကဲ့သို့ ၎င်း၏ ရွေးကောက်ပွဲရလဒ်ကို လက်မခံနိုင်ဟုဆိုသည့် မှတ်ချက်စကားများကြောင့်လည်း ထောက်ခံမှုလျော့နည်းရခြင်းဖြစ်သည်။



"ကလင်တန်ဟာ အမေရိကန်သမ္မတဟောင်းတစ်ယောက်ရဲ့ မားမားမတ်မတ် ထောက်ခံမှုရရှိနေတယ်။ အဲဒါ သူ့ခင်ပွန်းပါပဲ။ နောက်ပြီး လက်ရှိအမေရိကန်သမ္မတနဲ့သမ္မတကတော်၊ ဒုတိယသမ္မတ အပါအဝင် နိုင်ငံရေးနယ်ပယ်မှာ အထင်ကရ လူပုဂ္ဂိုလ်တော်တော်များများကလည်း ကလင်တန်ကို ထောက်ခံထားကြပါတယ်။ ဒီအချက်တွေက ကလင်တန်အတွက် မျှော်လင့်ခွင့်ပိုကောင်းနေပါတယ်" ဟု ထရန့်၏ မဲဆွယ်စည်းရုံးရေးမန်နေဂျာ ကယ်လီယယ်ကွန်းဝေးက ပြောကြားသွားသည်။

**အင်န်အိတ်ချ်ကေ။**

# မိုဆူးမြို့တိုက်ပွဲတွင် တူရကီတပ်ဖွဲ့များ ပါဝင်တိုက်ခိုက်ခြင်းမရှိဟု အီရတ်ပြောကြား

**ဘဂ္ဂဒက် အောက်တိုဘာ ၂၄**
အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့ သိမ်းယူထားသော မိုဆူးမြို့အား တိုက်ခိုက်နေသည့် တိုက်ပွဲတွင် တူရကီတပ်ဖွဲ့များ ပါဝင်တိုက်ခိုက်ခြင်းမရှိကြောင်း အီရတ်ပူးတွဲစစ်ဦးစီးဌာနချုပ် (ဂျေအိုစီ)က အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

မိုဆူးမြို့ လွတ်မြောက်ရေးအတွက် တိုက်ပွဲဖြစ်ပွားရာတွင် မည်သည့်တူရကီတပ်ဖွဲ့ဝင်မျှ ပါဝင်တိုက်ခိုက်နေခြင်းမရှိကြောင်း အီရတ် ပူးတွဲစစ်ဆင်ရေးဌာနချုပ် (ဂျေအိုစီ)က ငြင်းဆိုခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ရာဟဟာရာဆူလ်က ကြေညာချက်ထုတ်ပြန်သည်။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် အိုင်အက်စ်တို့အား တိုက်ခိုက်နေသည့် ကာ့ဒ်ပက်ရှ်မာဂါ လက်နက်ကိုင်တပ်ဖွဲ့များအား တူရကီက အမြောက်များဖြင့် ပစ်ကူပေးခဲ့ကြောင်း တူရကီဝန်ကြီးချုပ်က အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားခဲ့ပြီးနောက် အီရတ်စစ်ဘက်မှ အဆိုပါ ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ကာ့ဒ်လက်နက်ကိုင်အဖွဲ့ဖြစ်သော ပက်ရှ်မာဂါတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ မြောက်ပိုင်း ဘာရှ်ကာမြို့အနီး၌ အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်လျက်ရှိသည်။



ဘာရှ်ကာဒေသတွင်း အိုင်အက်စ်တို့အား ရှင်းလင်းတိုက်ခိုက်နေသည့် ပက်ရှ်မာဂါတပ်ဖွဲ့ဝင်များက ဘာရှ်ကာမြို့ အခြေစိုက်စခန်းမှ တူရကီတပ်ဖွဲ့များအား အကူအညီတောင်းခံသဖြင့် ယင်းစခန်းမှ တူရကီတင့်ကားများနှင့် အမြောက်တပ်ဖွဲ့မှ ဟောင်ဝစ်ဇာ အမြောက်များဖြင့် ကူညီပစ်ခတ်ပေးခဲ့ကြောင်း တူရကီဝန်ကြီးချုပ်က ပြောကြားသည်။

မိုဆူးမြို့လွတ်မြောက်ရေးအတွက် စစ်ဆင်တိုက်ခိုက်မှုများတွင် ပါဝင်ရန် အီရတ်နှင့် တူရကီနှစ်နိုင်ငံအကြား သဘောတူညီထားမှုမရှိကြောင်း အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါ အယ်လ် အဘာဒီက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကန်ကာတာနှင့် ဘဂ္ဂဒက်တွင် တွေ့ဆုံဆွေးနွေးမှုအပြီး၌ ထုတ်ပြန်သော အီရတ်ဝန်ကြီးချုပ်၏ ကြေညာချက်တွင် ယင်းသို့ ဖော်ပြခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# ပြင်သစ်မြောက်ပိုင်းရှိ ဒုက္ခသည်စခန်းကို ဖျက်သိမ်းရန် ရဲတပ်ဖွဲ့ဝင် ၁၂၀၀ ကျော် စစ်ဆင်ရေးစတင်

**ပါရီ အောက်တိုဘာ ၂၄**
ပြင်သစ်နိုင်ငံမြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ "တောတွင်းစခန်း"ဟု အမည်ပြောင်ပေးထားသော ဒုက္ခသည်စခန်းတစ်ခုကို ရဲတပ်ဖွဲ့ဝင် ၁၂၀၀ ကျော်က အောက်တိုဘာ ၂၄ ရက်တွင် စစ်ဆင်ရေးဆင်နွှဲကာ စတင်ရှင်းလင်းကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ကာလိစ်မြို့ရှိ ဒုက္ခသည်စခန်းမှ ထောင်ပေါင်းများစွာသော ဒုက္ခသည်များကို ရွှေ့ပြောင်းနိုင်ရန် ရက်သတ္တတစ်ပတ်ကြာမြင့်မည့် စစ်ဆင်ရေးလုပ်ငန်းကို စတင်ခဲ့ပြီဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခဲ့ပြီးနောက် ဘတ်စ်ကားများပေါ်သို့ ဒုက္ခသည်များကို တက်ရောက်စေပြီး ဒေသစံတော်ချိန် နံနက် ၈ နာရီမှစ၍ ရွှေ့ပြောင်းထွက်ခွာစေသည်။

သမ္မတ ဖရန်ဆွာဟော်လန်း၏ ညွှန်ကြားချက်အရ ယင်းဒုက္ခသည်စခန်းကို ဖျက်သိမ်းမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ ဒုက္ခသည်စခန်း ၄၅၀ သို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။ ကာလိစ်ဒုက္ခသည်စခန်း၌ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်သူ ၇၀၀၀ ထက်မနည်း နေထိုင်ခဲ့သည်။

**ရိုက်တာ။**



# နော်ဝေနိုင်ငံမှ ကမ္ဘာ့ရှေးအကျဆုံး ရွက်လွှင့်သင်္ဘော သီရိလင်္ကာနိုင်ငံသို့ ဆိုက်ရောက်

**ကိုလံဘို အောက်တိုဘာ ၂၄**
နော်ဝေနိုင်ငံမှ ကမ္ဘာ့ရှေးအကျဆုံး ရွက်လွှင့်သင်္ဘော SS Sorlandet ရွက်သင်္ဘောမှာ နှစ်နှစ်ကြာ ကမ္ဘာပတ်ရေကြောင်းသွားလာမှုအစီအစဉ်အဖြစ် သီရိလင်္ကာနိုင်ငံမြို့တော်သို့ ဆိုက်ရောက်လာခဲ့ကြောင်း ကိုလံဘိုရှိ နော်ဝေသံရုံးက ပြောကြားသည်။

အဆိုပါ ရွက်လွှင့်သင်္ဘောပေါ်၌ နော်ဝေနှင့် နိုင်ငံတကာမှ အထက်တန်းကျောင်းသား ၇၀ ခန့်ပါရှိပြီး ကိုလံဘို၌ရှိနေစဉ်အတွင်း သီရိလင်္ကာ ရေကြောင်းတက္ကသိုလ်မှ ကျောင်းသားများနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ SS Sorlandet ရွက်သင်္ဘောမှာ တော်ဝင်နော်ဝေသံရုံးမှ စီစဉ်ဆောင်ရွက်သော လှုပ်ရှားမှုများ၏ တစ်စိတ်တစ်ဒေသဖြစ်လာမည်ဖြစ်သည်။ "နော်ဝေပုလဲ"ဟု အမည်ပြောင်ပေးထားသော ယင်းရွက်လွှင့်သင်္ဘောမှာ ၂၇ ကြိမ်ရွက်လွှင့်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ သမုဒ္ဒရာများအတွင်း နှစ်ပေါင်း ၉၀ ခန့် ရွက်လွှင့်ခဲ့ကာ ရွက်လွှင့်မှုအကြိမ်အများစုမှာ လေ့ကျင့်ရေးသင်္ဘောအနေဖြင့် ကျောင်းသား ကျောင်းသူများနှင့် ဗိုလ်လောင်းများကို အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်ပေးခြင်းဖြစ်သည်။

SS Sorlandet ရွက်သင်္ဘောကို ဒုတိယကမ္ဘာစစ်အတွင်းက အကျဉ်းထောင်သင်္ဘောတစ်ခုအဖြစ် အသုံးပြုခဲ့ကြောင်း နော်ဝေသံရုံးက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ယင်းသင်္ဘော၏ သီရိလင်္ကာခရီးစဉ်မှာ အောက်တိုဘာ ၃၀ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး မော်လ်ဒိုက်နိုင်ငံသို့ ဆက်လက်ရွက်လွှင့်မည်ကြောင်း သိရသည်။

**ဆင်ဟွာ။**

# မြောက်ကိုရီးယား၏ နျူကလီးယား စွမ်းပကားကို တုံ့ပြန်နိုင်ရေး ကာကွယ်ရေးဘတ်ဂျက်မြှင့်တင်ရန် သမ္မတပတ်ဂွန်ဟေး တိုက်တွန်း

**ဆိုးလ် အောက်တိုဘာ ၂၄**
မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား စွမ်းပကား တိုးတက်လာနေမှုကို တုံ့ပြန်နိုင်ရေးအတွက် မိမိနိုင်ငံ၏ ကာကွယ်ရေး ဘတ်ဂျက်ကိုမြှင့်တင်ရန် အရေးတကြီးလုပ်ဆောင်ရမည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတပတ်ဂွန်ဟေးက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားလိုက်သည်။

၂၀၁၇ ခုနှစ် ဘတ်ဂျက်အစီအစဉ်နှင့်ပတ်သက်၍ ပါလီမန်တွင် မိန့်ခွန်းပြောကြားရာ၌ တောင်ကိုရီးယားသမ္မတက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် နှောင်းပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်အဖြစ် ကင်ဂျုံအန် တာဝန်ယူချိန်နောက်ပိုင်း အဏုမြူဗုံးစမ်းသပ်မှု သုံးကြိမ်ပြုလုပ်ခဲ့ပြီး နျူကလီးယားလက်နက် ထုတ်လုပ်နိုင်သည့်အဆင့်သို့ တက်လှမ်းရန် တာစူနေကြောင်း၊ မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှု ဘေးအန္တရာယ်ကို တုံ့ပြန်နိုင်ရေးအတွက် ကာကွယ်ရေးစွမ်းပကားများ မြှင့်တင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သမ္မတပတ်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် စက်တင်ဘာ ၉ ရက်တွင် ပဉ္စမအကြိမ် နျူကလီးယား ဖောက်ခွဲစမ်းသပ်ခဲ့ပြီးနောက် ကိုရီးယား ကျွန်းဆွယ်တွင် တင်းမာမှုမြင့်မားလာခဲ့သည်။ ပဲ့ထိန်းဒုံးကျည်တွင် တပ်ဆင်နိုင်သော နျူကလီးယား ထိပ်ဖူးတစ်လုံးကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်ဟု မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒုံးကျည်ကာကွယ်ရေးနှင့် ကြိုတင်လက်ဦးမှုယူ တိုက်ခိုက်နိုင်သည့် စနစ်သုံးခုကို ယခင်သတ်မှတ်ခဲ့သည့် ကာလထက်စောကာ တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် တောင်ကိုရီးယားအစိုးရနှင့် အာဏာရပါတီတို့က လွန်ခဲ့သည့် ရက်သတ္တပတ်တွင် သဘောတူညီခဲ့ကြသည်။

**ဆင်ဟွာ။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကိုယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၇၀ မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး လစ်လပ်မဲဆန္ဒနယ် ၁၈ နေရာရှိသော်လည်း ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်သွား၍ ယင်းမဲဆန္ဒနယ်တွင်လည်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လစ်လပ်မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းနိုင်ရေး ကြိုတင်ပြင်ဆင်နိုင်ရန် အမည်စာရင်းတင်သွင်းခြင်းနှင့် စပ်လျဉ်းသည့်အချိန်ဇယား calendar ကိုလည်း သတင်းစာများတွင် ဆောလျင်စွာ ထုတ်ပြန်ပေးပြီးဖြစ်ကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက်လည်း လစ်လပ်မဲဆန္ဒနယ်များတွင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများအနေဖြင့် Door to Door စိစစ်ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် မိမိတို့၏ မဲဆန္ဒရှင်များမှ ပူးပေါင်းဆောင်ရွက်ရေးကို တိုက်တွန်းဆောင်ရွက်ပေးစေလိုကြောင်း။

မဲဆွယ်စည်းရုံးရေး ကာလတွင် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် နိုင်ငံရေးပါတီများ ပူးပေါင်းပါဝင်ရေးဆွဲခဲ့သည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များအပေါ် လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို စောင့်ကြည့်ရန်အတွက် ကျင့်ဝတ်လေ့လာ စောင့်ကြည့်ရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်း/ ပြည်ပ စောင့်ကြည့်လေ့လာရေးအဖွဲ့များကို ခွင့်ပြုသွားမည်ဖြစ်ပြီး လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ပြည်သူ့ဆန္ဒနှင့်အညီ ဖြစ်သည့် ရွေးကောက်ပွဲဖြစ်အောင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံရေးပါတီများ လိုက်နာရမည့် ကျင့်ဝတ်များနှင့်အညီ ယှဉ်ပြိုင်နိုင်ရေး စီမံဆောင်ရွက်သွားကြရန်နှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်နှင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

အဆိုပါအကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းပြုစုကြေညာခြင်း၊ ကြိုတင်မဲပေးခြင်း၊ မဲရုံကိစ္စရပ်များ၊ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ ဆောင်ရွက်မှု အားနည်းချက်များ စသည့်ကိစ္စရပ်များအပေါ် ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်အနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နေရကြောင်း၊ အတွေ့အကြုံအရ ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံဝန်ထမ်းများအနေဖြင့် ညွှန်ကြားချက်များအပေါ် နားလည်မှုလွဲမှားပြီး အားနည်းချက်များရှိခဲ့ကြောင်း၊ အောက်ခြေအထိ ညွှန်ကြားချက်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းစဉ်ကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။ **(သတင်းစဉ်)**

# အဆင့်မြင့်ပညာကဏ္ဍတွင် လုပ်သားဈေးကွက်လိုအပ်ချက်အရ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များဖြစ်လာစေရန် သင်ကြားသင်ယူပေးရမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၄**

သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှုသည် တက္ကသိုလ်များ၏ အသက်သွေးကြောဖြစ်သည့်အတွက် တက္ကသိုလ်များ၌ သုတေသနလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားနိုင်ရန်အတွက် အခြေခံပညာသင်ယူပြီးမြောက်မှုနှုန်း မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာသင်ယူမှုအခွင့်အလမ်းမြင့်မားအောင် တိုးမြှင့်ဆောင်ရွက်ပေးရမည့်နည်းတူ ပညာရေး အရည်အသွေးမြင့်မားအောင် ဦးတည် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများကို လက်တွေ့ဘဝနှင့် လိုက်လျောညီထွေဖြစ်သော သင်ကြားရေးအစီအစဉ်များဖြင့် လုပ်သားဈေးကွက်လိုအပ်ချက်အရ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်များဖြစ်လာစေရန် သင်ကြားသင်ယူပေးရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။



ဆက်လက်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များရှိ ဆရာဆရာမများ၏ စွမ်းဆောင်ရည်မြင့်မားရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် လေ့လာဆန်းစစ် အကဲဖြတ်လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုချင်းစီ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားရေးအစီအစဉ် အကဲဖြတ်အစီရင်ခံစာများကို ပြုစုတင်ပြရမည်ဖြစ်ပါကြောင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ပေါ်စေရန်အတွက် နောက်လိုက်ကောင်းများဖြစ်အောင် သင်ကြား လေ့ကျင့်ပေးကြရမည်ဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်အမှတ်(၄) ဖြစ်သည့် ပညာရေးရည်မှန်းချက်ကို ဦးတည် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း စသည်ဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသောပညာရေးဝန်ကြီးဌာနတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲရေး မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနား၌ ပြောကြားပို့ချရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်က နိုင်ငံတော်က ပညာရေးအတွက် အားထည့်ဆောင်ရွက်နေချိန်တွင် ပညာရေးဝန်ထမ်းများအနေဖြင့် လက်ရှိအခြေအနေထက် အရှိန်အဟုန်မြှင့်တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့လူငယ်များကို အနာဂတ်နိုင်ငံတော်အတွက် ရည်မှန်းပြီး သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် သင်ကြားပို့ချပေးလျက်ရှိသော ဘာသာရပ်များသည် လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်း မည်မျှရရှိအောင် မည်သို့ချိတ်ဆက်ပေးနိုင်သည်ကို ဆန်းစစ်ကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲရေးမွမ်းမံသင်တန်းကို ဆက်လက်ဆောင်ရွက်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်က အမျိုးသားပညာရေးမူဝါဒကော်မရှင် မိတ်ဆက်ခြင်းကိုလည်းကောင်း ဆွေးနွေးပို့ချကြသည်။

အဆိုပါပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲရေး မွမ်းမံသင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့မှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် အောက်တိုဘာ ၂၄**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်လတ်ကို စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဒေါက်တာဒေါ်ကေသီလွင် | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(သန်လျင်) ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာဒေါ်သီဂီ | ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာကြည်စိုး | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မှော်ဘီ) ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာမောင်မောင်လတ် | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(တောင်ငူ) ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာညွန့်စိုး | ပါမောက္ခချုပ် ပြည်နည်းပညာတက္ကသိုလ် ပညာရေးဝန်ကြီးဌာန |
| (စ) ဒေါက်တာကြည်သွင် | ပါမောက္ခချုပ် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ပညာရေးဝန်ကြီးဌာန |
| (ဆ) ဒေါက်တာဒေါ်စန်းစန်းရီ | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(တောင်ကြီး) ပညာရေးဝန်ကြီးဌာန |
| (ဇ) ဒေါက်တာဆင့်စိုး | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မန္တလေး) ပညာရေးဝန်ကြီးဌာန |
| (ဈ) ဒေါက်တာမြင့်သိန်း | ပါမောက္ခချုပ် မန္တလေးနည်းပညာတက္ကသိုလ် ပညာရေးဝန်ကြီးဌာန |
| (ည) ဒေါက်တာဒေါ်ဝင်းအေး | ပါမောက္ခချုပ် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပညာရေးဝန်ကြီးဌာန |
| (ဋ) ဒေါက်တာဒေါ်စောစန္ဒာအေး | ပါမောက္ခချုပ် သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပညာရေးဝန်ကြီးဌာန |
| (ဌ) ဒေါက်တာဒေါ်မိုးပွင့် | ပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ် ပညာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးဇော်အောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေး ဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (ခ) ပါမောက္ခ ဒေါက်တာထင်ဇော်စိုး ပါမောက္ခ/ဌာနမှူး ကွင်းဆင်းဌာန အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ် အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

# ပြည်မြန်မာအတွက် ရွှေပြာ

## ဟိန်းလတ်

ကျွန်တော်လွန်ခဲ့သော လေးနှစ်လောက်က အစ္စရေးနိုင်ငံ ဂိုလ်ဒါမေယာတက္ကသိုလ်မှာ "အပြောင်းအလဲအတွက် မီဒီယာ မဟာဗျူဟာများ"ဆိုတဲ့ သင်တန်းတက်ခဲ့ရတယ်။ ကျွန်တော်ရောက်သွားတဲ့အချိန်က မေလလောက်ဆိုတော့ တော်တော်ပူတယ်။ အစ္စရေးနိုင်ငံ ဆိုတာကလည်း နိုင်ငံရဲ့တစ်ဝက်လောက်နီးပါးက သဲကန္တာရမို့ ပိုပူတာပေါ့။ ကျွန်တော် တည်းခိုရမယ့်အဆောင်က ကိုယ့်အခန်း ရောက်ရောက်ချင်း ရေချိုးခန်းထဲ တန်းဝင်မိတယ်။ ပြီးတော့ ရေဇလုံမှာ ရေအေးနဲ့ စိမ်ပြေနပြေ ရေချိုးဇိမ်ခံနေမိတယ်။ ဘယ်လောက်ကြာသွားတယ်မသိ၊ ရေချိုးခန်းထဲက ဖုန်းမြည်လာမှ ကောက်ကိုင်လိုက်မိတယ်။ ဘယ်ကဖုန်းမှန်းမသိ ကောက်ကိုင်လိုက်တော့ တစ်ဖက်က ပြောသံကြားရတယ်။

"လူကြီးမင်းရေချိုးတာက လူတစ်ယောက်ရေချိုးတာမျိုးမဟုတ်ဘဲ နွားတစ်ကောင်ရေချိုးသလိုဖြစ်နေလို့ အခုရပ်လိုက်ပါတော့။ နောက်နေ့ဆိုရင် ရေပိုသုံးတဲ့အတွက် ဒဏ်ကြေးငွေပေးရလိမ့်မယ်"တဲ့။

ကျွန်တော်လည်း ရှက်ရှက်နဲ့ ရေချိုးတာရပ်လိုက်တယ်။ နောက်မှသိရတာက အစ္စရေးဟာ ရေခြိုးခြံတဲ့နိုင်ငံဆိုတာပါပဲ။ အိမ်တိုင်းမှာ ရေမီတာတပ်ထားတယ်။

> **ရေနံကို "ရွှေမည်း"၊ ရော်ဘာကို "ရွှေဖြူ"လို့ခေါ်နေကြရာကနေ အခုရေကိုပါ "ရွှေပြာ" (Blue Gold) လို့တင်စား ခေါ်ဝေါ်တန်ဖိုးထားနေတဲ့ ကာလတစ်ခုရောက်နေပါပြီ။ ကျွန်တော်တို့မြန်မာပြည်မှာလည်း မကြာခင်နှစ်ကာလ အနည်းငယ်အတွင်း ရင်ဆိုင်ကျော်လွှားရမယ့် ရေပြဿနာကို အခုကတည်းက စဉ်းစားတွေးတောလုပ်ဆောင်ကြရမယ့် အချိန်ကိုရောက်နေပါပြီ။ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ပန်းတိုင်ရောက်ရှိဖို့အတွက် ဘေးကင်းစိတ်ချရတဲ့ အဆင့်မြင့် ရေအရင်းအမြစ်ရေရှည်ရရှိဖို့က အခြေခံကျနေပါတယ်။ ဒါတွေအတွက် ပထမဆုံး လုပ်ဆောင်ရမှာကတော့ ရေအရင်းအမြစ်ဘက်စုံစီမံမယ့် "ရေဥပဒေ"ရယ်၊ ရေခွဲဝေမှုစနစ် တရားမျှတဖို့ "အမျိုးသားရေအရင်းအမြစ်ကော်မတီ" ဖွဲ့စည်းပေါ်ထွန်းလာဖို့ရယ်ပါပဲ။**

ရေဖိုးကို လူတိုင်းပေးရတယ်။ ရေဖိုးက လျှပ်စစ်မီတာခထက်ပိုဈေးကြီးတယ်။ ဒါကြောင့် လူတွေက ပိုက်ဆံကုန်မှာစိုးလို့ ရေကိုလျှော့သုံးကြတယ်။ ဒါဟာလည်း နိုင်ငံအတွက် ရေခြိုးခြံမှုတစ်မျိုးပေပဲ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို စာရေးဆရာကိုယ်စားလှယ်အဖွဲ့ဝင်အနေနဲ့ရော၊ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်အနေနဲ့ပါ ကျွန်တော်အကြိမ်ကြိမ်ရောက်ဖူးတယ်။ တစ်ခါတလေကျတော့ တက္ကသိုလ်က အဆောင်တွေမှာ တည်းခိုရတယ်။ ယူနန်ပြည်နယ် ကူမင်းတက္ကသိုလ်မှာ တည်းခိုရတဲ့အခါ ထူးဆန်းတာတစ်ခုသွားတွေ့တယ်။ အဲဒီမှာ ကျောင်းသား ကျောင်းသူတွေကို အိမ်သာတက်တဲ့အခါ ရေသုံးဖို့ ကတ်ပြားတွေပေးထားတာပဲ။ တစ်ယောက်ကို ရေဂါလန် ၆၅၀ ပဲ ရေဆွဲအိမ်သာမှာ ရေဆွဲချခွင့် ကတ်ပြားပေးထားတယ်။ အဲဒီသတ်မှတ်ချက်ထက်ကျော်ရင် ကိုယ့်ကတ်ပြားကို ငွေဖြည့်ရတယ်။ ယူနန်ပြည်နယ်ဟာ မိုးနည်းတဲ့ပြဿနာကို မကြာမီနှစ်တွေက ကြုံခဲ့ရတယ်။ လာမယ့် ၁၀နှစ်အတွင်းမှာ ရာသီဥတုပိုပူလာပြီး ရေပိုရှားမှာစိုးလို့ အခုကတည်းက ရေချွေတာ သုံးစွဲနေတာလို့ သိရတယ်။ ကူမင်းမြို့က အိမ်ရှင်တွေက အိမ်အပြင်ဘက်က ရေပိုက်ခေါင်းတွေကိုသုံးပြီးရင် သံသေတ္တာတွေနဲ့အုပ်ပြီး သော့ခတ်ထားကြတယ်။ ရေသူခိုးရန်က ကာကွယ်တာတဲ့။

လူသားတွေအတွက် အသက်ရှင်မှုထက်ပိုပြီး အခြေခံကျတဲ့ လိုအပ်ချက်မရှိပါဘူး။ အဲဒီလိုပဲ အသက်ရှင်မှုမှာလည်း ရေဟာအရေးအကြီးဆုံးနဲ့ အခြေခံအကျဆုံးလိုအပ်ချက်ပါပဲ။ ဒါကြောင့်လည်း ၂၁ ရာစုရဲ့ တန်ဖိုးအရှိဆုံးနဲ့ အရှားပါးဆုံး သယံဇာတဟာ ရေပဲလို့ပြောနေကြတာပေါ့။ ရေဟာ လူသားထုတစ်ရပ်လုံးအတွက် အသက်အာမခံ ဘုံပိုင်ပစ္စည်း ဖြစ်ပါတယ်။ ဒါကြောင့် ရေကိုရယူသုံးစွဲပိုင်ခွင့်ဟာ လူသားတစ်ဦးချင်းနဲ့ အစုအဖွဲ့တိုင်းရဲ့ ရှောင်လွှဲလို့မရတဲ့ အခွင့်အရေးပဲ။ ဒါပေမယ့် ဒီကမ္ဘာမှာရေဟာ တစ်နှစ်ထက်တစ်နှစ် ရှားပါးသည်ထက် ရှားပါးလို့လာနေပြီ။ ကမ္ဘာ့လူဦးရေရဲ့ နှစ်ဆယ် ရာခိုင်နှုန်းဖြစ်တဲ့ လူဦးရေသန်း ၁၅၀၀ ဟာ ကမ္ဘာ့ရေအကျပ်အတည်းရဲ့ သားကောင်ဖြစ်နေပြီ။ ဒီအတိုင်းသာ ရေကိုဂရုမပြုဘဲ ပစ်စလက်ခတ်သုံးစွဲနေကြရင် နောက်ထပ် ဆယ်နှစ်၊ နှစ်နှစ်ဆယ်မှာ လူတွေသန်းနဲ့ချီပြီး ရေအငတ်ဒဏ်နဲ့အသေခံကြရတော့မှာ သေချာနေပြီပဲ။

ကမ္ဘာနဲ့ချီပြီး ရေအကျပ်အတည်းဖြစ်စေမယ့် အဓိကပြဿနာက ငါးချက်ရှိတယ်။

ပထမဆုံးအချက်က လူဦးရေ။

ကမ္ဘာ့လူဦးရေက တရိပ်ရိပ်တိုးပွားနေတယ်။ မီးတွင်းထဲမှာ သေဆုံးတဲ့ ကလေးအရေအတွက်က ခေတ်မီတဲ့ ကျန်းမာရေးပြုစုစောင့်ရှောက်မှုတွေကြောင့် အသေအပျောက်နည်းလာနေပြီ။ အစာအာဟာရနဲ့ ဆေးဝါး အကူအမတွေကြောင့် ခုနစ်ဆယ်ကျော် ရှစ်ဆယ် သက်တမ်းရှည်တဲ့ လူတွေလည်း များလာနေပြီ။ လူဦးရေက ဒီအတိုင်းဆို လျှော့စရာအကြောင်းမရှိတော့ဘူး။ လက်ရှိကမ္ဘာ့လူဦးရေက သန်း ၇၀၀၀ ရှိတယ်။ ခရစ်နှစ် ၂၀၅၀ ဆိုရင် လူဦးရေက သန်း ၉၅၀၀ ရှိလာမယ်ဆိုတာ တွက်လို့ရနေပြီ။ ပိုလာတဲ့လူဦးရေသန်း ၂၅၀၀ စားဖို့၊ သောက်ဖို့၊ သုံးဖို့တွေကို ဘယ်လိုဖြေရှင်းပေးနိုင်ကြမှာလဲ။ ကမ္ဘာပေါ်မှာရှိတဲ့ ရေသယံဇာတက ပိုပိုပြီးခန်းခြောက်လာနေပေမယ့် သောက်သုံးမယ့် ပါးစပ်ပေါက်တွေကတော့ တိုးတိုးပြီး များလာနေပြီလေ။

ဒုတိယအချက်ကတော့ လူလတ်တန်းစားတိုးပွားလာတဲ့ကိစ္စ။

ကမ္ဘာ့လူဦးရေတိုးလာသလိုပဲ လူတွေက ပိုမိုချောင်လည်ချမ်းသာလာကြတာတွေ့ရတယ်။ အခုလက်ရှိ ဆင်းရဲတွင်းနွံမှာနစ်နေကြသူတွေထဲက လူသန်းနဲ့ချီပြီး ဆင်းရဲနွံကထွက်ပြီး လူလတ်တန်းစားဘဝကို ရောက်လာကြမယ်။ ၂၀၀၀ ပြည့်နှစ်မှာ လူလတ်တန်းစားက သန်း ၁၄၀၀ ရှိတယ်။ ၂၀၂၀ခုနှစ်မှာ လူလတ်တန်းစား သန်း ၃၂၅၀ ရှိလာလိမ့်မယ်။ ဒါက လူသားအချင်းချင်းကြည့်ရင်တော့ ကောင်းသတင်းပေါ့။ မင်္ဂလာပေါ့။ ဒါပေမယ့် ကမ္ဘာလုံးဆိုင်ရာ ရေအထောက်အပံ့အနေနဲ့ ကြည့်ရင်တော့သတင်းဆိုးပဲ။ သူတို့က တွင်းရေ၊ ကန်ရေကို ခက်ခက်ခဲခဲသုံးစွဲနေရာကနေ ဘုံဘိုင်ရေကို ပိုသုံးလာကြမယ်။ ရေကူးကန်တွေ ပိုရှိလာမယ်။ စိမ်းလန်းတဲ့မြက်ခင်းတွေ၊ ပန်းခြံတွေပိုလာမယ်။ သူတို့ရဲ့အစားအသောက်၊ လူနေမှုပုံစံဟန်ပန်အရလည်း ရေကိုပိုသုံးစွဲလာကြမယ်။ ဆင်းရဲတုန်းက ထမင်းနဲ့ ဟင်းသီးဟင်းရွက်လောက်ပဲ အဓိကထားစားခဲ့ကြတယ်။ လူလတ်တန်းစားဖြစ်လာတော့ အသားစားပိုလာမယ်။ ဥပမာ- အမဲသားပိုစားလာမယ်ဆိုပါစို့။ သားစားနွားတစ်ကောင်ကို မွေးစကနေ သတ်တဲ့အထိ မွေးမြူရတဲ့ကာလမှာ ရေဘယ်လောက်ကုန်မယ်ထင်သလဲ။ အလွယ်ဆုံးမြင်သာထင်သာအောင် ပုံဆောင်ပြမယ်။ နွားတစ်ကောင်မွေးမြူရတဲ့ကာလအတွင်း ကုန်ကျတဲ့ ရေပမာဏက ရေငုပ်သင်္ဘော တစ်စင်း မြုပ်နိုင်တဲ့ရေပမာဏလောက်ကိုရှိတယ်။ အမဲသားတစ်ပေါင်ရဖို့အတွက် မွေးမြူရာမှာ ကုန်တဲ့ရေက ပြောင်းတစ်ပေါင်စိုက်ရတာထက် ရေ ၁၇ ဆပိုကုန်တယ်။

လူလတ်တန်းစားဟာ စားရာမှာတင် ရေပိုကုန်တာမဟုတ်ဘူး။ ကားတွေ၊ လေအေးပေးစက်တွေ၊ ကွန်ပျူတာတွေ သုံးလို့လည်း ရေတွေအများကြီးကုန်နိုင်တာပဲ။ ရေချိုဂါလန် အများကြီးရဖို့အတွက် ကျိုချက်ရတဲ့ လောင်စာဆီက ဂါလန်တွေအများကြီးကုန်တယ်။ အကြီးစားစွမ်းအင်ထုတ်တဲ့စက်ရုံတစ်ခုအတွက် ရေသုံးစွဲမှုက ရေဂါလန် သန်းထောင်နဲ့ချီပြီးရှိတယ်။

တတိယပြဿနာက ရာသီဥတုအပြောင်းအလဲ။

ရာသီဥတုပြောင်းလဲလို့ ကမ္ဘာကြီးပိုမိုပူနွေးလာလို့ ရေကန်၊ ချောင်း၊ မြောင်း၊ မြစ်၊ ပင်လယ်တို့ မျက်နှာပြင်မှာ အငွေ့ပျံမှု ပိုဖြစ်လာမယ်။ အပူချိန်များတဲ့ ဒေသတွေမှာ စိုက်ပျိုးရတာက ရေပိုကုန်တယ်။ မိုးရေတွေလည်း အငွေ့ပျံပြီး အလဟဿဆုံးရှုံးကုန်တယ်။ ကမ္ဘာကြီး တစ်နေ့ထက်တစ်နေ့ ပိုပူလာလေလေ ရေတွေအငွေ့ပျံမှုပိုလာလေဖြစ်ပြီး ရေတွေရှားပါးလာတာပေါ့။

စတုတ္ထပြဿနာကတော့ ရေဆိုးရေညစ်ပြဿနာ။

ရေညစ်ညမ်းမှုဟာ သုံးဖို့စွဲဖို့ ရေလျော့နည်းအောင်လုပ်ခြင်း တစ်မျိုးပဲပေါ့။ လူတွေပိုများလာတဲ့အတွက် ပါးစပ်ပေါက်တွေ ပိုကျွေးရဖို့ သီးနှံစိုက်ပျိုးမှုတွေ ပိုလုပ်ရတယ်။ သီးနှံအထွက်တိုးဖို့အတွက် ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေသုံးရတယ်။ အဲဒီကထွက်တဲ့ရေတွေက မြစ်၊ ချောင်းတွေထဲရောက်သွားတယ်။ ရေထဲကို ဓာတုပစ္စည်းတွေပါ ရောက်လာလို့ ရေပိုညစ်ညမ်းလာတယ်။ အဲဒီညစ်ညမ်းတဲ့ ရေဆိုးရေညစ်တွေက သုံးလို့မရတဲ့အတွက် အလဟဿပြုန်းတီးကုန်တယ်။

ပဉ္စမပြဿနာကတော့ ရေစိမ့်ထွက်မှု။

နိုင်ငံတကာမှာရှိတဲ့ ရေပိုက်လိုင်းတွေက ယိုစိမ့်ထွက်ခြင်းကြောင့် တစ်နေ့တစ်နေ့ ဆုံးရှုံးရတဲ့ရေပမာဏက မနည်းလှဘူး။ လန်ဒန်မြို့မှာ သုံးတဲ့ရေရဲ့ ၃၀ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံ ချီကာဂိုမြို့မှာဆိုရင် သုံးတဲ့ရေရဲ့ ၂၅ ရာခိုင်နှုန်းက စိမ့်ထွက်နေတဲ့ ရေပမာဏပဲ။ အရှေ့အလယ်ပိုင်းနဲ့ အာရှနိုင်ငံတွေဆိုရင် ရေ ၆၀ ရာခိုင်နှုန်းလောက်က စိမ့်ထွက်ပြီး အလေအလွင့်ဖြစ်ကုန်ကြတယ်။ ဆုံးရှုံးမှုတွေကို မျက်စိနဲ့ မမြင်ရဘူး။ ဒါပေမယ့် ပမာဏကတော့ ဧရာမပဲ။

အဲဒီစိန်ခေါ်မှုတွေကို ကျွန်တော်တို့ ရင်ဆိုင်ရမယ်။ ကျော်နင်း ဖြေရှင်းရမယ်။

ရေပမာဏပိုထွက်မလာပေမယ့် ရေသုံးစွဲမှု အဆမတန် ပိုများလာတဲ့ ဒီကမ္ဘာကြီးမှာ ကျွန်တော်တို့ ပထမဆုံးလုပ်ကြရမှာက "ရေအသိ ရေသတိ" ထိန်းသိမ်းစောင့်ရှောက်ရေးပါပဲ။ မိမိရဲ့ ရင်သွေးငယ်လေးတွေကို ငယ်ငယ်ကတည်းကစပြီး အလေ့အကျင့်လုပ်ထားရမယ်။ ထမင်းစားပြီးလက်ဆေးရင် ရေနည်းနည်းနဲ့ ပိုပြီးသန့်သန့်စင်စင် လက်ဆေးတတ်ဖို့၊ ရေချိုးတဲ့အခါမှာလည်း ရေနည်းနည်းနဲ့ ခန္ဓာကိုယ်အနှံ့ သန့်စင်ရေးလုပ်တတ်ဖို့၊ ဆပ်ပြာတိုက်နေတုန်း ရေဘုံဘိုင်ပိတ်တာ၊ သွားတိုက်တုန်း ရေဘုံဘိုင်ခဏလေး ပိတ်ထားတာမျိုးတွေက အစပေါ့။ ရေတစ်စက်ကအစ တန်ဖိုးထားသင့်ပုံတွေကို ကျောင်းမှာ လေ့ကျင့်သင်ကြားပေးရမယ်။

ဒီနေရာမှာ စဉ်းစားတွက်ချက်စရာတချို့လည်း ပြောရဦးမယ်။ လိမ္မော်ရည်၊ အချိုရည်တစ်ခွက်ထုတ်လုပ်ဖို့အတွက် ရေအခွက် ၅၀ လိုတယ်ဆိုတဲ့ အချက်ပဲ။ တကယ်တော့ သောက်စရာ သဘာဝရေကလွဲလို့ ဘယ်လိုအချိုရည်တွေကမှ ဆာလောင်မှုကိုမပြေစေပါဘူး။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို လေးစားတဲ့နိုင်ငံကလူတချို့ဟာဆိုရင် သဘာဝရေထိန်းသိမ်းခြိုးခြံဖို့အတွက် ဘယ်လိုအချိုရည်မှ မသောက်ဘဲနေကြတာမျိုးတွေ တွေ့ရတယ်။ လူတစ်ထောင်လောက်က အမဲသားမစားကြရင် နွားတစ်ကောင်မွေးရ သက်သာသွားမယ်။ နွားတစ်ကောင် မမွေးရရင် ကုန်ကျမယ့်ရေပမာဏ အများကြီးစုဆောင်းမိမယ်ဆိုပြီး အမဲသားရှောင်ပြီး လောကီကုသိုလ်ယူကြတဲ့သူတွေလည်း ရှိသေးတယ်။ မီးချောင်းထွန်းရင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ထွက်မှာစိုးလို့ တစ်နေ့တစ်နာရီ မီးချောင်းပိတ်ပြီးနေတဲ့သူတို့၊ မော်တော်ကားရှိပါလျက်နဲ့ တစ်ပတ်ကို တစ်ရက်ကား မမောင်းဘဲ စက်ဘီးစီးတဲ့သူတို့ ဆိုတာမျိုးတွေက ကမ္ဘာမှာ တော်တော်များများရှိနေကြပါပြီ။ သူတို့ဟာ လောကကြီးအတွက်၊ ကမ္ဘာကြီးအတွက် ပိုမိုနေချင်စဖွယ်ကောင်းအောင် အသိစိတ်ဓာတ်ရှိရှိနဲ့ မိမိဘာသာမိမိ ခြိုးခြံကုသိုလ်ပြုနေကြသူတွေပါပဲ။

ရေနဲ့ပတ်သက်လို့ ရှေ့ဆက်စဉ်းစားကြတဲ့နေရာမှာ မြစ်ကြောင်းကို ပိတ်ဆို့ပြီး ဆည်မြောင်းတာတမံဆောက်တဲ့ကိစ္စကလည်း မပါမဖြစ်ပါလာတာပါပဲ။ နွေရာသီအတွက် ရေသိုလှောင်ဖို့၊ ရေကြီးရေလျှံတားဆီးဖို့၊ ရေအားလျှပ်စစ်ရယူဖို့ ဆည်တွေဆောက်ဖို့ လိုတယ်လို့ ပြောကြတယ်။ ဒါပေမယ့် ဆည်စီမံကိန်းကြီးတွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ ယှဉ်တွဲပေါ်ပေါက်လာတာချည်းပါပဲ။ တရုတ်နိုင်ငံက Three Gorges ဆည်ကြီးဆောက်တဲ့အတွက် လူဦးရေ နှစ်သန်း အရွှေ့အပြောင်းခံခဲ့ရတာကိုပဲကြည့်။ ဧရာမဆည်ကြီးတွေ ကျိုးပေါက်လို့ လူတွေသိန်းနဲ့ချီ သေကြတာတွေကိုပဲကြည့်။ ဆည်တွေကြောင့် သဘာဝရေစီးကြောင်းတွေ ပြောင်းလဲနိုင်တယ်။ အထဲမှာ သိုလှောင်ထားတဲ့ ရေထုထည်ကြောင့် မြေငလျင်တွေ လှုပ်နိုင်တယ်။ တကယ်တော့ အကောင်းဆုံး ရေသိုလှောင်နည်းက မြေအောက်ရေအဖြစ် သိုလှောင်နည်းပဲ။ ဒီနည်းက မြေပေါ်ရေကာတာတွေလို လူတွေကို မလွှမ်းမိုးမဖျက်ဆီးနိုင်ဘူး။ အငွေ့မပျံစေနိုင်ဘူး။ မြေအောက်ရေနဲ့ ရေသွင်းစိုက်ပျိုးတဲ့မြေဟာ ဆည်မြောင်းနဲ့ ရေသွင်းစိုက်ပျိုးတဲ့ မြေထက်ပိုပြီး ထွက်နှုန်းကောင်းတယ်။ အိန္ဒိယနဲ့ ကမ္ဘာ့ဒေသအသီးသီးမှာ မြေကြီးထဲရေဖြည့်သိုလှောင်နည်းတွေကို သုတေသနလုပ်ဆောင် အကောင်အထည်ဖော်နေတာကို တွေ့ရပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်ကနေ ၂၂ ရက်အထိ ရန်ကုန်မြို့ Myanmar Event Park(MEP) မှာ Myanmar Water လို့ အမည်တပ်ထားတဲ့ ပွဲတစ်ပွဲ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံတွင် ဦးဆောင်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ ရေပေးဝေခြင်းစနစ်၊ ရေဆိုးရေညစ်သန့်စင်ရေးစနစ်၊ ရေအရင်းအမြစ် စက်မှုဇုန်ထွက်စွန့်ပစ်ရေဆိုးများ သန့်စင်ခြင်းပြပွဲလို့ဆိုပါတယ်။ ဒီပွဲမှာ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အစ္စရေးနိုင်ငံ၊ ပိုလန်နိုင်ငံတို့က ရေနဲ့ ရေနည်းပညာအကြောင်း ပြခန်းတွေလာဖွင့်ပါတယ်။ နိုင်ငံတကာက ရေနဲ့ပတ်သက်တဲ့ ပညာရှင်တွေအပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သဘာဝသယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ပညာရှင်တွေက စာတမ်းတွေဖတ်ကြားကြ၊ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲတွေလုပ်ကြတယ်။ ဒါကလည်း မြန်မာနိုင်ငံအတွက် "ရေအသိ ရေသတိ" ကို တပ်လှန့်နှိုးဆော်ပေးလိုက်တဲ့ အရေးကြီးတဲ့ လှုပ်ရှားမှုဖြစ်ပါတယ်။

ရေနံကို "ရွှေမည်း"၊ ရော်ဘာကို "ရွှေဖြူ"လို့ခေါ်နေကြရာကနေ အခုရေကိုပါ "ရွှေပြာ" (Blue Gold) လို့တင်စား ခေါ်ဝေါ်တန်ဖိုးထားနေတဲ့ ကာလတစ်ခု ရောက်နေပါပြီ။ ကျွန်တော်တို့ မြန်မာပြည်မှာလည်း မကြာခင်နှစ်ကာလ အနည်းငယ်အတွင်း ရင်ဆိုင်ကျော်လွှားရမယ့် ရေပြဿနာကို အခုကတည်းက စဉ်းစားတွေးတောလုပ်ဆောင်ကြရမယ့်အချိန်ကို ရောက်နေပါပြီ။ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ပန်းတိုင်ရောက်ရှိဖို့အတွက် ဘေးကင်းစိတ်ချရတဲ့ အဆင့်မြင့် ရေအရင်းအမြစ်ရေရှည်ရရှိဖို့က အခြေခံကျနေပါတယ်။ ဒါတွေအတွက် ပထမဆုံးလုပ်ဆောင်ရမှာကတော့ ရေအရင်းအမြစ်ဘက်စုံစီမံမယ့်"ရေဥပဒေ"ရယ်၊ ရေခွဲဝေမှုစနစ်တရားမျှတဖို့ "အမျိုးသားရေအရင်းအမြစ်ကော်မတီ" ဖွဲ့စည်းပေါ်ထွန်းလာဖို့ရယ်ပါပဲ။

ရေကိစ္စကို အချိန်ဆွဲနေလို့ မရတော့ပါ။ ယခုကစပြီး ရေကိစ္စဦးစားပေးဆောင်ရွက်ကြမှပဲ အချိန်မီပါတော့မယ်. . .။ ။

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကောင်းမြတ်သောစေတနာတို့ဖြင့် ထုံမွမ်းထားအပ်သောအရာ

## အန်ကယ်ပညာ

အမျိုးသားပညာဝန် ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ စာအုပ်တွင်ပါရှိသည့် အင်းဝဘုရင်သာလွန်မင်းတရားကြီးအကြောင်း ဖတ်မိ၏။ ထိုမင်းသည် ဆင်စီးလျက် စစ်ကိုင်းဘက်သို့ ထွက်တော်မူစဉ် လမ်းပေါ်သို့ ထမင်းရည် စီးလာသည်ကိုတွေ့၍ ထမင်းရည်ငှဲ့သည့် သူဆင်းရဲမကိုခေါ်ပြီးလျှင် "သည်ထမင်းရည်ကို ဆားခတ်ပြီးလျှင် ထမင်းမကျက်ခင်အဆာပြေ သားသမီးများကိုလည်းကောင်း၊ အိမ်တွင်ကျွေးမွေးထားသော ခွေး၊ ဝက်များကိုလည်းကောင်း ကျွေးမွေးနိုင်သည်မဟုတ်ပါလော။ အစဉ်းအစား မရှိ၊ အနှမြောမရှိ၊ အလဟဿထုတ်ပစ်ရမည်လော"ဟု ပြောဆိုလျက် ကိုယ်တိုင်ဒဏ်ဆယ်ချက် ရိုက်တော်မူပြီး ငွေ ၃၀ သနားတော်မူခဲ့ကြောင်း ဖော်ပြပါရှိ၏။

စာပိုဒ်တွင် ပတ်ဝန်းကျင်အခြေအနေ၊ သာမန်ပြည်သူတစ်ဦး၏ လတ်တလော ဆောင်ရွက်ချက်၊ ဘုရင်၏ပြောဆိုဆုံးမသည့် စကားနှင့် ဆောင်ရွက်ချက်များကို ဖြည့်စွက်ချက်၊ မြှုပ်ကွက်နှင့် ဘက်လိုက်သုံးသပ်ချက် မပါ၊ ဖြစ်စဉ်အတိုင်း ရိုးရှင်းထိမိစွာ ရေးသားဖော်ပြထားသည်ကို သတိပြုမိ၏။

ထိုစာပိုဒ်ကိုဖတ်ရင်း သာလွန်မင်းတရားကြီး၏ သာမန်တိုင်းသူပြည်သား တစ်ဦးအပေါ်ထားရှိသော ပြုပြင်ပေးလိုသည့်စေတနာ၊ သနားကြင်နာ တတ်မှုနှင့် ထောက်ပံ့ချီးမြှင့်လိုစိတ်တို့ကို ကွက်ကွက်ကွင်းကွင်း မြင်ရ၏။ ထို့အပြင် ထိုအကြောင်း ရေးသားမှတ်တမ်းတင်ခဲ့သည့် ပညာရှိနှင့် အဆင့်ဆင့် ရေးသားမျှဝေသူအားလုံးကိုလည်း များစွာလေးစားမိနေ၏။

အကြောင်းမှာ ထိုအကြောင်းအရာကို မျက်မှောက်ခေတ် လူမှုကွန်ရက်မီဒီယာနှင့် စာနယ်ဇင်းမီဒီယာတို့နှင့် ထင်ဟပ်နှိုင်းယှဉ်ကြည့်နေမိ၍ဖြစ်၏။ ထိုဖြစ်စဉ်ဖြစ်ရပ်မျိုး ယနေ့ခေတ်ကာလတွင်ဖြစ်ခဲ့ပါလျှင် "ထမင်းချက်နေသည့် သူဆင်းရဲမကို မင်းတရားကြီးက ကြိမ်လုံးဖြင့် ဆယ်ချက်ရိုက်နှက်ဆုံးမ"၊ "တိုင်းခန်းလှည့်လည်စဉ် သူဆင်းရဲမတစ်ဦးကို မင်းတရားကြီးကိုယ်တိုင် ငွေ ၃၀ ပေးကမ်းစွန့်ကြဲခဲ့"ဟူသည့် ရောင်စုံခြယ် ခေါင်းစဉ်ကြီးများဖြင့် သာလွန်မင်းတရားကြီးအား လူကြမ်းကြီးအဖြစ် တွန်းပို့ကြမည်လား၊ သနားကြင်နာတတ်လေသူအဖြစ် သရုပ်ဖော်ပေးကြမည်လားဟူ၍လည်း တွေးနေမိသေး၏။

မျက်မှောက်ကာလတွင် ရေးသားဖော်ပြနေကြသည့် စာရေးသူ၊ ပုံနှိပ်ထုတ်ဝေသူတို့ကို မကောင်းမြင်စိတ်ဖြင့် ဝေဖန်ရေးပြုလုပ်နေခြင်းမဟုတ်၊ ကောင်းမြတ်သောစေတနာကိုရှေ့တန်းတင်ပေးစေလိုခြင်းသာဖြစ်၏။ စာရေးသူနှင့် ပုံနှိပ်ထုတ်ဝေသူတို့အနေဖြင့် စာဖတ်သူနှင့် ပရိသတ်ကိုသိစေလို၊ မျှဝေလိုသည့် စေတနာအရင်းခံမှာ ရှိနှင့်နေပြီးဖြစ်၏။ ထိုအရင်းခံစေတနာကိုပင် ကောင်းမြတ်သော စေတနာဟု ကင်ပွန်းတပ်လို၏။ ဂုဏ်သိက္ခာဟူ၍လည်း အမည်ပေးလို၏။

ဖြစ်စဉ်အကြောင်းအရာတစ်ရပ်အပေါ်တွင် ဘက်လိုက်၍ ရေးသားဖော်ပြခြင်း၊ အတည်မပြုနိုင်သေးမီ သတင်းဦးသတင်းထူးအဖြစ်ဖော်ပြခြင်း၊ ခိုင်လုံတိကျမှုမရှိသည့် ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို ဝေဖန်သုံးသပ်ချက်များဖြင့် ရေးသားဖော်ပြခြင်းစသည့် လုပ်ရပ်များ ရောနှောပါရှိလာပြီဆိုလျှင် ထိုဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရာတို့သည် စေတနာဆိုးဖြင့် အရောင်ဆိုးခံလိုက်ရပြီဖြစ်၏။

ထိုစေတနာဆိုးတို့၏ ရိုက်ခတ်မှုကြောင့် သတင်းဌာနကြီးများ ကိုယ်တိုင် "မှားယွင်းဖော်ပြမိပါသည်"၊ "အယူအဆလွဲမှားစေခဲ့ပါသည်"ဟူသည့် မေတ္တာရပ်ခံချက်၊ ပန်ကြားချက်များ မကြာခဏထုတ်ပြန်ဖော်ပြပေးနေရသည်အထိ ဂုဏ်သိက္ခာကို ထိခိုက်စေပါ၏။ ထိုကိစ္စများကို သာမန်အားဖြင့်ကြည့်လျှင် သတင်းဌာနသည် အမည်တပ်ထားသည့် သတ်မှတ်ချက်တစ်ခုသာဖြစ်ပြီး အရင်းအမြစ်မှာ ရေးသားထုတ်ဝေသူလူများ၏ ဂုဏ်သိက္ခာကိုထိခိုက်ခြင်းသာဖြစ်ပါ၏။ ထို့အပြင် မစိစစ်၊ မဆင်ခြင်ဘဲ ရေးသားဖော်ပြချက်များကြောင့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းကို ထိခိုက်နစ်နာစေသည့် သာဓကများလည်းရှိနေပြန်၏။

စာရေးသူနှင့် ပုံနှိပ်ထုတ်ဝေသူတို့တွင် သိစေလို၊ မျှဝေပေးလိုသည့် ကောင်းမြတ်သည့် စေတနာအရင်းခံရှိနှင့်ပြီးဖြစ်သည်ဟု ဖော်ပြခဲ့ပါ၏။စာရေး သူများ၏ စေတနာကို စာဖတ်ပရိသတ်ထံ လက်ဆင့်ကမ်းပေးသူများမှာ ပုံနှိပ်ထုတ်ဝေသူများဖြစ်ကြ၏။ ဤနေရာတွင် လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုခန့်က ပုံနှိပ်ထုတ်ဝေခဲ့သည့် စာနယ်ဇင်းများတွင် စာဖတ်သူတို့မသိစေလိုသည့် စာပိုဒ်၊ စာကြောင်းနှင့် စာသားတို့ကို ငွေမင်ဖြင့်ပိတ်၍ ဖျက်ထားသည်ကို မြင်ယောင်မိသေး၏။

စာရေးသူနှင့် ပုံနှိပ်ထုတ်ဝေသူတို့၏ စေတနာတို့ ပေါင်းစပ်ပြီးဖြစ်သည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့သည် စာဖတ်သူတို့ထံမှောက် ရောက်ရှိသွားချိန်တွင် အကြောင်းအရာတစ်ခုသည် စာဖတ်သူတို့၏ အာသာငမ်းငမ်း လိုချင်တောင့်တလျက် သိချင်လိုချင်နေသည့်အရာလည်း ဖြစ်နိုင်၏။ မသိသေးသည့် အကြောင်းအရာလည်း ဖြစ်နိုင်၏။ သိပြီးဖြစ်သော်လည်း တွေးခေါ်ချဉ်းကပ်ပုံ၊ တင်ပြပုံ ကွဲလွဲနေသည်လည်း ဖြစ်နိုင်၏။

လိုချင်သည့်အရာ၊ သိလိုသည့်အရာ၊ စိတ်ဝင်စားသည့်အရာတို့ကို စာဖတ်သူတို့၏ ဦးနှောက်က စုပ်ယူလျက် ဝမ်းစာများအဖြစ် သိမ်းဆည်းထားကြပေလိမ့်မည်။ အကြောင်းအရာ ရေးသားချက်တစ်ခုအပေါ် အမြင်ချင်းမတူ၊ ခံစားချက်ချင်းမတူသဖြင့် တုံ့ပြန်ချက်၊ ကန့်ကွက်ချက်များလည်း စာဖတ်သူတို့ ဦးနှောက်မှ ကန်ထွက်လာနိုင်ပါသည်။ ဤသည်တို့မှာ စာရေးသူ၏ စေတနာကို အမှီပြု၍ စာဖတ်သူတစ်ဦးချင်းစီ ရရှိလိုက်သည့်ဖွံ့ဖြိုးမှုဟုဆိုချင်ပါ၏။ ထို့အပြင် စာရေးသူတို့၏ ဖန်တီးမှုများအပေါ် မူတည်၍လည်း စာဖတ်သူတို့နှလုံးအိမ်တွင် ရသမျိုးစုံ ငြိတွယ်ခံစားနိုင်စေ၏။

စာပေ၏ လေးနက်မှုကို နှုတ်တစ်ရာ စာတစ်လုံးဟု ဖော်ကျူးခဲ့ကြ၏။ စာတစ်လုံး၏ ကျစ်လျစ်သိပ်သည်းမှုကိုသိနိုင်၏။ အပြန်အလှန်အားဖြင့် စာတစ်လုံးကိုမူတည်၍ စကားအခွန်းပေါင်းတစ်ရာ ဖြစ်လာစေနိုင်ပြန်၏။ စာတစ်လုံးကို သိရှိနားလည်လိုက်ခြင်း၏တန်ဖိုးမည်မျှကြီးမားသည်ကို သိနိုင်ပေ၏။

**ဖြစ်စဉ်အကြောင်းအရာတစ်ရပ်အပေါ်တွင် ဘက်လိုက်၍ ရေးသားဖော်ပြခြင်း၊ အတည်မပြုနိုင်သေးမီ သတင်းဦးသတင်းထူးအဖြစ်ဖော်ပြခြင်း၊ ခိုင်လုံတိကျမှုမရှိသည့် ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို ဝေဖန်သုံးသပ်ချက်များဖြင့် ရေးသားဖော်ပြခြင်း စသည့်လုပ်ရပ်များ ရောနှောပါရှိလာပြီဆိုလျှင် ထိုဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရာတို့သည် စေတနာဆိုးဖြင့် အရောင်ဆိုးခံလိုက်ရပြီဖြစ်၏။**

အချုပ်အားဖြင့်ဆိုရသော် စာဖတ်သူတို့၏ ဦးနှောက်များကို စုပ်ယူခြင်း၊ တုံ့ပြန်ခြင်းများဖြင့် ခေတ်နှင့်အညီ ရှင်သန်လတ်ဆတ်ဖွံ့ဖြိုးနေစေလိုပါ၏။ ဦးနှောက်၏ လိုအပ်ချက်ဖြစ်သော အာဟာရကို စာပေဖတ်ရှုလေ့လာခြင်းဖြင့် ပေးစွမ်းနိုင်ပါ၏။ စာပေတို့သည်ကား စာရေးသူနှင့် ပုံနှိပ်ထုတ်ဝေသူတို့၏ ကောင်းမြတ်သည့် စေတနာတို့ဖြင့် ထုံမွမ်းထားအပ်သောအရာတို့သာဖြစ်ကြပါပေ၏။ ။

# ကိုရီးယားနိုင်ငံတွင်ပြုလုပ်မည့် နိုင်ငံတကာသင်္ချာပြိုင်ပွဲအား မြန်မာကျောင်းသားကျောင်းသူများ ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ကြမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ကိုရီးယားနိုင်ငံတွင် လာမည့် နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်ထိ ပြုလုပ်မည့် နိုင်ငံတကာ သင်္ချာပြိုင်ပွဲဖြစ်သော World Mathematics Team Championship (WMTC) ပြိုင်ပွဲသို့ နိုင်ငံတကာသင်္ချာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် T&H MATHS CENTRE မှ မြန်မာကျောင်းသားကျောင်းသူများ ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာသင်္ချာပြိုင်ပွဲဖြစ်သော World Mathematics Team Championship (WMTC) ပြိုင်ပွဲမှာ တစ်နှစ်လျှင် နိုင်ငံတစ်နိုင်ငံစီ အလှည့်ကျလုပ်ဆောင်လေ့ရှိပြီး ပြီးခဲ့သည့်နှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ စတင်ကျင်းပခဲ့ကာ ယခုနှစ်တွင်လည်း မြန်မာနိုင်ငံရှိ အသက် (၁၁) နှစ်နှင့် (၁၅) နှစ်ကြား သင်္ချာထူးချွန်ကျောင်းသား ကျောင်းသူများအား ပထမဦးဆုံးအနေဖြင့်ဖိတ်ခေါ်ခြင်းဖြစ်ကြောင်းနှင့် ခန့်မှန်းမြန်မာကျောင်းသား ကျောင်းသူ ဦးရေ ၂၀ ကျော်သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း T&H MATHS CENTRE မှသိရသည်။

T&H MATHS CENTRE တည်ထောင်သည့် ကျောင်းအုပ်ဆရာမ ဒေါ်နှင်းဆက်အေးက "ဒီပြိုင်ပွဲဝင်ရောက်ကြမယ့် ကလေးများအတွက် လူရွေးချယ်ပြီးသွားပါပြီ။ ဒီကမ္ဘာ့အဆင့် နိုင်ငံတကာ သင်္ချာပြိုင်ပွဲမှာလည်း တိုက်ကြီး ခုနစ်တိုက်က ကလေးတွေအကုန် ဝင်ရောက်ယှဉ်ပြိုင်ကြပါလိမ့်မယ်။ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့ကတော့ ဒီနှစ်မှ စတင်သွားရောက်ယှဉ်ပြိုင်မှာပါ။

"ဒီ WMTC ကလည်း ကျွန်မတို့ T&H MATHS CENTRE က ကျောင်းသား ကျောင်းသူတွေကိုသာ ဖိတ်ခေါ်တာပါ၊ သင်္ချာထူးချွန်ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း တစ်ဦးချင်းအလိုက်၊ နှစ်ယောက်တွဲအလိုက်နဲ့ အဖွဲ့အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြရမှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့နိုင်ငံက သင်္ချာထူးချွန်ကျောင်းသား ကျောင်းသူတွေ ဒီလို နိုင်ငံတကာသင်္ချာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် နိုင်ငံတကာက ကလေးတွေနဲ့ ဆက်ဆံခွင့်ရတယ်။ ပြီးတော့ နိုင်ငံတစ်နိုင်ငံကိုကိုယ်စားပြုပြီး သွားကြတာဆိုတော့ သူတို့အချင်းချင်းတွေ့ဆုံကြရတယ်။ ကိုယ့်နိုင်ငံ၊ သူ့နိုင်ငံအကြောင်းတွေကို ဆွေးနွေးခွင့်ရတယ်ဆိုတော့ သူတို့ဘဝတစ်သက်တာအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေကို ရရှိစေတော့မှာပါ" ဟုပြောသည်။

အမေရိကန်နိုင်ငံမှ ဦးဆောင်ကျင်းပပေးနေသော နိုင်ငံတကာသင်္ချာပြိုင်ပွဲမှာလည်း နှစ်စဉ် အောက်တိုဘာလ၌ ကျင်းပလေ့ရှိကြောင်း၊ ပြင်သစ်နိုင်ငံမှ ဦးဆောင်ကျင်းပပေးနေသော ကမ္ဘာ့အကြီးဆုံး သင်္ချာပြိုင်ပွဲမှာလည်း နှစ်စဉ် မတ်လတွင် ပြုလုပ်လျက်ရှိကြောင်း၊စင်ကာပူနိုင်ငံမှ ဦးဆောင်ကျင်းပပေးနေသော ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံအများဆုံးသင်္ချာပြိုင်ပွဲမှာလည်း နှစ်စဉ်ဧပြီလ၌ ပြုလုပ်နေကြောင်း သိရပြီး ထိုပြိုင်ပွဲများမှ ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆွတ်ခူးရရှိသည့် ကျောင်းသား ကျောင်းသူများသည် တစ်နှစ်လျှင် အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ကျင်းပသည့် Asia International Mathematical Olympiad နှင့် Singapore International Mathematical Olympiad Challenge ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ရရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၂ ရက်မှ ၆ ရက်ထိ ဟောင်ကောင်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် အာရှသင်္ချာထူးချွန်သူ လူငယ်များတွေ့ဆုံပွဲ၊ ယဉ်ကျေးမှုဖလှယ်ပွဲနှင့် သင်္ချာပြိုင်ပွဲ (Asia International Mathematical Olympiad )၌ မြန်မာနိုင်ငံမှ သင်္ချာထူးချွန်ကျောင်းသား ကျောင်းသူ ၄၅ ဦးသွားရောက် ယှဉ်ပြိုင်ခဲ့ကြရာ ၃၈ ဦး ဆုဆွတ်ခူးရရှိခဲ့ပြီး ရွှေတံဆိပ် တစ်ဆု၊ ငွေတံဆိပ် ခုနစ်ဆု၊ ကြေးတံဆိပ် ၃၀ ဆွတ်ခူးရရှိခဲ့ကြောင်း၊ ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်ထိပြုလုပ်ခဲ့သည့် စင်ကာပူနိုင်ငံ အပြည်ပြည်ဆိုင်ရာ သင်္ချာအိုလံပစ် ဖိတ်ခေါ်ပြိုင်ပွဲ (Singapore International Mathematical Olympiad Challenge)၌လည်း မြန်မာနိုင်ငံမှ သင်္ချာထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ကြရာ ခြောက်ဦး ဆုဆွတ်ခူးရရှိခဲ့ပြီး ရွှေတံဆိပ် တစ်ဆု၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ်နှစ်ဆုဆွတ်ခူးရရှိခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ပြည်တွင်း၌ပုံမှန်ကျင်းပနေသော သင်္ချာပြိုင်ပွဲများမှာလည်း လေးနှစ်တာကာလကို လေးကြိမ်မြောက်ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(MLA)**



# အခွန်ဆိုင်ရာ ပညာပေးဟောပြောပွဲ ဖျာပုံမြို့နယ်၌ ပြုလုပ်

**ဖျာပုံ အောက်တိုဘာ ၂၃**

အခွန်ဆိုင်ရာပညာပေးဟောပြောပွဲ အခမ်းအနားကို ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက နိုင်ငံသားတစ်ဦးအနေဖြင့် အခွန်တာဝန်ကျေပွန်ရမည်ဖြစ်ကြောင်း၊ အခွန်ငါးမျိုးနှင့်စပ်လျဉ်းသည့် အကြောင်းအရာများအား သိရှိကြရန်လိုအပ်ကြောင်း၊ အခွန်ဥပဒေ၊ အခွန်နည်းဥပဒေ အစရှိသည့် သိရှိလိုက်နာဖွယ်များအား ရှင်းလင်းခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်လင်းကျော်က အခွန်ဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည်များ အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

# “အောင်စိုးမိုးကျော် - ၂ (ခ)ရွှေသီဟ” ခရီးသည်တင်အမြန်ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်မှ သေဆုံးသူများ၏မိသားစုဝင်များအား နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့မှုများ အပြည့်အဝဖြည့်ဆည်းဆောင်ရွက်ပေး

**ယခုရက်ပိုင်းတွင် သတင်းမီဒီယာများနှင့် လူမှုကွန်ရက်ခေါ် ဆိုရှယ်မီဒီယာများ၌ နေရာအပြည့်အဝယူထားပြီး ပြည်သူများ အထူးစိတ်ဝင်စားနေသည်မှာ ချင်းတွင်းမြစ်ကြောင်း ဟုမ္မလင်း-မုံရွာ ပြေးဆွဲလျက်ရှိသော “အောင်စိုးမိုးကျော်-၂ (ခ) ရွှေသီဟ” ခရီးသည်တင်အမြန်ရေယာဉ် အောက်တိုဘာ ၁၅ ရက်က နစ်မြုပ်မှုဖြစ်စဉ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြစ်သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးခဲ့ရသူများကို ပြည်သူအားလုံးက ဝိုင်းဝန်းကရုဏာသက်ပြီး ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲခဲ့ကြသကဲ့သို့ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်၏ တရားခံများနှင့် တာဝန်ရှိသူများကို ပြစ်တင်ပြောဆိုဝေဖန်မှုများလည်း အများအပြားထွက်ပေါ်လျက်ရှိသည်။ ပြည်သူများအားလုံး သိချင်နေသည့် မေးခွန်းပေါင်းများစွာနှင့် သို့လော သို့လော မရှင်းမလင်းမှုပေါင်းများစွာကို အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း သိရှိနိုင်စေရန်အတွက် ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်တွင် သေဆုံးသူများနှင့် နစ်နာသူများအား နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ပို့ဆောင်ရေးဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-**

**ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

“အောက်တိုဘာ ၁၅ ရက် မနက် ၅ နာရီခန့်ကဖြစ်ပွားခဲ့တဲ့ အောင်စိုးမိုးကျော် -၂ ရေယာဉ်တိမ်းမှောက်မှုနဲ့ပတ်သက်ပြီး အသက်ဆုံးရှုံးသွားရတဲ့သူတွေ ရှိပါတယ်။ လွတ်မြောက်လာတဲ့သူတွေလည်းရှိတယ်။ ဒါနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တိုင်းဒေသကြီးဦးစီးမှူးကို သတင်းကြားကြားချင်း ချက်ချင်းပဲ လွှတ်လိုက်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ လွတ်မြောက်လာတဲ့သူတွေ တွေ့တယ်။ လွတ်မြောက်လာတဲ့သူ ၁၅၉ ဦးရှိတယ်။

လွတ်မြောက်လာတဲ့ ၁၅၉ ဦးဟာ သူတို့နေရပ်ကို ပြန်ဖို့(သို့မဟုတ်)သူတို့နဲ့ပါလာတဲ့သူတွေ၊ ဆုံးရှုံးသွားတာတွေနဲ့ပတ်သက်ပြီး သိရှိဖို့ ဗျာများကြတာပေါ့။ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်အခါမှာ ကိုယ်လွတ်ရုန်းခဲ့ရတဲ့အတွက်ကြောင့် သူတို့မှာ လိုအပ်တဲ့ကိစ္စတွေ ရှိတယ်။ ဒါကြောင့် လိုအပ်တာတွေကို ဖြည့်ဆည်းပေးတယ်။ အဓိကကတော့ လတ်တလော သုံးစွဲနိုင်ဖို့ တစ်ဦးကို ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပေးပါတယ်။ ဒီလိုဆောင်ရွက်ပြီးတဲ့အခါမှာ တိုင်းဒေသကြီးဦးစီးမှူးက အစိုးရအဖွဲ့နဲ့ပူးပေါင်းပြီး ဆက်လက်ပြီး ရှာဖွေကယ်ဆယ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။

သဘာဝဘေးနဲ့ပတ်သက်ရင် နိုင်ငံတော်မှာ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဆိုတာရှိတယ်။ အမျိုးသားသဘာဝဘေးလို့ဆိုပေမယ့် အဲဒီဘေးတွေ တော်တော်များများကို ကြည့်လိုက်လို့ရှိရင် သဘာဝအလျောက်ဖြစ်တဲ့ဘေးဆိုတာက တကယ်တမ်းဆိုရင် နည်းတယ်။ လူလုပ်တဲ့ဘေးသက်သက်ဆိုတာလည်း နည်းတယ်။ ဒါပေမယ့် လူ့ကြောင့်နဲ့ သဘာဝနဲ့တွဲပြီးတော့ ဖြစ်တဲ့ဘေးတွေက များနေတယ်။ အဲဒီမှာ ကြိုတင်ကာကွယ်တဲ့အပိုင်းတွေ လုပ်လို့ရတာ ရှိတယ်။ တကယ်ဖြစ်ရင် ထိထိရောက်ရောက် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့အပိုင်းတွေလည်းရှိတယ်။ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီတွေ၊ လုပ်ငန်းကော်မတီတွေ ဖွဲ့ပြီးလုပ်တယ်။ ဒါတွေဟာ သဘာဝဘေးလား၊ လူလုပ်တဲ့ဘေးလား အဲဒီလိုမခွဲခြားဘဲ ဘေးဖြစ်တယ်ဆိုတာနဲ့ ကူညီတဲ့အစိတ်အပိုင်းတွေရှိတယ်။ ဒီမှာလည်း ဘေးဖြစ်တာနဲ့ ချက်ချင်းတုံ့ပြန်မှုအပိုင်းကို ဆောင်ရွက်တယ်။

ဒီမှာလည်း အမျိုးသားကော်မတီက နေပြီးတော့ အဆင့်ဆင့်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထိ ဖွဲ့စည်းထားတာတွေ ရှိတယ်။ အဲဒီအဖွဲ့အစည်းကနေပြီး ဆောင်ရွက်နေတယ်။ ချက်ချင်းပဲဆောင်ရွက်တယ်။ မီးသတ်ဦးစီးဌာနကလည်းပါတယ်။ ပြည်သူ့ရဲပါတယ်။ ကြက်ခြေနီတွေလည်း ပါတယ်။ တပ်မတော်လည်း ပူးပေါင်းကူညီတဲ့ကိစ္စတွေ ရှိတယ်။ အဓိကက ပြည်သူလူထုပါဝင်တယ်။ အဲဒီကိစ္စတွေကို ချက်ချင်းဆောင်ရွက်တယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့ကြားရတယ်။ ရပ်ရွာကလည်း အလွန်ကောင်းတယ်လို့ သိခဲ့ရတယ်။ ရပ်ရွာကလူတွေနဲ့ အကုန်လုံး ပူးပေါင်းဆောင်ရွက်ပြီးတဲ့အခါ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆက်လုပ်ပါတယ်။

အဲဒီတော့ ရှာဖွေကယ်ဆယ်ရေးအပိုင်းတွေကတော့ ကြိုးစားပြီးလုပ်ဆောင်ကြပါတယ်။ သေဆုံးတဲ့အလောင်းတွေ ပေါ်လာတဲ့ကိစ္စမှာလည်း တိုင်းဒေသကြီးက စနစ်တကျဆောင်ရွက်ထားတယ်လို့သိရတယ်။ ကျွန်တော်တို့ အောက်တိုဘာ ၂၃ ရက်က မုံရွာကိုရောက်တယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှာ သေဆုံးသွားတဲ့သူတွေနဲ့ ပိုင်ရှင်ပေါ်တဲ့သူတွေကိုစုရုံးပြီး နိုင်ငံတော်ရဲ့ ထောက်ပံ့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ နှစ်သိမ့်အားပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ ဘယ်လိုထောက်ပံ့လဲဆိုတော့ အမျိုးသားဘာဘာဝဘေး စီမံခန့်ခွဲမှုကော်မတီနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး တစ်ဦးကို ငွေကျပ် ငါးသိန်းနှုန်းနဲ့ လူ ၅၀ အတွက် ငွေကျပ် သိန်း ၂၅၀၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တစ်ဦးကို ငွေကျပ် သုံးသိန်းနှုန်းနဲ့ လူ ၅၀ အတွက် ငွေကျပ် သိန်း ၁၅၀ လှူဒါန်းခဲ့ပါတယ်။ Market Trading Co.,ltd. က တစ်ဦးကို ကျပ်နှစ်သိန်းနှုန်းနဲ့ လူ ၅၀ အတွက် ငွေကျပ် သိန်း ၁၀၀၊ ကျန်တဲ့အလှူရှင်တွေလည်း အဲဒီမှာရှိနေတာကို တွေ့ရတယ်။ ကျွန်တော်တို့ အချိန်ကျတွက်ပြီးတော့ လှူဒါန်းလိုက်တဲ့အခါ လူ ၅၀ မှာ တစ်ဦးကို ၁၇ သိန်း ရရှိသွားပါတယ်။ ဒါပေမယ့် ဒါပြီးသေးတာမဟုတ်ပါဘူး။


ထပ်ပြီး အလှူရှင်တွေ ပေါ်ပေါက်လာတဲ့အခါမှာ အစိုးရအဖွဲ့ကဦးဆောင်ပြီး ဒါကို ဆက်လက်ပြီး ထောက်ပံ့သွားမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ၇၃ ဦး အလောင်းတွေရတယ်။ ခွဲခြားနိုင်တာက ပိုင်ရှင်ပေါ်တာ ၅၀ ရှိပြီးတော့ ကျန်တဲ့သူတွေ ရှိသေးတယ်။ အဲဒီတော့ သူတို့တွေ ပိုင်ရှင်ပေါ်လာတယ်။ တကယ် အတိအကျဖြစ်လာပြီဆိုရင် တိုင်းဒေသကြီးက ထောက်ပံ့ဖို့ စီစဉ်ထားတာရှိပါတယ်။ နိုင်ငံတော်ရော၊ ပုဂ္ဂလိကရော လှူမယ့်သူတွေကလည်း ဆက်လက်ပြီးတော့ လှူဒါန်းသွားမယ်ဆိုတာကို ပြောချင်ပါတယ်။

နောက်တစ်ခု အဲဒီမှာ သေဆုံးသွားတဲ့သူတွေနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရက စနစ်တကျစီမံဆောင်ရွက်ထားတာကို တွေ့ရတယ်။ သူတို့မှတ်တမ်းတွေ တင်ထားတယ်။ ဒီအတိုင်း ထားလို့မရတဲ့အတွက်ကြောင့် မြေမြှုပ်သင်္ဂြိုဟ်ရတာတွေ ရှိတယ်။ ပိုင်ရှင်မပေါ်သေးတဲ့သူတွေကိုလည်း သူ့နေရာနဲ့သူ နံပါတ်တွေတပ်ပြီး ကျကျနနတိုင်စိုက်ပြီး လုပ်ထားတာတွေလည်းရှိသလို မြေမမြှုပ်ခင်မှာပဲ ဓာတ်ပုံတွေရိုက်ထားတယ်။ ပိုင်ဆိုင်တဲ့ ပါလာတဲ့ပစ္စည်းတွေ၊ မှတ်တမ်းတွေ ကျကျနန ယူထားတယ် စသဖြင့် တော်တော့်ကို စနစ်တကျ လုပ်ထားတဲ့အစီအစဉ်ကိုလည်း တွေ့ခဲ့ရပါတယ်။ နောက်ထပ်ပိုင်ရှင်ပေါ်လာသူတွေအနေနဲ့လည်း ကျွန်တော်တို့က ဆက်လက်ထောက်ပံ့သွားမှာတွေရှိပါတယ်။

လုပ်ဆောင်ခဲ့တဲ့အပိုင်းကို ပြန်စဉ်းစားရင် နိုင်ငံတော်က ပူးပေါင်းပြီး ပံ့ပိုးတဲ့အပိုင်းတွေရှိသလို ပုဂ္ဂလိကအလှူရှင်တွေကလည်း လှူကြတာတွေ အများကြီးရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင် (ဆိတ်ကြီးခနောင်တို)က ဆရာ ဆရာမတွေ အတွက်ဆိုပြီး အဖွဲ့လေးသီးခြားဖွဲ့ထားတာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး



ဒုတိယဝန်ကြီး ဦးကျော်မျိုး

ရှိတယ်။ သူတို့အဖွဲ့က ဆရာ ဆရာမတွေ အတွက် သီးသန့်ငွေကျပ် သိန်း ၁၄၀ ထောက်ပံ့တာတွေ့တယ်။ အနာဂတ်အလင်း တန်းက စုစုပေါင်းလှူဒါန်းငွေကျပ် သိန်း ၁၁၀၀၊ အေးငြိမ်းချမ်းသာ ရေယာဉ်အသင်းက ငွေကျပ် သိန်း ၂၀၀၊ ဝင်းပပထွန်း ရွှေပန်းတိမ်က ငွေကျပ် ၁၀ သိန်း၊ ဟုမ္မလင်း ရွှေကုမ္ပဏီက ငွေကျပ် ၁၇ သိန်းသုံးသောင်း၊ တင်ဝင်းထွန်း ကုမ္ပဏီ (မုံရွာ)က ငွေကျပ် ၁၅ သိန်း၊ ဧရာဝတီ Green Towers Co.,ltd. က ငွေကျပ် ၁၀ သိန်း၊ မစက (မုံရွာ)က ငွေကျပ် သိန်း ၅၀၊ ကိုလင်းလင်း-မချစ်သုဝေတို့အဖွဲ့က ငွေကျပ် သိန်း ၃၀၊ ဇာတ်မင်းသား ဖိုးချစ်က ငွေကျပ် သိန်း ၅၀ စသဖြင့် လှူဒါန်းထားတာကို တွေ့ရပါတယ်။ ဒါတွေကိုလည်း စနစ်တကျတွက်ချက်ပြီး အချိုးကျလှူဒါန်းခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က ကူညီထောက်ပံ့မှုတွေ ဆောင်ရွက်ခဲ့သလို တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ပိုင်ရှင်ပေါ်တဲ့ သေဆုံးသူ ၅၀ အတွက် တစ်ဦးကို သုံးသိန်းနှုန်းနဲ့ ငွေကျပ်သိန်း ၁၅၀ ထောက်ပံ့ကူညီပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူကို ထောက်ပံ့ပေးအပ်တဲ့နေရာမှာ အသက်အာမခံနဲ့ပတ်သက်ပြီး သေဆုံးသွားသူတွေအတွက် တစ်ဦးကို ငွေကျပ် ၁၀ သိန်း ပေးအပ်သွားမယ်လို့ သိရပါတယ်။

အဲဒီနောက် ပြန်ပြီးဆွေးနွေးကြပါတယ်။ ကျွန်တော်တို့နဲ့အတူတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးလည်း ပါပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး နောင်ဒီလိုမဖြစ်ဖို့ ဆက်ပြီးလုပ်ရမယ့် လုပ်ငန်းတွေရှိပါတယ်။ လုပ်ရမယ့် လုပ်ငန်းတွေကိုလည်း အသေးစိတ် ဆွေးနွေးခဲ့တာတွေ ရှိပါတယ်။ ရေလမ်းကြောင်းကနေ သွားရတယ်။ ဒီလိုအခါကြီးရက်ကြီးတွေမှာ ထွက်တဲ့ အမြန်ယာဉ်၊ ရေယာဉ်တွေ မလုံလောက်ဘူး၊ ရေယာဉ်တွေမလုံလောက်လို့ ဒီလိုမျိုးဖြစ်တယ်။ လူပိုတွေတင်တယ်။ ရေကြောင်းတစ်ခုတည်းကိုပဲ အားကိုးနေရတဲ့အစား ကုန်းလမ်းဘက်ကရော မရဘူးလားဆိုတဲ့ နည်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဆွေးနွေးခဲ့ပါတယ်။ ကုန်းလမ်းမှာလည်း တကယ်တမ်းဆိုရင် လမ်းပေါက်တဲ့လမ်းရှိတယ်။ အဲဒီလမ်းကို ပြုပြင်ဖို့အတွက် လုပ်ဆောင်စရာကိစ္စတွေလည်းရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ရေလမ်းတစ်ခုတည်း အားမကိုးဘဲ ကုန်းလမ်းကိုလည်း ပိုပြီးတော့ သွက်လက်လျင်မြန်အောင် သွားလို့ရတဲ့နည်းလမ်းတွေ ပေါ်ပေါက်လာရင်တော့ ပိုပြီးတော့ လူတွေအတွက် ကောင်းတယ်။ အဲဒီလိုအစီအစဉ်တွေရှိသလို ပြည်သူတွေဘက်ကို အသိပညာပေးတဲ့ အပိုင်းတွေကိုလည်း ကျွန်တော်တို့ လုပ်ဆောင်ဖို့လိုတယ်ဆိုတာကို တွေ့ရပါတယ်။

တကယ်တမ်းဆိုရင် ရေလမ်းကြောင်းပဲဖြစ်ဖြစ်၊ ကုန်းလမ်းကြောင်းပဲဖြစ်ဖြစ် ခရီးသွားလာရေးနဲ့ ပတ်သက်လို့ရှိရင် လိုက်နာရမယ့် ဥပဒေတွေဆိုတာရှိပါတယ်။ ထုတ်ပြန်ထားတဲ့ နည်းဥပဒေနဲ့ စည်းကမ်းချက်တွေရှိပါတယ်။ ဒီစည်းကမ်းချက်တွေကို လိုက်နာရပါမယ်။ ဥပဒေတွေကို လေးစားပြီးတော့ ထုတ်ထားတဲ့နည်းဥပဒေ၊ စည်းကမ်းချက်တွေကို လိုက်နာပြီးဆောင်ရွက်ရင် ဒီလိုမျိုးဖြစ်တဲ့ကိစ္စတွေ လျော့နည်းမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ စည်းကမ်းကို နောက်တစ်ခါ မဖောက်ဖျက်အောင် ဆောင်ရွက်ဖို့ ဆွေးနွေးတိုင်ပင်ခဲ့တယ်။ တကယ်လည်း နိုင်ငံတော်အစိုးရက ကြပ်ကြပ်မတ်မတ်ဆောင်ရွက်မယ့် ကိစ္စရှိပါတယ်။ အဲဒါအပြင် ပြည်သူတွေက ဒီစည်းကမ်းတွေကိုသိဖို့ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရပါမယ်။

နိုင်ငံတော်အပိုင်းကလည်း လုပ်ဆောင်ပေးရမယ့်အပိုင်းတွေမှာ လမ်းပန်းဆက်သွယ်ရေးကောင်းအောင် လုပ်ပေးမယ့်အပိုင်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ဖို့ စီစဉ်ထားတာတွေရှိပါတယ်။ မနေ့က ကျွန်တော်တို့ သွားပြီး ပြည်သူလူထုကို နှစ်သိမ့်တယ်။ ပြည်သူလူထုနဲ့ ထိတွေ့တယ်။ ထောက်ပံ့ကြေးတွေပေးခဲ့တာဟာ ဖြစ်ခဲ့တဲ့ဖြစ်စဉ်မှာ ခဏလေးနဲ့မေ့သွားလို့ရတဲ့ ကိစ္စမျိုးမဟုတ်ဘူး။ နောက်ဒီလိုမျိုး ထပ်မဖြစ်အောင်ဆိုတဲ့စိတ်နဲ့ ဆောင်ရွက်ခဲ့တာလည်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့ဘက်ကို အလေးထားပြီး ပြည်သူ့အတွက်ဆောင်ရွက်ရမယ့်ကိစ္စတွေ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။”

**ဦးကျော်မျိုး၊ ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

“ရေယာဉ်နစ်မြုပ်မှုဖြစ်တယ်ဆိုတာသိသိချင်း အောက်တိုဘာ ၁၅ ရက်မှာပဲ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနဲ့ ရေအရင်းအမြစ် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးတို့ကို ဖြစ်စဉ်ဖြစ်တဲ့နေ့က ချက်ချင်းစေလွှတ်ခဲ့ပါတယ်။ ဒီလ ၁၅ ရက်နေ့မှာပဲ ဝန်ကြီးဌာနက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီးတော့ စုံစမ်းစစ်ဆေးဖို့ စာထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီးတော့ အရင်ဆုံး အထက်မြန်မာပြည်ရေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးကို စေလွှတ်ခဲ့ပါတယ်။ အောက်တိုဘာ ၂၀ ရက်မှာ စုံစမ်းစစ်ဆေးရေးတွေ စတင်ပါတယ်။ အဲဒီအချိန်မှာ ကယ်ဆယ်ရေးတွေလုပ်နေတဲ့အချိန်ဖြစ်ပါတယ်။

စုံစမ်းစစ်ဆေးတဲ့ သဘောသဘာဝကတော့ သက်သေတွေစစ်ဆေးမယ်။ စာရွက်စာတမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေအကုန်ခေါ်တွေ့စစ်ဆေးရမှာ ဖြစ်တဲ့အတွက် ချက်ချင်း ကျွန်တော်တို့လုပ်ငန်းကို စတင်ဆောင်ရွက်ဖို့က ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေတဲ့ တာဝန်ရှိသူတွေ အနှောင့်အယှက်မဖြစ်အောင် ဂရုပြုရပါတယ်။ အဲဒီအချိန်မှာ ကယ်ဆယ်ရေးလုပ်ငန်းဟာ အရေးကြီးပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ လက်စသတ်တဲ့အချိန်လောက်မှာပဲ စုံစမ်းစစ်ရေးအဖွဲ့က စုံစမ်းစစ်ဆေးရေးကို ဆောင်ရွက်ပါတယ်။ အခုလည်း ဆက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီအစီရင်ခံစာကိုတော့ လကုန် ၃၁ ရက်နေ့ နောက်ဆုံးထားပြီးတော့ တင်ပြဖို့ ညွှန်ကြားထားတာရှိပါတယ်။

ရေယာဉ်နစ်မြုပ်မှုဖြစ်ရပ်က ဘယ်သူ့တာဝန်ဖြစ်မလဲ။ ဘယ်သူနဲ့သက်ဆိုင်မလဲ။ ဘယ်သူ့ရဲ့စီမံကွပ်ကဲမှုအောက်မှာရှိလဲဆိုတာ အများပြည်သူတွေအနေနဲ့ သိချင်မှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေထုတ်ပြန်ခဲ့ပါတယ်။ ကမ်းရိုးတန်းနဲ့ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ပိုင်ခွင့်ဆိုင်ရာ ဥပဒေကို ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကို ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။

ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေဟာ အတိအကျ လုပ်ငန်းလုပ်ပိုင်ခွင့် သတ်မှတ်ချက်တွေ ပါရှိပါတယ်။ ပြည်တွင်းရေကြောင်းသွား ဥပဒေကတော့ ဘာနဲ့ပတ်သက်လဲဆိုတော့ ပြည်တွင်းရေကြောင်းမှာ ခုတ်မောင်းအသုံးပြုတဲ့ရေယာဉ်တွေ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးခြင်း၊ တိုင်းတာစစ်ဆေးပြီးတော့လက်မှတ်ထိုးပေးခြင်း၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်တို့ရဲ့ ကျွမ်းကျင်မှုလက်မှတ်စိစစ်ထုတ်ပေးခြင်းနဲ့ အဓိကသက်ဆိုင်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားတဲ့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဆိုင်ရာ ဥပဒေနဲ့ နည်းဥပဒေတွေကတော့ ဒီပုဂ္ဂလိက ရေယာဉ်တွေပြေးဆွဲတဲ့နေရာမှာ စနစ်တကျဖြစ်ဖို့အတွက် စနစ်တကျပြေးဆွဲရေးဆိုင်ရာ ကော်မတီတွေဖွဲ့စည်းမယ်၊ စည်းကမ်းထိန်းသိမ်းကော်မတီတွေ ဖွဲ့စည်းမယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ သတ်မှတ်ချက်တွေပါရှိပါတယ်။ အခုဖြစ်ရပ်မှာကြည့်မယ်ဆိုရင် စုံစမ်းစစ်ရေးအဖွဲ့ကလည်း ဒီဥပဒေပိုင်းဆိုင်ရာမှာလည်း လေ့လာသုံးသပ်လျက်ရှိပါတယ်။ ဒါတွေလည်း တင်ပြမှာပါ။

**စာမျက်နှာ ၉ သို့ ✻**

✱ စာမျက်နှာ ၈ မှ

ပြည်ထောင်စုအဆင့်ဥပဒေမှာရော၊ တိုင်းဒေသကြီးအဆင့်ဥပဒေမှာရော တချို့ အားနည်းချက်လေးတွေ တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီဖြစ်ရပ်မှာ ဘယ်သူ့မှာတာဝန်ရှိလဲဆိုရင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ပြည်ထောင်စုအဆင့် ကြီးကြပ်ရမယ့်အပိုင်းတွေရှိတဲ့အတွက် ကျွန်တော်တို့မှာလည်း တာဝန်ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသခံအာဏာပိုင်တွေမှာလည်း တာဝန်ရှိပါတယ်။ ရေယာဉ်အသင်း၊ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်တွေမှာလည်း တာဝန်ရှိပါတယ်။ တာဝန်ရှိတယ်ဆိုတဲ့အတိုင်း ပြုပြင်ပြောင်းလဲဖို့လည်း အဆင့်ဆင့်မှာရှိပါတယ်။ ဒါတွေကို ပူးပေါင်းဆောင်ရွက်မှ ရမှာပါ။ သက်ဆိုင်ရာအဖွဲ့အစည်းတွေသာမက ပြည်သူလူထုကပါ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။

အခုနစ်မြုပ်ခဲ့တဲ့ အောင်စိုးမိုးကျော်-၂ ဟာ အမှန်တကယ် ရေယာဉ်မှတ်ပုံတင်ထားတာ ရွှေသီဟဖြစ်ပါတယ်။ ဒီရေယာဉ်ဟာ ၂၀၁၅ ခုနှစ် ၁၂ လပိုင်းမှာ ဒီရေယာဉ်ကို စစ်ဆေးပါတယ်။ ရေယာဉ်သက်သေခံလက်မှတ်ဆိုတာ နှစ်စဉ်ထုတ်ပေးရပါတယ်။ ၂၀၁၄ ခုနှစ်က ထုတ်ပေးခဲ့တယ်။ ၂၀၁၅ ခုနှစ်ကလည်း ထုတ်ပေးခဲ့တယ်။ ၂၀၁၆ ခုနှစ်အတွက် စစ်ဆေးတဲ့အခါမှာ သူ့မှာလိုအပ်ချက်လေးတွေရှိတဲ့အတွက် သုံးလသက်တမ်းနဲ့ ထုတ်ပေးခဲ့တာဖြစ်ပါတယ်။ သုံးလအတွင်းမှာလာပြီး ပြန်လည်စစ်ဆေးဖို့ ပြည်တွင်းရေကြောင်းရေယာဉ်တွေက နှစ်နှစ် တစ်ခါစစ်ဆေးရမယ်။ ၂၀၁၄-၂၀၁၅ နှစ်နှစ်ပြည့်သွားပြီဆိုတော့ လွန်းတင်စစ်ဆေးဖို့လည်း ညွှန်ကြားထားတာရှိပါတယ်။

ရေယာဉ်ပိုင်ရှင်က ပြန်လည်ပြီးတော့ ပြုပြင်ပြီးကြောင်း တင်ပြလာခြင်း မရှိသေးပါဘူး။ ဒီရေယာဉ်ဟာ ဘာလို့ခုတ်မောင်းနေလဲဆိုတော့ ဥပဒေထဲမှာပါတာက တိုင်းတာစစ်ဆေးတဲ့အခါမှာ တွေ့ရှိတဲ့ချွတ်ယွင်းချက်၊ လိုအပ်ချက်တွေက ဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းနိုင်မှုအပေါ်မှာ သက်ရောက်မှုမရှိဘူးဆိုရင် ပြေးဆွဲခွင့်ပြုနိုင်တယ်ဆိုပြီးတော့ သတ်မှတ်ပါရှိတယ်။ ဒါကြောင့် ခုတ်မောင်းခွင့်ရှိပါတယ်။ သူ့ခုတ်မောင်းလိုင်စင်ကလည်း ၁-၁-၂၀၁၆ ခုနှစ်က ထုတ်ပေးပြီးတော့ နှစ်ကုန်ပိုင်းအထိ သက်တမ်းရှိပါတယ်။ သူတို့လွန်းတင်နိုင်တဲ့နေရာက မုံရွာပဲရှိပါတယ်။ မုံရွာပဲရှိတော့ မုံရွာမှာလာပြီးတော့ လွန်းတင်စစ်ဆေးဖို့ အခက်အခဲလည်းရှိကောင်းရှိမှာပါ။

လုပ်ထုံးလုပ်နည်းအရ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအရ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီရေယာဉ်အမျိုးအစား ရွှေသီဟကို ၂၀၁၄-၂၀၁၅ မှာ ခရီးသည် ၈၆ ဦး တင်နိုင်တယ်လို့ သတ်မှတ်ထားတာရှိပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ တိုင်းတာစစ်ဆေးတဲ့အခါမှာ ယာယီသက်သေခံလက်မှတ်မှာ ၃၆ ဦးထိလျှော့ချပြီးတော့ သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ကလေးဝမြို့နားက လောင်းဂရိတ်ဝဲမှာ ဇမ္ဗူထွန်းဆိုတဲ့ ရေယာဉ်နစ်မြုပ်မှုဖြစ်ခဲ့ပါတယ်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးရဲ့ ဘေးကင်းလုံခြုံရေးကို အထူးဂရုပြုပြန်လည်သုံးသပ်ပြီး ဌာနဆိုင်ရာညှိနှိုင်းအစည်းအဝေးလုပ်ပြီးတော့ တွက်ချက်တဲ့ ဖော်မြူလာတွေရှိပါတယ်။ ဒါတွေကို သတ်မှတ်ပြီးတော့ ခရီးသည်ဦးရေကို လျှော့ချခဲ့တာဖြစ်ပါတယ်။ ၃၆ ဦး သတ်မှတ်ခဲ့တာကို ခရီးသည် ၂၀၀ ကျော်ပါတယ်ဆိုတော့ တစ်အချက်က ခရီးသွားပြည်သူတွေက သီတင်းကျွတ်ကာလဖြစ်တယ်။ စာမေးပွဲဖြေဖို့ရှိတဲ့အတွက် ဒီရက်ပိုင်းမှာ ရောက်ချင်ဇောနဲ့ ခရီးသည်ဝန်ပိုတင်တဲ့ဟာကို သူတို့မှာ ဂရုမပြုခဲ့ဘဲနဲ့ လိုက်ပါစီးနင်းခဲ့တာပဲဖြစ်ပါတယ်။

ဒီလိုတင်တာကို စစ်ဆေးတာမရှိဘူးလားဆိုတော့ နည်းဥပဒေအရဆို ကျွန်တော်တို့က စနစ်တကျပြေးဆွဲရေးဆိုင်ရာ ကော်မတီတွေ ဖွဲ့ထားတာရှိပါတယ်။ ဒီအဖွဲ့တွေဟာ ရေယာဉ်ပိုင်ရှင်တွေ၊ ရေယာဉ်အသင်းတွေနဲ့ စုဖွဲ့ထားတာရှိပါတယ်။ ဒီအသင်းတွေအနေနဲ့က ထိရောက်စွာစနစ်တကျ မဆောင်ရွက်နိုင်တဲ့အပိုင်းတွေရှိပါတယ်။ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောရင် သူတို့အနေနဲ့ကလည်း လုပ်ရကိုင်ရတာ ခက်မှာပါ။ ခရီးသွားပြည်သူတွေက သွားချင်တယ်။ ဒီလောက်ဆိုတော်ပြီ မတက်ရဘူးလို့တားဆီးတဲ့ကိစ္စဟာ တော်တော်ခက်တဲ့ကိစ္စလို့မြင်ပါတယ်။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဆိုတာလည်း တိုင်းဒေသကြီး ဥပဒေ၊ နည်းဥပဒေတွေမှာ ကြည့်မယ်ဆိုရင် မုံရွာမှာပဲရှိပါတယ်။

ဟုမ္မလင်းကနေ ကြားဆိပ်ကမ်းတွေမှာလည်း စစ်ဆေးရေးအဖွဲ့ဆိုတာ မရှိပါဘူး။ ဒီမှာကတော့ ဌာနဆိုင်ရာပါပြီး ဖွဲ့စည်းထားတဲ့ စစ်ဆေးရေးအဖွဲ့တွေရှိပါတယ်။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ဦးစီးဦးဆောင်ပြီး တိုင်းဒေသကြီးအဖွဲ့နဲ့ ပုဂ္ဂလိကကဏ္ဍဖြစ်တဲ့ ရေယာဉ်အသင်းတွေ၊ ရေယာဉ်ပိုင်ရှင်တွေနဲ့ ပူးပေါင်းညှိနှိုင်းပြီးတော့ နောက်ဒီလိုဖြစ်ရပ်မျိုး မဖြစ်စေဖို့အတွက် အဘက်ဘက်ကနေ ညှိနှိုင်းပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုဖြစ်ရပ်မျိုးဖြစ်တဲ့အခါမှာ ရေယာဉ်ပိုင်ရှင်ကတော့ အဓိကပါ။ ရေယာဉ်အုပ်၊ ရေယာဉ်စက်ခန်းအုပ်တို့ကတော့ ရေယာဉ်ချွတ်ယွင်းချက်ကြောင့် ဖြစ်သွားတဲ့ မတော်တဆဖြစ်ရပ်ဆိုရင်တော့ ရေယာဉ်အုပ်က အဓိကဖြစ်ပါတယ်။ ဥပဒေတွေမှာလည်း အရေးယူဆောင်ရွက်ဖို့ ပြစ်ဒဏ်တွေ၊ နည်းလမ်းတွေရှိပါတယ်။ ပိုင်ရှင်နှစ်ဦးထဲက တစ်ဦးကတော့ ဖမ်းဆီးထားပြီလို့ သိရှိထားပြီးဖြစ်ပါတယ်။ ရေယာဉ်အုပ်ကတော့ လက်ရောက်မဖမ်းမိရသေးဘူးဆိုတာကို သိရှိရပါတယ်။ သက်ဆိုင်ရာ ဥပဒေအရ ကျွန်တော်တို့က သူတို့အပေါ်မှာ ထိထိရောက်ရောက်အရေးယူသွားမှာဖြစ်ပါတယ်။"




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ချင်းတွင်းမြစ်အတွင်း အမြန်ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်စဉ်။

**အမေး၊ အရေး - မော်စီ၊ ဓာတ်ပုံ - ထိန်နန်နော်**

## ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ အချိန်မီ၊ အချိန်ကိုက်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးသင့်သည့် သီးနှံပုံစံများ နှိုးဆော်ချက်

စိုက်ပျိုးရေးဦးစီးဌာနသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေပြီး အကျိုးအမြတ်များသည့် လယ်ယာသီးနှံများနှင့် အာဟာရပြည့်ဝသောလယ်ယာထွက်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုနိုင်စေရေး၊ ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုနှင့်ကိုက်ညီသည့်သီးနှံပုံစံများကို အောက်ဖော်ပြပါအခြေခံအချက်များဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၁။ ရေရရှိမှုသေချာသည့် ဆည်ရေသောက်ဧရိယာများတွင် စပါးအခြေခံသီးနှံပုံစံများကို နှစ်သီး(သို့မဟုတ်) သုံးသီးစိုက်ပျိုးသွားရန်၊ ဆည်ရေလုံလောက်မှုမရှိသော ဧရိယာများတွင် စပါးအပြီး သီးထပ်သီးနှံများအဖြစ် ရေလိုအပ်ချက်နည်းသော (ပဲမျိုးစုံ၊ ဆီထွက်သီးနှံ)၊ သက်တမ်းတိုမျိုးများ ရွေးချယ်စိုက်ပျိုးရန်။
၂။ မိုးကောင်းသောက် ဧရိယာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုလျော့နည်းသော ဒေသများရှိ လယ်မြေဧရိယာဖြစ်ပါက သက်တမ်းတိုအထွက်ကောင်းမျိုးများဖြင့် နှစ်သီးပုံစံဖြင့် စိုက်ပျိုးသွားရန်။
၃။ မိုးကောင်းသောက် ဧရိယာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုလျော့နည်းသော ဒေသများရှိ ယာမြေဧရိယာဖြစ်ပါက သက်တမ်းတိုအထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်၍ သီးညှပ်ပုံစံဖြင့် စိုက်ပျိုးသွားရန်။
၄။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများသောဒေသများရှိ ရေလွှမ်းမိုးမှု၊ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သောဧရိယာများ၌ ရေမြုပ်ခံစပါးမျိုး ပြောင်းလဲစိုက်ပျိုး၍ ရေကျသွားပါက သက်တမ်းတို အထွက်ကောင်းသော စပါးမျိုးများ (ရက်-၉၀၊ ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ဆင်းနွယ်ရင်၊ ရွှေမြန်မာ၊ ရတနာအောင်၊ ရတနာတိုး၊ IR-747၊ MR-9၊ ထွန်းသီရိ၊ ရွှေမနော်၊ ရေဆင်း-၃) စသည့်မျိုးများ ဦးစားပေးစိုက်ပျိုးရန်။
၅။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများသောဒေသများရှိ ရေလွှမ်းမိုးမှု၊ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သောဧရိယာများ၌ ရေကျသွားပါက စပါးစိုက်ရန် အချိန်မမီပါက ပြောင်းသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံများကို အကျိုးအမြတ်ရှိပြီး ဒေသရေမြေနှင့်ကိုက်ညီသော သီးနှံများကို ရွေးချယ်စိုက်ပျိုးသွားရန်။
၆။ ယာမြေဧရိယာတွင် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ပါက သီးညှပ်ပုံစံ (သို့မဟုတ်) သီးနှံသစ်တောပုံစံ စိုက်ပျိုးသွားရန်။
၇။ သီးနှံများရွေးချယ်ရာတွင် သက်တမ်းတိုသော သီးနှံမျိုးကွဲနှင့် ရေလိုအပ်ချက်နည်းသော သီးနှံများကို ဦးစားပေးရွေးချယ်ရန်။
၈။ ဖြစ်ပေါ်နေသော ရာသီဥတုနှင့် ကိုက်ညီသည့် စိုက်ပျိုးသင့်သည့် သီးနှံပုံစံများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**❖ ကျောဖုံးမှ**

တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့်ဖြစ်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး ပြန်ကွေ့ကာ မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ထို့ပြင် မြန်မာ့ကမ်းရိုးတန်း (မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းဒေသ)သည် အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏ အဝန်းအဝိုင်းအတွင်း ရောက်ရှိနေပါသဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး မုန်တိုင်းဒီရေအမြင့်ဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲခရိုင်တို့တွင် နှစ်ပေမှ ငါးပေခန့်အထိ မြင့်တက်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာကာ နေရာကွက်၍ မိုးကြီးနိုင်ပြီး မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ ပြည်တွင်းရေကြောင်းသွားလာရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**

# အောင်စိုးမိုးကျော်-၂ ဆယ်ယူရာတွင် သက်စွန့်ဆံဖျားကြိုးပမ်းခဲ့သူများအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်

**မုံရွာ အောက်တိုဘာ ၂၄**

အောင်စိုးမိုးကျော်-၂ ရေယာဉ်နစ်မြုပ်ရာတွင် ပြန်လည်ဆယ်ယူ၍ ရုပ်အလောင်းများထုတ်ရာတွင် ဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ တပ်မတော်သား နှစ်ဦးတို့နှင့်အတူ မော်တော်ဆယ်ယူရာတွင် သက်စွန့်ဆံဖျားကြိုးပမ်းခဲ့သော အိုင်တောင်ရွာမှ ဦးရွှေဘနှင့် လေးဦးအဖွဲ့အား ဂုဏ်ပြုငွေချီးမြှင့်ပေးအပ်ခြင်းကို အဆိုတော်လင်းလင်း၊ ဦးမျိုးဝင်းလေးနှင့် ရွှေပြန်လည်ရရှိသူတို့က အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ဘုရားကြီးရပ် ဗိုလ်ချုပ်လမ်းရှိ ဦးမျိုးဝင်းလေး၏ တိုက်တွင် ပြုလုပ်သည်။ အဆိုတော်လင်းလင်းက ရေငုပ်အဖွဲ့ လေးဦး၊ မီးသတ်တပ်ဖွဲ့ဝင် လေးဦးနှင့် တပ်မတော်သား နှစ်ဦး စုစုပေါင်း ၁၀ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ ဦးမျိုးဝင်းလေးမိသားစုက မီးသတ်တပ်ဖွဲ့ဝင် လေးဦးနှင့် တပ်မတော်သားနှစ်ဦး စုစုပေါင်း ခြောက်ဦးအား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီကိုလည်းကောင်း၊ ရွှေတစ်ပိဿာကျော်ပြန်တွေ့သော ဖောင်းပြင်သယောင်းရွာ ဝင်းပပရွှေဆိုင်ပိုင်ရှင် ဦးဝင်းကိုနှင့် ထွန်းစတိုးပိုင်ရှင် ဦးသန်းထွန်းဝေတို့က ရေငုပ်အဖွဲ့ လေးဦးကို တစ်ဦးလျှင် နှစ်သိန်းခွဲစီကိုလည်းကောင်း ပေးအပ်ဂုဏ်ပြုခဲ့သည်။ တေးသံရှင်လင်းလင်းနှင့် ဇနီး ချစ်သုဝေတို့က ယနေ့လှူဒါန်းသော ငွေကျပ် ၁၀ သိန်းအပြင် ယမန်နေ့ကလည်း ရေယာဉ်မြုပ်၍ ဆုံးပါးသွားသူများ၏ မိသားစုဝင်များအတွက် ငွေကျပ်သိန်း ၃၀ ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ရေယာဉ်နစ်လို့ ဆုံးပါးသွားသူတွေရဲ့ မိသားစုအတွက် ငွေကျပ်သိန်း ၃၀ ကို မနေ့က တိုင်းဒေသကြီးအစိုးရကတစ်ဆင့်လှူခဲ့ပါတယ်။ ဒီနေ့မှာလည်း ကူညီကယ်ဆယ်ခဲ့တဲ့သူ ၁၀ ဦးကို တစ်ဦးလျှင် တစ်သိန်းနှုန်းပေးအပ်ချီးမြှင့်တာပါ။ ကျွန်တော့်မိသားစုအနေနဲ့ တတ်နိုင်တဲ့ဘက်ကနေ နိုင်တဲ့ဝန်နဲ့ ပေးအပ်ချီးမြှင့်တာဖြစ်ပါတယ်။ အကြောင်းကြောင်းကြောင့် သဘာဝဘေးအန္တရာယ်ပဲဖြစ်ဖြစ်၊ ခုလိုအက်ဆီးဒင့်ဖြစ်တာပဲဖြစ်ဖြစ် ဒုက္ခရောက်တဲ့သူတွေကို တတ်နိုင်သလောက်ကူညီတာဖြစ်ပါတယ်"ဟု တေးသံရှင်လင်းလင်းက ကူညီကယ်ဆယ်ရေးအဖွဲ့များသို့ ပေးအပ်ချီးမြှင့်အပြီးတွင် ပြောသည်။

တေးသံရှင်လင်းလင်းက မုံရွာမြို့ပရိသတ်များအား တစ်ကိုယ်တော်ဖျော်ဖြေမှုအဖြစ် အောက်တိုဘာ ၂၃ ရက် ညပိုင်းတွင် မုံရွာပြည်သူ့အားကစားကွင်းအတွင်း သီဆိုဖျော်ဖြေမည်ဖြစ်ရာ ယခုကဲ့သို့ပေးအပ်ချီးမြှင့်ရန်နှင့် ကြုံကြိုက်နေသည့်အတွက် လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။ တေးသံရှင်လင်းလင်းက အောက်တိုဘာ ၂ ရက်တွင် မန္တလေးမြို့၌ တစ်ကိုယ်တော်သီဆိုပွဲ ကျင်းပခဲ့သလို မုံရွာမြို့ပြီးလျှင် တောင်ကြီးမြို့၊ မကွေးမြို့နှင့် ရန်ကုန်မြို့တို့တွင် တစ်ကိုယ်တော် သီဆိုပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း တေးသံရှင်လင်းလင်းထံမှ သိရသည်။

**(မျိုးဝင်းထွန်း -မုံရွာ)**

## ဒလ၌ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေး စီမံကိန်းဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း အခမ်းအနားကျင်းပ



**ဒလ အောက်တိုဘာ ၂၄**
ရန်ကုန်မြစ်ကို ဖြတ်ကျော်၍ ရန်ကုန်ဘက် ဘုန်းကြီးလမ်းနှင့် ဒလဘက်ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်တည်ဆောက်မည့် ရွှေရောင်အိပ်မက်ဟု တင်စားခေါ်ဝေါ်နေသော မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်နိုင်ရေးအတွက် “စီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း” အခမ်းအနားကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက ဒလမြို့ ကမာကဆစ် အနောက်ကျောင်းတိုက် ပင်မကျောင်းဆောင်အပေါ်ထပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီး(မြို့ပြ)(တည်ဆောက်ရေး)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက စီမံကိန်းဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ Eguard Environmental Services-Co,Ltd. မှ အကြီးတန်းအတိုင်ပင်ခံအရာရှိ ဒေါ်မြတ်မွန်ဆွေက ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း (ESIA)ဆောင်ရွက်ရန်လိုအပ်ချက်နှင့် နည်းလမ်းများ၊ လူထုတွေ့ဆုံပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်၊ မူဝါဒ၊ ဥပဒေရေးရာနှင့် အဖွဲ့အစည်းကန့်သတ်ချက်၊ စီမံကိန်းဆိုင်ရာဖော်ပြချက်နှင့် ရွေးချယ်နိုင်သည့် အခြားနည်းလမ်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ဖော်ပြချက်၊ ထိခိုက်သက်ရောက်မှုများနှင့် ဆန်းစစ်ခြင်း၊ ထိခိုက်မှုလျော့ချနိုင်မည့် နည်းလမ်းများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးနှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်၊ လူထုနှင့်တွေ့ဆုံညှိနှိုင်းခြင်းနှင့် ထုတ်ပြန်ခြင်းစသည့် (ESIA) ဆိုင်ရာ အချက်အလက်ကိုးချက်ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးကျော်ရင်၊ ဦးမောင်မောင်၊ ဦးမြင့်ဦးနှင့် တက်ရောက်လာကြသော ဒလမြို့ခံပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးအကြံပြုကြရာ တာဝန်ရှိသူများက မှတ်တမ်းပြုပြန်လည်ဖြေကြားပေးခဲ့ကြသည်။

အလားတူ ထိုနေ့ နံနက်ပိုင်းက လမ်းမတော်မြို့နယ် အထက(၁) မြမာလာခန်းမ၌ အဆိုပါတံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ဆွေးနွေးပွဲကျင်းပခဲ့ရာ လမ်းမတော်မြို့နယ်နေ ပြည်သူအများစုက လိုလားသော်လည်း ဘုန်းကြီးလမ်းနေ တိုက်ခန်းပိုင်ရှင်များက ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

ဒလမြို့သူ မြို့သားများ၏ ရွှေရောင်အိပ်မက် အဆိုပါတံတားသည် ကြိုးဆိုင်းလေးလမ်းသွား တံတားဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့် ပေ ၁၆၀၊ အရှည် ၆၁၄၄ ပေ၊ ရေလမ်းကင်းလွတ်အရှည် ၈၂၃ ပေ၊ ယာဉ် တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်ဖြစ်ပြီး ချဉ်းကပ်တံတားအမြင့် ဒလဘက် ၁၄၁ ပေနှင့် ရန်ကုန်ဘက် ၁၃၈ ပေ ဖြစ်ကြောင်းနှင့် ဆူညံသံကို သံပိုင်ငြိမ်သည့် Noise Burrier တပ်ဆင်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သန်းဌေး(ဒလ)**

## မိဘမဲ့ကလေးများနှင့် စစ်ဘေးရှောင်ကလေးငယ်များအား ငွေနှင့် ပစ္စည်းလှူ



**ရန်ကုန် အောက်တိုဘာ ၂၄**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေး ၈၅ မိုင် ၅ ဖာလုံရှိ အဝါရောင်မျိုးဆက်သစ်လူငယ်များ ပရဟိတအဖွဲ့ (YGW) မှ ဖွင့်လှစ်ထားသော မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းသို့ ရန်ကင်း Online ပရဟိတအဖွဲ့မှ အလှူငွေ၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို အောက်တိုဘာ ၂၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် ကျောင်းထိုင်ဆရာတော်ထံ ရန်ကင်း Online ပရဟိတအဖွဲ့မှ ဥက္ကဋ္ဌအဖွဲ့ဝင်များက ပညာရေးပဒေသာပင်အတွက် ငွေကျပ်ခြောက်သိန်းနှင့် ကလေးများအတွက် စားသောက်ဖွယ်ရာများ၊ ကလေးကစားစရာများနှင့် အဝတ်အထည်များကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါကျောင်းတွင် မိဘမဲ့ကလေးများ၊ ဆင်းရဲချို့တဲ့သော တိုင်းရင်းသားကလေးငယ်များနှင့် စစ်ဘေးရှောင်ကလေးငယ် စုစုပေါင်း ၂၂၃ ဦးကို စောင့်ရှောက်ပညာသင်ကြားပေးနေပြီး ထိုကလေးငယ်များအနက် ၁၂ ဦးမှာ လသားအရွယ် ကလေးငယ်များဖြစ်ကြောင်း သိရသည်။

**(ညီညီ)**




## ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပြိုင်ပွဲ စာရင်းသွင်းခြင်း ထပ်မံနှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၂၄**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော “အဆင့်မြင့်မြို့တော် တည်ဆောက်ဖို့ စည်းကမ်းကိုယ်စီလိုက်နာစို့” ပြိုင်ပွဲခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပြိုင်ပွဲအား ပေးပို့ပြိုင်ပွဲနှင့် လက်တွေ့ပြိုင်ပွဲဟူ၍ ကဏ္ဍနှစ်ရပ်ဖြင့် ပြိုင်ပွဲများပြုလုပ်ပေးသွားမည်ဖြစ်ရာ ပေးပို့ပြိုင်ဝင်ကားချပ်များအား အောက်တိုဘာ ၂၈ ရက် နောက်ဆုံးပေးပို့ကြရန်နှင့် လက်တွေ့ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား ကျောင်းသူများသည် ပြိုင်ပွဲဝင်အမည်စာရင်းများအား အောက်တိုဘာ ၂၈ ရက် နောက်ဆုံးထားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန(မြေညီထပ်)သို့ နောက်ဆုံးစာရင်းပေးသွင်းကြပါရန် သက်ဆိုင်ရာမှ ထပ်မံအသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(စောသိန်းဝင်း)**

## ဗြိတိန်နိုင်ငံ၏ ကမ္ဘာတစ်ဝန်း အနာဂတ်အကျိုးစီးပွား အတူတကွလုပ်ဆောင် အနာဂတ်ခေါင်းဆောင်များ တွေ့ဆုံအစီအစဉ်သို့ တက်ရောက်ခဲ့

**ရန်ကုန် အောက်တိုဘာ ၂၄**
ဗြိတိန်နိုင်ငံအစိုးရ၏ ဖိတ်ကြားမှုဖြင့် ကမ္ဘောဇဘဏ်လီမိတက် အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းသည် ယခုနှစ် စက်တင်ဘာလအတွင်း လန်ဒန်နှင့် နယူးကာဆယ်မြို့များ၌ ပြုလုပ်သည့် International Leaders Programme သို့ ၁၀ ရက်ကြာ တက်ရောက်ခဲ့ကြောင်း သိရသည်။ ဒေါ်နန်းလိုင်းခမ်းကို မြန်မာနိုင်ငံ၏ ပထမဆုံး ကိုယ်စားလှယ်အဖြစ် ကမ္ဘာတစ်ဝန်းမှ ကိုယ်စားလှယ် ၁၂ ဦးနှင့်အတူ International Leaders Programme သို့ တက်ရောက်ရန် ဗြိတိန်အစိုးရက ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ ဗြိတိန်အစိုးရ၏ ဖိတ်ကြားစာတွင် “ဗြိတိန်နိုင်ငံ၏ ကမ္ဘာတစ်ဝန်း အနာဂတ်အကျိုးစီးပွားများကို အတူတကွ လက်တွဲလုပ်ဆောင်နိုင်မည့် အနာဂတ်ခေါင်းဆောင်များနှင့် တွေ့ဆုံလို၍ စီစဉ်ဆောင်ရွက်ခြင်း”ဟု ဖော်ပြပါရှိသည်။ ယခုအစီအစဉ်တွင် ဖိတ်ကြားခံရသူများသည် လေ့လာရေးခရီးများ၊ ပူးပေါင်းဆွေးနွေးမှုများ၊ ဗြိတိန်နိုင်ငံ၏ အနာဂတ်ကို ဆုံးဖြတ်ချက်ချနိုင်သည့် ထိပ်တန်းပုဂ္ဂိုလ်များ၊ မူဝါဒချမှတ်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်နေအိမ်ဖြစ်သည့် No.10 ဒေါင်းနင်းလမ်း၌ Johnny Hall (Asst. Private Secretary for Foreign Policy) နှင့် လည်းကောင်း၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးချုပ်ရုံး (Foreign and Commonwealth Office) တွင် The Rt Hon Boris Johnson MP (Secretary of State for Foreign and Commonwealth Affairs) နှင့် The Rt Hon Baroness Anelay of St Johns DBE တို့နှင့်လည်းကောင်း၊ Buckingham နန်းတော်၌ Ms. Sally Osman (Royal Families Director Communications)နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး ဗြိတိန်ပါလီမန်နှင့် Newcastle United Foundation သို့ သွားရောက်လေ့လာခဲ့ကြသည်။ ထို့အပြင် တစ်ဦးချင်းသီးခြားအစီအစဉ်အနေဖြင့် ဒေါ်နန်းလိုင်းခမ်းသည် Institute of Directors၊ Department for International Development (DFID)၊ Barclays Accelerator နှင့် Inspiring Women Campaign တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။

ယခုအစီအစဉ်သည် ဗြိတိန်နိုင်ငံအစိုးရ၊ နိုင်ငံခြားရေးနှင့် ဓနသဟာယနိုင်ငံများရုံး၏ ထင်ရှားသည့် အစီအစဉ်တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ အနာဂတ် ခေါင်းဆောင်များကို ရွေးချယ်ဖိတ်ကြားခြင်းဖြစ်ကာ မြန်မာနိုင်ငံနှင့်အတူ ဩစတြေးလျ၊ ဘရာဇီး၊ ကိုလံဘီယာ၊ ကိုဆိုဗို၊ ကာဂျစ်စတန်၊ တရုတ်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ မွန်ဂိုလီးယား၊ ဆားဘီးယား၊ ယူကရိန်းနှင့် ဥဇဘတ်ကစတန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံမှ အောင်မြင်နေသော အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဒေါ်နန်းလိုင်းခမ်းသည် ကမ္ဘောဇလေကြောင်းလိုင်း (AIR KBZ)၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI)၊ Kempinski Hotel- Nay Pyi Taw နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းတို့၏ ဥက္ကဋ္ဌ၊ ကမ္ဘောဇဘဏ်လီမိတက် အမှုဆောင်ဒါရိုက်တာတစ်ဦးဖြစ်ပြီး ၂၀၁၄ ခုနှစ် မတ်လမှ ဧပြီလအထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် ကျင်းပခဲ့သော Fortune /US State Department Global Women's Mentoring Program သို့လည်း Walmart CEO Rosalind Brewer ၏ Mentee အနေဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဒေါ်နန်းလိုင်းခမ်း ဦးဆောင်လျက်ရှိသော ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် လိုအပ်သောနေရာများတွင် ထိရောက်စွာ ကူညီလှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ ကျပ်ငွေ ၁၀၉ ဘီလျံကျော် လှူဒါန်းထားကြောင်း သိရသည်။ **(ဝဝဝ)**



## အနာပေါက်ရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးဟောပြောမည်

**ရန်ကုန် အောက်တိုဘာ ၂၄**
ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးရုံကြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ အောက်တိုဘာ ၂၈ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်း တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းဟန်က “အနာပေါက်ရောဂါနှင့် တိုင်းရင်းဆေးပညာ” အကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာများ တက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးနိုင်ကြောင်းသိရသည်။ **(ကြေးမုံ)**

## ပုဂံ-မန္တလေးအမြန်ရထား ရေကျော်နေ၍ ရေကျစောင့်နေရ

**တောင်သာ အောက်တိုဘာ ၂၄**
ပုဂံ-မန္တလေးအဆန်အမြန်ရထားမှာ ယနေ့နံနက်က တောင်သာမြို့နယ် တမိုက်သာဘူတာအနီးတွင် ရေကျော်နေ၍ ယနေ့ မွန်းလွဲ ၂ နာရီအထိ ရေကျစောင့်နေရကြောင်း နွားထိုးကြီးဘူတာမှ တာဝန်ရှိသူက ပြောသည်။

အစုန်အဆန် ပုဂံလော်ကယ်ရထားများမှာ မြင်းခြံအထိ ခုတ်ရနေ၍ ခရီးသွားများ အခက်အခဲမရှိကြဟု ဆိုသည်။ မန္တလေး-ပုဂံလမ်းတွင် ကားလမ်းရော၊ မီးရထားလမ်းပါ တောင်သာမြို့နယ်၌ ချောင်းရေကျော်မှုကြောင့် မကြာခဏ ခရီးသွားယာဉ်များ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

**(ဌေးမြင့်မောင်)**

# ကုန်သေတ္တာတင်ယာဉ်များ သတ်မှတ်ချိန်၊ သတ်မှတ်လမ်းကြောင်းအတိုင်းသွားလာရမည်



**ရန်ကုန် အောက်တိုဘာ ၂၄**

စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့တော်ခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ကော်မတီဝင် ဒေါ်မေမေသွယ်နှင့် ဌာနမှူးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ကုန်တင်ယာဉ်ကြီးများအသင်းနှင့် ကုန်သေတ္တာတင်ယာဉ်အသင်းတို့မှ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တွေ့ဆုံ၍ အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်တွင် ကုန်သေတ္တာတင်ယာဉ်များ စနစ်တကျသွားလာနိုင်ရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရန်ကုန်မြို့တွင် ယခုအချိန်အခါ၌ ပြည်သူများအနေဖြင့် ယာဉ်ကြောကျပ်တည်းမှု၊ တစ်နေရာမှတစ်နေရာ သွားလာရာတွင် အခက်အခဲများရှိမှု၊ အချိန်များစွာကုန်လွန်မှုများနှင့် လုပ်ငန်းဆောင်တာများ ကျဆင်းလာသည်ဟု ဝေဖန်မှုများရှိခဲ့ကြောင်း၊ ယင်းအခြေအနေများပေါ်မူတည်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့ဖြေရှင်းရမည်ကို များစွာစဉ်းစားခဲ့ကြောင်း၊ အများပြည်သူ အများဆုံးသွားလာနေကြသည့်ယာဉ်သွားလမ်းများ အသုံးပြုမှုအချိန်၊ ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများနှင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်လျက်ရှိသည့် ယာဉ်ကြီးများ သုံးစွဲသောအချိန်နှင့် လမ်းကြောင်းများအား ခွဲခြားပါက အဆင်ပြေမှုရှိနိုင်၊ မရှိနိုင် စသည်တို့တွင် မည်သို့လုပ်ဆောင်နိုင်လျှင် ကောင်းမည်ဆိုသည်ကို စဉ်းစားပြီး မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တာဝန်ပေးအပ်ခဲ့သည်ဟု မြို့တော်စည်ပင်အတွင်းရေးမှူးက ပြောကြားခဲ့သည်။

ကုန်တင်ယာဉ်ကြီးများအသင်းနှင့် ကုန်သေတ္တာတင်ယာဉ်များအသင်းတို့မှ ဥက္ကဋ္ဌများက ကုန်သေတ္တာတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်အခက်အခဲများနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့ယာဉ်ကြောကျပ်တည်းမှုပြေလျော့နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြကာ ကော်မတီဝင် ဒေါ်မေမေသွယ်က ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြောင်း စက်တင်ဘာ ၂၇ ရက်တွင် မြို့တော် သတင်းစာတွင် ဖော်ပြထားသည်။

အောက်တိုဘာ ၁၉ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာတစ်စောင်၏ မျက်နှာဖုံးတွင်လည်း ရန်ကုန်ယာဉ်ကြောကျပ်တည်းမှုပြေလျော့ရေး ကုန်သေတ္တာယာဉ်များ နိုဝင်ဘာ ၁ ရက်မှစပြီး သတ်မှတ်လမ်းကြောင်းအတိုင်း ညပိုင်း၌သာ ဖြတ်သန်းခွင့်ပြုတော့မည်ဆိုသော သတင်းခေါင်းစဉ်ဖြင့် မျက်နှာဖုံးတွင် ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။

နိုဝင်ဘာ ၁ ရက်မှစ၍ သတ်မှတ်ထားသော ကုန်သေတ္တာယာဉ်သွားလာမည့် လမ်းကြောင်းများတွင် ည ၉ နာရီမှ နံနက် ၅ နာရီခွဲအတွင်းသာ ဖြတ်သန်းခွင့်ပြုရန်အတွက် ညှိနှိုင်းဆွေးနွေးနေကြသည်။ နံနက်ပိုင်းတွင် တည်ဆောက်ထားပြီးဖြစ်သည့် ကုန်တင်ယာဉ်ရပ်နားစခန်းများတွင် ရပ်နားထားရမည်။ ယင်းအစီအမံ စတင်ဆောင်ရွက်သည့်ကာလတွင် ကုန်သေတ္တာတင်ယာဉ်ကြီးများ ဝင်လာပါက ယာဉ်ထိန်းရဲများက ဖမ်းဆီး စစ်ဆေးအရေးယူသွားမည်ဟု ယင်းသတင်းတွင် ဖတ်ရသည်။

အများပြည်သူ သိရှိရန် တရားဝင်သတင်းထုတ်ပြန်ထားမှုမရှိသေးသော်လည်း ယင်းအစီအမံလုပ်ဆောင်ရန် ရှိသည်ဟု ကုန်သေတ္တာတင်ယာဉ်ပိုင်ရှင်အချို့က ပြောနေကြသည်။

ကုန်သေတ္တာတင်ယာဉ် အများအပြားသွားလာနေသော လမ်းကြောင်းများအနက် အလုံနှင့် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကမ်းနားလမ်းမ၊ ကမာရွတ်-လှိုင်-မရမ်းကုန်း-အင်းစိန်မြို့နယ်အတွင်းရှိ ဘုရင့်နောင်လမ်းမကြီးများတွင် ကုန်သေတ္တာတင်ယာဉ် သွားလာမှုများသောနေ့ရက်များ၏နေ့လယ်ပိုင်း၊ ညဦးပိုင်းတို့တွင် ယာဉ်ကြောကျပ်တည်းမှု နာရီရှည်ကြုံတွေ့နေရသည်ဟု ယင်းလမ်းကြောင်းပေါ် ဖြတ်သန်းသွားလာနေသော ယာဉ်မောင်း၊ ယာဉ်လုပ်သားများ၊ ယာဉ်စီးခရီးသည်များက ပြောဆိုနေမှုရှိသည်။ ကြည့်မြင်တိုင်စံပြငါးဈေးရှေ့ရှိ ကမ်းနားလမ်းနှင့် သီရိမင်္ဂလာ ဈေးသစ်ရှေ့ ဘုရင့်နောင်လမ်းမကြီးတို့တွင် ညပိုင်းမှ နံနက်ခင်းပိုင်းထိ ကုန်သေတ္တာတင်ယာဉ်သွားလာမှုများပြားခြင်းမရှိသော်လည်း ယာဉ်ကျပ်တည်းမှုကြုံတွေ့နေရတတ်ရာ အခြားလမ်းကြောင်းမှ လမ်းကြောင်းပြောင်းသွားလာ မောင်းနှင်နေရသည်ဟု ဗားကရာကြံဒိုင်သို့ ကြံစည်းများ လာရောက်ပေးပို့နေသည့် ကုန်တင်ယာဉ်ငယ် ယာဉ်မောင်း ကိုဖိုးခွားက ပြောသည်။

ပေ ၂၀ ကုန်သေတ္တာတစ်လုံးလျှင် ဘုရင့်နောင်ပွဲရုံမှရန်ကုန်ဆိပ်ကမ်းသို့ ကုန်သေတ္တာယာဉ်ကားခမှာ ကျပ်ရှစ်သောင်းဝန်းကျင်သာရရှိသည်။ ယင်းပစ္စည်းထည့်မည့် ကုန်သေတ္တာအခွံကိုလည်း သွားရောက်ပေးပို့ရမှုရှိသည်။ နိုဝင်ဘာလအတွင်း ညပိုင်းသာကုန်သေတ္တာတင်ယာဉ်သွားလာခွင့်ပြုလျက် ကုန်သေတ္တာအတွင်းပစ္စည်း အတင်အချပြုလုပ်မှုနှင့် ကုန်သေတ္တာအသွားအပြန် ပို့ဆောင်မှုတို့တွင် အချိန်ပိုလာမှုရှိပြီး ကုန်ကျစရိတ်များလာနိုင်ရာ ကားခလည်း မြင့်တက်လာနိုင်သည်ဟု ကုန်သေတ္တာတင်ယာဉ်ပိုင်ရှင် ကိုသီဟက ပြောသည်။

ရန်ကုန်မြို့တွင်း ကုန်သေတ္တာတင်ယာဉ်သွားလာသည့် လမ်းကြောင်းမဟုတ်သော ပြည်လမ်း၊ ကမ္ဘာအေး စေတီလမ်း၊ အနော်ရထာလမ်း စသည့် လမ်းမကြီးများတွင်လည်း ယာဉ်ကြောကျပ်တည်းမှုကို နေ့စဉ်နာရီအတန်ကြာ တွေ့ကြုံခံစားရမှုရှိနေဆဲဖြစ်သည်။ နိုဝင်ဘာလအတွင်း စီမံဆောင်ရွက်ရန်ပြင်ဆင်နေသော ကုန်သေတ္တာယာဉ်ကြီးများ သတ်မှတ်ထားသောလမ်းကြောင်းများတွင် ညပိုင်းသာ အသုံးပြုခြင်း၊ စတင်အကောင်အထည်ဖော်သည့်ရက်များအတွင်း၊ အထူးသဖြင့် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကမ်းနားလမ်းမနှင့်ကမာရွတ်မြို့နယ် လှိုင်-မရမ်းကုန်း-အင်းစိန်မြို့နယ်များအတွင်းရှိ ဘုရင့်နောင်လမ်းမကြီးများပေါ်တွင် နေ့ပိုင်းကာလ ယာဉ်ကျပ်တည်းမှု လျှော့ချနိုင်ခြင်း ရှိ၊ မရှိ မြင်တွေ့လာရနိုင်သည်။

ရန်ကုန်မြို့လယ်ရှိကားလမ်းများဘေးနှင့် လူသွားလမ်းများပေါ်တွင် ဈေးတည်ခင်းရောင်းချနေသော ဈေးသည်များအား သက်ဆိုင်ရာမှ ကမ်းနားလမ်း ညဈေးသို့ ပြောင်းရွှေ့ဈေးရောင်းချရန် စနစ်တကျပြင်ဆင်လုပ်ဆောင်နေဆဲဖြစ်သည်။ ယင်းဖြစ်စဉ်ကြောင့် ရန်ကုန်မြို့လယ် ယာဉ်ကျပ်တည်းမှုဖြစ်စေသည့် ဈေးရောင်းချမှုသည်လည်း ရှင်းလင်းသွားနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးမှုအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လုပ်ဆောင်နေသည့် ကုန်သေတ္တာယာဉ်များ ညပိုင်းသွားလာစေခြင်းနှင့် လမ်းဘေးဈေးသည်များစနစ်တကျ ရောင်းချရန် စီမံဆောင်ရွက်ခြင်းတို့ကြောင့် အများပြည်သူနေ့စဉ်ကြုံတွေ့နေရဆဲဖြစ်သော လမ်းများပေါ်တွင် အချိန်များစွာကုန်ဆုံးနေရမှုများ လျော့နည်းလာနိုင်မည်ဟု အင်းစိန်မြို့နယ် အောင်ဆန်းဈေးမှတ်တိုင်မှ ကျောက်တံတားမြို့နယ် ကမ်းနားလမ်းရှိ ကုမ္ပဏီလုပ်ငန်းခွင်သို့ နေ့စဉ်အလုပ်လာရောက်လုပ်ကိုင်နေသည့် ၄၄ ယာဉ်လိုင်းစီး ခရီးသည် ကိုသန်းကျော်ဌေးက ပြောသည်။

**(မောင်စေအောင်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ကိုးသောင်းကျော် ထုတ်ချေးပေးခဲ့

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ ချထားပေးရာတွင် မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးရန်လျာထားငွေကျပ် သန်းပေါင်း ၉၆၅၂ ဒသမ ၅၉ အနက် ကျပ်သန်းပေါင်း ၉၃၈၈၀ ဒသမ ၁၁ ကို ထုတ်ချေးပေးခဲ့ပြီး ဖြစ်ကြောင်း အဆိုပါဘဏ်မန်နေဂျာ ဦးဝင်းမြင့်က ပြောသည်။

"မိုးရာသီစိုက်ပျိုးစရိတ်ကို စက်တင်ဘာလမှာ နောက်ဆုံးချေးပေးတယ်။ စိုက်ပျိုးစရိတ်ချေးပေးနိုင်ဖို့ ကြိုတင်ပြီး ရုံးချုပ်ကိုတင်ပြတောင်းခံရတယ်။ တကယ် ချေးငွေထုတ်ပေးတော့ မိုးရာသီစိုက်ပျိုးစရိတ်က ပိုလျှံနေလို့ ပြန်လည်အပ်နှံခဲ့တယ်"ဟု ၎င်းက ပြောသည်။ စိုက်ပျိုးစရိတ်ချထားပေးရန် တောင်သူများထံမှ စာရင်းကောက်ယူပြီး ရုံးချုပ်သို့ ချေးငွေလျာထားချက်တင်ပြတောင်းခံပြီးချထားခဲ့ရာမှ စီမံကိန်းလျာထားချက်တွင် မပါဝင်ခြင်း၊ အချို့ကျေးရွာများတွင် ပုံစံ(၇)အချိန်မီမရရှိခြင်းနှင့် တောင်သူများကိုယ်တိုင် ချေးငွေမယူတော့ခြင်းတို့ကြောင့် ချေးငွေပိုလျှံ၍ ပြန်လည်အပ်နှံခြင်းများလည်းရှိကြောင်း သိရသည်။

"တောင်သူက ချေးငွေတင်ပြလာတဲ့အခါ မြေအမျိုးအစားအရ စိုက်မယ့်သီးနှံအတိုင်းစိုက်၊ ဘဏ်က ချေးငွေထုတ်ပေးတယ်။ တချို့က စိုက်ပျိုးသီးနှံကို လိမ်လည်လျှောက်ထားတာတွေ ရှိတယ်။ ပုံစံ(၇)နဲ့ အမှန်အကန်စိစစ်တယ်။ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်တာပါ" ဟု ၎င်းက ပြောသည်။ စိုက်ပျိုးစရိတ်အဖြစ် လယ်မြေတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲ၊ ယာမြေတစ်ဧကလျှင် ကျပ်နှစ်သောင်းချေးယူခွင့်ရှိကြောင်း၊ ချေးငွေပိုမိုရယူလိုမှုကြောင့် လယ်မြေအတွက် ချေးငွေရယူပြီး စပါးမစိုက်ဘဲ ယာမြေသီးနှံများ စိုက်ပျိုးထားသည်ကို စစ်ဆေးတွေ့ရှိပါက ချေးငွေချက်ချင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်သည့်အပြင် လိမ်လည်မှုဖြင့်လည်း အရေးယူနိုင်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**အုတ်ဖို အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် အောက်တိုဘာ ၁၈ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောမိုးသောင်းထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာစိုက်ထူပေးခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်(ရွှေဈေး) ၈၆၇၅၀၀ - ၈၆၈၅၀၀၊ မန္တလေး(ရွှေဈေး) ၈၆၇၅၀၀ - ၈၆၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၅၀/၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၇၀/ ၆၉၀ ကျပ်၊ | ၇၆၀/ ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၆၇၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၅ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၅၈၅ ကျပ်

**၁၇-၁၀-၂၀၁၆ ရက်နေ့မှ ၂၂-၁၀-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၉၉ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၀၄ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၇. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈. ၄၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၃၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၅၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၀၅၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၇. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၄၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၀. ၁၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၅. ၄၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




## အန်ဂျလီနာဂျိုလီနှင့်ဘရက်ပစ်တို့ ပိုင်ဆိုင်မှုများကို စတင်ရောင်းချ

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့စုံတွဲတစ်တွဲဖြစ်တဲ့ အန်ဂျလီနာဂျိုလီနဲ့ ဘရက်ပစ်တို့ရဲ့အချစ်ခရီးဟာ ဆယ်စုနှစ်တစ်ခုကျော်ကြာ လက်တွဲခဲ့ပြီးတဲ့နောက် ဂျိုလီဘက်က စတင်တောင်းဆိုမှုတွေနဲ့ လမ်းခွဲကြဖို့ ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ ဘရက်ပစ်ဟာ သူ့ရဲ့ကလေးတွေကိုရိုက်နှက်ခဲ့တယ်လို့ စွပ်စွဲခဲ့ပြီး ယခုလိုလမ်းခွဲဖို့တောင်းဆိုခဲ့တာဖြစ်ပါတယ်။ လတ်တလောအထိ တရားဝင် အပြီးသတ်ကွာရှင်းခြင်း မပြုရသေးပေမယ့် သူတို့နှစ်ဦးပိုင်ဆိုင်တဲ့ ပိုင်ဆိုင်မှုတွေကိုတော့ စတင်ရောင်းချနေပြီဖြစ်တယ်လို့ အေစ့်ရှီးဘေ့ဒ့်ေါကွန်းက ဖော်ပြခဲ့ပါတယ်။

ဒီခါးသီးတဲ့လမ်းခွဲမှုရဲ့ အဆုံးသတ်မှာတော့ ပြင်သစ်မှာရှိတဲ့ သူတို့နှစ်ဦးပိုင် အိမ်ကြီးတစ်လုံးနဲ့ စပျစ်ခြံကို ဈေးကွက်အတွင်း စတင်ရောင်းချခဲ့တာဖြစ်ပါတယ်။ ယင်းခြံကြီးကို ၂၀၁၂ ခုနှစ်က အမေရိကန်ဒေါ်လာ သန်းခြောက်ဆယ်နဲ့ ဝယ်ယူခဲ့တာဖြစ်ပါတယ်။

ဒ့ါအပြင် ဂျိုလီက ဘရက်ပစ်နဲ့ အတူရှိခဲ့စဉ်အတွင်း သူ့ရဲ့ဆိုးရွားတဲ့အတွေ့အကြုံတွေကို ထုတ်ဖော်ပြောကြားပြီး အဆိုပါအကြောင်းအရာတွေကို စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခွင့်ပြုမှာဖြစ်တယ်လို့ သတင်းတွေထွက်နေပါတယ်။ ယင်းစာအုပ်မှာ ရေးသားဖော်ပြသွားမယ့်အချက်အလက်တွေကို အန်ဂျလီနာဂျိုလီက စာရေးသူထံ အမေရိကန်ဒေါ်လာ ငါးသန်းနဲ့ ရောင်းချသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ အသက် (၄၁)နှစ်အရွယ် ဂျိုလီက သူ့ရဲ့သားသမီး ခြောက်ဦးနဲ့အတူ လော့စ်အန်ဂျလိစ်မှာ နေထိုင်လျက်ရှိပြီး ဘရက်ပစ်ကတော့ စွပ်စွဲခံထားရတဲ့ကိစ္စနဲ့ပတ်သက်ပြီး FBIရဲ့ စုံစမ်းထောက်လှမ်းခြင်း ခံနေရပါတယ်။

## တေလာဆွစ်ရဲ့ ယခုနှစ်အတွင်းပထမဆုံးတေးဂီတဖျော်ဖြေပွဲ ကျင်းပ ချစ်သူဟောင်းအတွက်ရေးစပ်ထားတဲ့သီချင်းကို သီဆိုခဲ့



ဂရမ်မီဆုများရှင် အမေရိကန်ပေါ့ပ်အဆိုတော်တေလာဆွစ်ကို ဖျော်ဖြေရေးစင်မြင့်ပေါ်မှာ မတွေ့ရတာတစ်နှစ်ခန့်ရှိသွားပြီဖြစ်ပေမယ့် ပြီးခဲ့တဲ့ စနေနေ့က ကျင်းပခဲ့တဲ့ ဖော်မြူလာဝမ်းကားပြိုင်ပွဲရဲ့ ဖျော်ဖြေရေးစင်မြင့်ပေါ်ပြန်လည်တက်လှမ်းလာခဲ့တာတွေ့ရပါတယ်။ ဒီဖျော်ဖြေမှုဟာ တေလာဆွစ်ရဲ့ ၂၀၁၆ခုနှစ်အတွင်း ပထမဦးဆုံးသော ဖျော်ဖြေမှုလည်း ဖြစ်ပါတယ်။

အဆိုပါဖျော်ဖြေပွဲမှာ တေလာဆွစ်က သူ့ရဲ့ချစ်သူဟောင်း ဒီဂျေပညာရှင်တစ်ဦးဖြစ်သူ ကယ်ဗင်ဟဲရစ်ကို ရည်ရွယ်ရေးစပ်ထားတဲ့ တေးသီချင်းကိုလည်း သီဆိုဖျော်ဖြေခဲ့ကြောင်း အီးတီအွန်လိုင်းဒ့်ေါကွန်းက ဖော်ပြခဲ့ပါတယ်။

တေလာဆွစ်ဟာ "1989"တေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်း အဆုံးသတ်ခဲ့ပြီး ယင်းဖျော်ဖြေပွဲတွေအပြီး ယခုအကြိမ်မှ ပထမဦးဆုံးအနေနဲ့ ဖျော်ဖြေရေးစင်ပေါ်တက်လှမ်းခဲ့တာဖြစ်ပါတယ်။ ယခုဖျော်ဖြေပွဲကို ပရိသတ်တစ်သိန်းကျော်လာရောက်အားပေးခဲ့ပြီး တေလာက သူ့ရဲ့လူကြိုက်များတဲ့ တေးသီချင်းအပုဒ်နှစ်ဆယ်ခန့်နဲ့ သီဆိုဖျော်ဖြေခဲ့ပါတယ်။ ယင်းဖျော်ဖြေပွဲတွင် တေလာရဲ့ချစ်သူဟောင်းကယ်ဗင်ဟဲရစ်အတွက် ရည်ရွယ်ရေးစပ်ထားတဲ့တေးသီချင်း "This Is What You Came For" နဲ့လည်း သီဆိုဖျော်ဖြေခဲ့ကြောင်း သိရပါတယ်။

တေးရေးတစ်ယောက်ရဲ့ခံစားချက်နဲ့ ပတ်သက်ပြီး တေလာက "တေးရေးဆရာတစ်ယောက်အနေနဲ့ အကောင်းဆုံးသောခံစားမှုကတော့ တစ်စုံတစ်ရာကိုရေးသားနေရတာဖြစ်ပြီး ကိုယ်ရေးလိုက်တဲ့ စကားလုံးတွေကို လူစုလူဝေးလိုက် ပြန်ဆိုပြတာကို ကြားနေရတာ ကမ္ဘာပေါ်မှာ အဖိုးအထိုက်တန်ဆုံးခံစားမှုဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး တေလာက "ကျွန်မသီဆိုဖျော်ဖြေနေချိန်မှာ ပရိသတ်ကြီးလည်း နောက်ကနေလိုက်ပြီး သီဆိုချင်ရင်ဆိုနိုင်ပါတယ်။ ပရိသတ်တွေ ကိုယ့်သီချင်းကို လိုက်ပါသီဆိုကြတာကို နားထောင်ရတာ ဘယ်လိုခံစားမှုမျိုးလဲဆိုတာကို ကျွန်မလည်း သိနိုင်တာပေါ့"လို့ ပရိသတ်ကိုအတူ လိုက်ပါသီဆိုဖို့လည်း ပြောခဲ့ပါတယ်။

လတ်တလောမှာ တေလာဆွစ်ဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေပြုလုပ်နေကြောင်းလည်း သိရပါတယ်။

## ဖခင်တစ်ဦးဘဝကို ရောက်ရှိခဲ့ပြီဖြစ်တဲ့ ဘေရောင်ဂျွန်း



တောင်ကိုရီးယားထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ဘေရောင်ဂျွန်းနဲ့ မင်းသမီးပ့ါခ်စိုးဂျင်တို့ရဲ့ သားဦးရတနာကို အောက်တိုဘာ ၂၃ရက်က အောင်မြင်စွာ မွေးဖွားခဲ့ပြီးဖြစ်ကြောင်း ဘေရောင်ဂျွန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒ့်ေါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းမွန်ကြောင်းလည်း သိရပါတယ်။

ဘေရောင်ဂျွန်းနဲ့ ပ့ါခ်စိုးဂျင်တို့ဟာ ချစ်သူတွေအဖြစ် သုံးလကြာလက်တွဲခဲ့ပြီးနောက် ပြီးခဲ့တဲ့၂၀၁၅ခုနှစ် ဇူလိုင်လအတွင်း လက်ထပ်ခဲ့ကြတာဖြစ်ပါတယ်။ ပ့ါခ်စိုးဂျင်မှာ ရင်သွေးလေး လွယ်ထားရပြီဖြစ်ကြောင်းကိုတော့ ပြီးခဲ့တဲ့ဧပြီလအတွင်းက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။


## လီမင်ဟိုရဲ့ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

တောင်ကိုရီးယား ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင် "The Legend of the Blue Sea"ကို အွန်လိုင်းကနေတစ်ဆင့် စမ်းသပ်ထုတ်လွှင့်ပြသခဲ့ပြီး အဆိုပါဇာတ်လမ်းတွဲကို ရုံတင်ပြသသွားမယ့်ရက်ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း ဟန်စင်းနီးမား ဒ့်ေါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ လီမင်ဟိုဟာ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဂျွန်ဂျီဟွန်နဲ့ တွဲဖက်သရုပ်ဆောင်ထားပြီး ယင်းရုပ်ရှင်ကို လာမယ့်နိုဝင်ဘာ ၁၆ ရက်မှာ စတင်ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

"The Legend of the Blue Sea "ဟာ စိတ်ကူးယဉ်အချစ်ဇာတ်လမ်းတစ်ခုကို ပုံဖော်ရိုက်ကူးထားတဲ့ရုပ်ရှင်လည်းဖြစ်ပါတယ်။ မိနစ်ဝက်ခန့်ကြာမြင့်တဲ့ အစမ်းပြသခဲ့တဲ့ရုပ်ရှင်မှာတော့ မင်းသားလီမင်ဟိုဟာ ကမ်းခြေက ကျောက်ဆောင်တွေပေါ်မှာထိုင်ကာ တစ်စုံတစ်ယောက်ကိုစောင့်မျှော်ရင်း လွမ်းဆွေးနေပါတယ်။ ဒ့ါအပြင် ယင်းရုပ်ရှင်မှာ ယနေ့ခေတ်ရဲ့ ပုံရိပ်များပါဝင်သလို ဘုရင်ခေတ်ကပုံရိပ်များကိုလည်း တွေ့မြင်ရပါတယ်။

ယင်းရုပ်ရှင်ဟာ ကမ္ဘာပေါ်က နောက်ဆုံးမျိုးဆက်အဖြစ်ကျန်ရှိခဲ့တဲ့ ရေသူမလေးနဲ့ လူသားတစ်ဦးတို့ တွေ့ဆုံချစ်ကြိုက်ပြီး ကမ္ဘာပေါ်မှာအတူနေထိုင်သွားကြပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားတဲ့ ရုပ်ရှင်ဖြစ်တယ်လို့ ဟန်စင်းနီးမားဒ့်ေါကွန်းက ဖော်ပြခဲ့ပါတယ်။



**အေးပြည့် - စုစည်းသည်**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
## ၂၅ - ၁၀ - ၂၀၁၆ (အင်္ဂါနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၈း၃၅ ဥပဒေရေးရာအဖြာဖြာ "အဖိုးနည်းအိုးကွဲ" (ဦးစံပေါ၊ ရဲဦး၊ ဟိန်းထွဋ်ဝင်း၊ ဝင်းကို၊ စောယုနဒီ၊ စိုးပြည့်) [ဒါရိုက်တာ-ဝေဠု(ဝသန်)]
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်
- ၁၁း၃၅ မျက်မှောက်ရေးရာသုံးသပ်စရာ "လူ့အခွင့်အရေး"
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၁၇)
- ၁း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၅)
- ၂း၀၅ Yes or No Talk Show "View on Mountaineeing Sport or Adventure
- ၂း၁၅ "KARAOKE World Championships(KWC) Myanmar 2016" (Level-3)(Group-2)
- ၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၂၆)
- ၄း၁၅ "ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း"
- ၄း၃၅ Football Magazine (ရောဝတီယူနိုက်တက်အသင်း)
- ၅း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (လက်ရှိစတော့ဈေးကွက်နှင့် အနာဂတ်အလားအလာအကြောင်း) (အပိုင်း-၃)
- ၆း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ပက်ထရစ်ရှာ)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၂၇)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၆) -ပြည်သူ့နီတိ"အဆိပ်" (တိမ်ညွန့်၊ ဝင်းမြိုင်၊ ခင်မို့မို့အေး) (ဒါရိုက်တာ-မိုးဇော်ကို)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၂၅-၁၀-၂၀၁၆(အင်္ဂါနေ့)**

- ၆း၀၃ တရားတော်
- ၇း၁၅ မေတ္တာပို့
- ၇း၂၀ ဓမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၈း၁၅ DVD Hits
- ၈း၄၅ ခရီးလည်းသွား စကားလည်းဆို
- ၉း၁၀ World Wide Web
- ၉း၂၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၉း၄၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၁၀း၁၅ Books Guide
- ၁၀း၃၀ Guide For You
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၁၁း၂၅ Sportcast
- ၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၀၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၂း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၂၅ ကျန်းမာသုတ
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၀ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ Sport Review
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၆၆)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရှက်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၆၇)
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၁၀ Taste on The Street
- ၆း၃၅ Fashion King
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလကာ် အပိုင်း(၆၀) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ဟာသရုပ်စုံ - ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လက်ခုပ်ထဲကမျက်ရည် အပိုင်း(၅)

# တစ်ပတ်အတွင်းအားကစားသတင်းသုံးသပ်ချက်



### ဖာဂူဆန်ရွေးချယ်ပေးတဲ့ အကောင်းဆုံးကစားသမားဆိုတာ

မန်ယူဂုရုကြီး ဆာအဲလက်စ် ဖာဂူဆန်က သူ့ရဲ့ နည်းပြသက်တမ်းတစ်လျှောက်မှာ အကောင်းဆုံးကစားသမားလေးဦးက ကန်တိုနာ၊ ရှိုင်ယန်ဂစ်၊ ပေါလ်စခိုးလ်နဲ့ စီရိုနယ်လ်ဒိုတို့လေးဦးဖြစ်ပြီး ဒီထဲက အကောင်းဆုံးတစ်ယောက်ကို ရွေးထုတ်ပြပါဆိုရင်တော့ အခုထိလည်း ကမ္ဘာ့အကောင်းဆုံး ကစားသမားအဖြစ် ဆက်လက်ရပ်တည်ဆဲ စီရိုနယ်လ်ဒိုလို့ မှတ်ချက်ပြုပါတယ်။ စီရိုနယ်လ်ဒိုက မန်ယူမှာ ၂၀၀၃ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ ခြောက်နှစ်တာ ဖြတ်သန်းဖူးပြီး မန်ယူနဲ့ အတူ ပရီမီယာလိဂ်ဖလားသုံးကြိမ်နဲ့ ချန်ပီယံလိဂ်ဖလားတစ်ကြိမ် ဆွတ်ခူးခဲ့သူပါ။ ဖာဂူဆန်က ဝေါတာ ဘန်စီမန်ဆုကို လက်ခံရယူတဲ့ အခမ်းအနားမှာ စီရိုနယ်လ်ဒိုနဲ့ ပတ်သက်တဲ့ မှတ်ချက်စကားကို ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။

ဖာဂူဆန်က နည်းပြတွေဟာ ကစားသမားတွေရဲ့ဖန်တီးရှင်တွေလို့ ကိုယ့်ကိုယ်ကိုယ်သတ်မှတ်ကြပေမယ့် စီရိုနယ်လ်ဒိုကို ပုံဖော်ပေးခဲ့သူကတော့ စီရိုနယ်လ်ဒိုကိုယ်တိုင်ပဲဖြစ်တယ်လို့ ပြောပါတယ်။ ဖာဂူဆန်က "ကျွန်တော့်ဘဝမှာ ကန်တိုနာ၊ ပေါလ်စခိုးလ်နဲ့ ရှိုင်ယန်ဂစ်တို့လို ထူးချွန်ပြောင်မြောက်တဲ့ ကစားသမားသုံးဦးကို ဦးဆောင်ခွင့်ရခဲ့ပေမယ့် စီရိုနယ်လ်ဒိုကတော့ သူတို့နဲ့မတူတဲ့ အခြားပုံစံတစ်ရပ်မှာရှိနေသူပါ" လို့ ဆိုခဲ့ပါတယ်။ ဝေါတာ ဘန်စီမန်ဆုဟာ Kicker အားကစားမဂ္ဂဇင်းတည်ထောင်သူ ဘန်စီမန်ကို ဂုဏ်ပြုပြီး အားကစားလောကအတွင်း ထူးချွန်ဆုများကို ရွေးချယ်ပေးအပ်လေ့ရှိတဲ့ ဆုတံဆိပ်ဖြစ်ပြီး ဖာဂူဆန်က ၂၀၁၆ ခုနှစ်အတွက် ဘန်စီမန်ဆုကို ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့ အောက်တိုဘာ ၂၂ ရက်က လက်ခံရယူခဲ့တာဖြစ်ပါတယ်။

### အမေရိကန် ဂရင်းပရီချန်ပီယံ ဟာမီလ်တန်

အမေရိကန်ဂရင်းပရီမှာတော့ ဗြိတိန်သား ဟာမီလ်တန်က ရော့စ်ဘတ်ကို နောက်ကောက်ချကာ ထိပ်ဆုံးကနေ ပန်းဝင်ခဲ့တာကြောင့် ၂၀၁၆ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲဦးဆောင်သူ ရော့စ်ဘတ်နဲ့ ၂၆ မှတ်အကွာကို ပြန်လည်ရောက်ရှိလာနိုင်ခဲ့ပါတယ်။ ဒီလို အမေရိကန် ဂရင်းပရီမှာ ဗိုလ်စွဲခဲ့တာကြောင့် ဟာမီလ်တန်အတွက် ဇူလိုင်လ ဂျာမနီဂရင်းပရီမှာ ဗိုလ်စွဲပြီးနောက် ပထမဦးဆုံးအကြိမ် ပြန်လည်ဗိုလ်စွဲနိုင်ခြင်းလည်း ဖြစ်လာခဲ့ပါတယ်။ ဟာမီလ်တန်ဟာ



လက်ကျန် ဂရင်းပရီသုံးပွဲမှာ ၇၅ မှတ်ခန့် စုဆောင်းနိုင်မယ့်အခွင့်အရေးရှိနေပါသေးတယ်။ အခုလို ဗိုလ်စွဲနိုင်ခြင်းက သူ့အသက်မွေးဝမ်းကျောင်းကာလတစ်လျှောက် အကြိမ်(၅၀)မြောက် ဗိုလ်စွဲနိုင်ခြင်းလည်းဖြစ်လာခဲ့တာကြောင့် အလန် ပရော့စ်ရဲ့ (၅၁)ကြိမ် ဗိုလ်စွဲနိုင်မှုစံချိန်ကို လိုက်မီဖို့ နီးစပ်နေပေမယ့် မိုက်ကယ်ရှူးမေကာရဲ့ (၉၁)ကြိမ်စံချိန်ကို လိုက်မီဖို့တော့ အတော်လေးဝေးကွာနေဆဲပါပဲ။

### တစ်ပတ်အတွင်း အဓိကကစားသမားသုံးဦး ဒဏ်ရာရရှိခဲ့တဲ့ ဘာစီလိုနာ

ဘာစီလိုနာအသင်းဟာ ဒီတစ်ပတ်အတွင်း ကစားတဲ့ပွဲစဉ်နှစ်ပွဲစလုံးမှာ မန်စီးတီးကို လေးဂိုးပြတ်၊ ဗလင်စီယာအသင်းကို သုံးဂိုး-နှစ်ဂိုးရလဒ်တွေနဲ့ နိုင်ပွဲဆက်ခဲ့ပေမယ့် မန်စီးတီးနဲ့ပွဲမှာ ဂျာရတ်ပီကေးနဲ့ ဂျော်ဒီအယ်လ်ဘာတို့ ဒဏ်ရာရရှိခဲ့ပြီး ဗလင်စီယာနဲ့ပွဲမှာ အင်နီယေစတာပါ ဒဏ်ရာပြဿနာ ထပ်မံကြုံတွေ့ခဲ့ရလို့ ဘာစီလိုနာအတွက်တော့ တကယ့်ကိုကြီးမားတဲ့ ထိုးနှက်ချက်ဖြစ်ခဲ့ပါတယ်။ ပီကေးက ခြေချင်းဝတ်ကြွက်သားဒဏ်ရာကြောင့် သုံးပတ်ခန့် အနားယူရမှာဖြစ်သလို အယ်လ်ဘာကလည်း တံကောက်ကြောဒဏ်ရာဟောင်းအပေါ် ဒဏ်ရာပြဿနာ ထပ်မံကြုံတွေ့ခဲ့ရလို့ နှစ်ပတ်နားရမှာဖြစ်ပါတယ်။ ဒါ့အပြင် အသင်းရဲ့အဓိက ကွင်းလယ်ကစားသမား အင်နီယေစတာကလည်း ဒူးဒဏ်ရာပြင်းပြင်းထန်ထန်ကြုံခဲ့ရလို့ ရှစ်ပတ်လောက် အနားယူရတော့မယ်လို့ သိရပါတယ်။ ဒီနှစ်ပတ်အတွင်း ချန်ပီယံလိဂ်မှာ မန်စီးတီး၊ လာလီဂါမှာ ဂရန်နာဒါ၊ ဆီဗီလာအသင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် ဘာစီလိုနာ ရာနှုန်းပြည့်နိုင်ပွဲဆက်ဖို့တော့ ရှန်းကန်ရပါလိမ့်မယ်။

### ချယ်လ်ဆီး-မန်ယူပွဲအပြီး ကွန်တီနားကပ်ပြီး မော်ရင်ဟိုဘာပြောခဲ့သလဲ

ချယ်လ်ဆီးကို မန်ယူလေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး ပွဲသိမ်းခရာမှုတ်သိမ်းချိန် မန်ယူနည်းပြမော်ရင်ဟိုဟာ ကွန်တီနားတိုးတိုးကပ်ပြီး ဘာစကားတွေပြောခဲ့သလဲဆိုတာ ပရိသတ်တွေ စိတ်ဝင်စားနေကြပါတယ်။

မော်ရင်ဟိုက "ခင်ဗျား လေးဂိုးပြတ်အနိုင်ရတဲ့ ပုံစံနဲ့ အောင်ပွဲမခံပါနဲ့။ တစ်ဂိုး-ဂိုးမရှိဆိုတဲ့ ရလဒ်လောက်ပဲ ခင်ဗျားစွမ်းဆောင်ပြနိုင်တာပါ။ ဒီလိုမဟုတ်ရင်တော့ ကျွန်တော်တို့ကို လှောင်ပြောင်တာပဲ"လို့ ပြောခဲ့တာဖြစ်တယ်လို့ မိုက်ခရိုဖုန်းတွေကတစ်ဆင့် အသံဖမ်းယူနိုင်ခဲ့တယ်လို့ သိရပါတယ်။ မော်ရင်ဟိုကတော့ ဒီရလဒ်အတွက် မန်ယူပရိသတ်တွေကို တောင်းပန်ကြောင်းပြောကြားခဲ့ပေမယ့် ကွန်တီရဲ့ ကွင်းဘေးစည်းကနေ လုပ်ဆောင်နေတဲ့အပြုအမူဟာ သူ့ကို လှောင်ပြောင်ရာ သက်ရောက်ခဲ့တယ်လို့ယူဆတာကြောင့် ခုလို ပွဲအပြီးမှာ သွားရောက်ပြောကြားခဲ့တာဖြစ်ပါတယ်။





ကွန်တီက ပရိသတ်တွေအနေနဲ့ ကစားသမားတွေကို လက်ခုပ်တီးအားပေးဖို့ ဆော်သြခဲ့တာကြောင့် မော်ရင်ဟိုက ကွန်တီကို အခုလို ရန်စပြောကြားခဲ့တာပါ။ ကွန်တီကတော့ ကစားသမားတွေအနေနဲ့ အခုလို ဂိုးပြတ်အနိုင်ရအောင်စွမ်းဆောင်ပေးနိုင်တာကြောင့် ပရိသတ်တွေ လက်ခုပ်တီးအားပေးဖို့ ဆော်သြတာဟာ ပုံမှန်လုပ်ရိုးလုပ်စဉ်ပဲဖြစ်တယ်လို့သာ တုံ့ပြန်ခဲ့ပါတယ်။ ပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ မော်ရင်ဟိုက ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ မှတ်ချက်ပေးခြင်းမရှိပေမယ့် သတင်းထောက်တွေရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ကွန်တီက "ကျွန်တော့်စိတ်ထင် သီးခြားပြောတဲ့ ပြောစကားတွေကို သီးခြားနေရာမှာပဲ ထားခဲ့ရမှာပါ။ ဒါပေမယ့် ဒါကို တစ်စုံတစ်ရာက ဒီကိစ္စကို ရှာဖွေနိုင်ခဲ့တယ်ဆိုရင်လည်း အိုကေပါပဲ" လို့ ပြုံးပြီး ပြန်လည်ဖြေကြားခဲ့ပါတယ်။ မန်ယူအနေနဲ့ ချယ်လ်ဆီးကို အခုလို ဂိုးပြတ်အရေးနိမ့်ခဲ့တာကြောင့် ၂၀၁၁ ခုနှစ် မန်စီးတီးကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်နောက်ပိုင်းအကြီးမားဆုံး ရှုံးပွဲကြုံခဲ့ရတာလည်း ဖြစ်ပါတယ်။

### အာဆင်နယ် ပရိသတ်များအတွက် ကျေနပ်စရာ ဘယ်လာရင်ရဲ့အပြော

ဘာစီလိုနာအသင်းနဲ့ ချိတ်ဆက်မှုတွေ တောက်လျှောက် လုပ်ဆောင်နေတယ်လို့ သတင်းထွက်နေသူ အာဆင်နယ်နောက်ခံလူ ဟက်တာ ဘယ်လာရင်က ဘာစီလိုနာအသင်းမှ ဆက်သွယ်လာရင်လည်း ဖုန်းလက်ခံဖြေကြားမှာ မဟုတ်ဘူးလို့ အာဆင်နယ်ပရိသတ်တွေကို ကတိပြုစကားဆိုလိုက်တာကြောင့် တစ်ကမ္ဘာလုံးရှိ အာဆင်နယ် ပရိသတ်တွေအတွက် ကျေနပ်စရာ ဖြစ်ခဲ့ပါတယ်။ သူက ဒီဒဗလျူရုပ်သံလိုင်းနဲ့ အင်တာဗျူးအစီအစဉ်မှာ အခုလို ဖြေကြားလိုက်တာဖြစ်ပါတယ်။ ဘာစီလိုနာဆိုတာ အာဆင်နယ် ကစားသမားတွေကိုမှ ပိုပြီး မျက်စိကျနေသလားလို့ ထင်ရလောက်အောင် အွန်နရီ၊ အလက်ဇန္ဒားဟက်ပ်၊ ဖာဘရီဂတ်စ်နဲ့ အဲလက်စ်ဆောင်းတို့ကို ခေါ်ယူခဲ့ပြီးဖြစ်တာကြောင့် အခုဘယ်လာရင်ကိုပါ ခေါ်ယူလိုတယ်လို့ လူသိရှင်ကြား ထုတ်ဖော်ပြောကြားထားပါတယ်။

ဘာစီလိုနာ လူငယ်အကယ်ဒမီမှ ပေါ်ထွက်လာသူ ဘယ်လာရင်ဟာ အာဆင်နယ်အသင်းကို ၂၀၁၁ ခုနှစ်ကတည်းက ပြောင်းရွှေ့လာခဲ့သူဖြစ်တာကြောင့် ဝင်းဂါးကတော့ ဘယ်လာရင်ဟာ အသက်(၁၅)နှစ်ကျော် အရွယ်ကတည်းက အာဆင်နယ် ကစားသမားဖြစ်နေပြီးဖြစ်တာကြောင့် သူ့အနေနဲ့ အာဆင်နယ်အသင်းက ထွက်ပေါ်လာတဲ့ ကစားသမားလို့သာ မှတ်ယူကြောင်း တုံ့ပြန်ခဲ့ပြီးဖြစ်ပါတယ်။ဒါ့အပြင် အာဆင်နယ်နဲ့ ဘယ်လာရင် ချုပ်ဆိုထားတဲ့ စာချုပ်ဟာ သုံးနှစ်သက်တမ်းကျန်ရှိနေသေးပေမယ့် ဘယ်လာရင်ကို ခေါ်ယူလိုတဲ့ ဥရောပ ထိပ်တန်းအသင်းတွေ များပြားလာမှုကြောင့် စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ဖို့ အမြန်ဆုံးဆောင်ရွက်သွားမှာဖြစ်တယ်လို့ အာဆင်နယ် တာဝန်ရှိသူများက အတည်ပြုခဲ့ပါတယ်။



### မစ်ရှဲလ်အိုဘားမားတဲ့လား

နိုက်စ်အသင်းတိုက်စစ်မှူး ဘာလော့တယ်လီဟာ သူ့ရဲ့ စိတ်ထင်တိုင်းလုပ်ဆောင်တတ်မှု၊ စည်းကမ်းပိုင်းအားနည်းမှုတွေကြောင့် ဘောလုံးလူဆိုးအဖြစ်နာမည်ကြီးသူဖြစ်ပါတယ်။ ဘာလော့တယ်လီက အင်တာမီလန်မှာကစားနေစဉ်ကာလက သူဟာ အေစီမီလန်ရဲ့ အမာခံ ပရိသတ်ဖြစ်တယ်လို့ ပြောကြားခဲ့တာကြောင့် အင်တာမီလန်အသင်းတာဝန်ရှိသူတွေရဲ့ မျက်မုန်းကျိုးမှုခံခဲ့ရသလို မန်စီးတီး၊ လီဗာပူး၊ အေစီမီလန် အသင်းတွေမှာလည်း အဆင်မပြေခဲ့ပေမယ့် နိုက်စ်အသင်းမှာတော့ ခြေစွမ်းကောင်းတွေ ပြန်လည်ရရှိနေပြီဖြစ်တဲ့အတွက် ဘာလော့တယ်လီပရိသတ်တွေ ကျေနပ်စရာဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် အောက်တိုဘာ ၂၀ ရက် သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ တင်ခဲ့တဲ့ ဓာတ်ပုံတွေကြောင့် ပရိသတ်တွေ စိတ်ပျက်ခဲ့ရပြန်ပါတယ်။ ဒီဓာတ်ပုံတွေက အမေရိကန်သမ္မတ ဘားရက်အိုဘားမားကတော် မစ်ရှဲလ်အိုဘားမားရဲ့ နောက်ပိုင်းအလှပုံတွေဖြစ်ပြီး မစ်ရှဲလ်အိုဘားမားအတွက် သူရေးသားခဲ့တဲ့ မှတ်ချက်ကြောင့် ဘာလော့တယ်လီဟာ အမေရိကန်သမ္မတကတော်ကို စိတ်မှန်းနဲ့ကြံနေပြီလားလို့ အွန်လိုင်းအားကစားမီဒီယာတွေက လှောင်ပြောင်ရေးသားနေကြပါတယ်။

### ရာသီကုန်အထိ နားရတော့မယ့် နာဒဲလ်

ဂရင်းစလင်း(၁၄)ကြိမ်အထိ ချန်ပီယံဖြစ်ထားတဲ့ ရာဖေးလ်နာဒဲလ်ဟာ အကင်းမသေတဲ့ ခါးဒဏ်ရာပြဿနာကြောင့် ရာသီကုန်အထိ အနားယူရတော့မှာသေချာသွားပြီဖြစ်ပါတယ်။ ဒါကြောင့် သူဟာ ရာသီလက်ကျန်ပွဲစဉ်တွေဖြစ်တဲ့ ဘေဆဲလ်၊ ပဲရစ်မာစတာနဲ့ ATP World Tour ပြိုင်ပွဲတွေကို လွဲချော်တော့မှာဖြစ်ပါတယ်။ နာဒဲလ်ဟာ ဒီနှစ်အတွင်း ဒဏ်ရာပြဿနာတွေကြောင့် ပြင်သစ်အိုးပင်းပြိုင်ပွဲ၊ ဝင်ဘယ်လ်ဒန်အိုးပင်းတွေကနေ နုတ်ထွက်သွားခဲ့ရပြီး ရီယိုအိုလံပစ်ပြိုင်ပွဲရောက်မှသာ ပြန်လည်ယှဉ်ပြိုင်နိုင်ခဲ့တာပါ။ ရီယိုအိုလံပစ်အမျိုးသားနှစ်ယောက်တွဲပွဲစဉ်မှာ မာ့ခ်လိုပက်ဇ်နဲ့ အတူ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပေမယ့် တစ်ဦးချင်းပွဲစဉ် တတိယနေရာလုပွဲမှာ ဂျပန်နိုင်ငံသား နီရှိကိုရီကို အရေးနိမ့်ခဲ့တာကြောင့် တစ်ဦးချင်းဆုတံဆိပ်ကို ရယူနိုင်ခဲ့ခြင်းမရှိပါဘူး။ ရှန်ဟိုင်းမာစတာ တင်းနစ်ပြိုင်ပွဲအတွင်း ကမ္ဘာ့အဆင့်(၂၈) ထရိုင်အိုစကီကိုတောင် အရေးနိမ့်ခဲ့ပြီး ဒုတိယပတ်လည်အဆင့်ကနေ ထွက်ခွာခဲ့ရတာကြောင့် နောက်ဆုံးမှာတော့ အကင်းမသေတဲ့ ဒဏ်ရာပြဿနာကနေ အနားယူဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။



အခြားစိတ်ဝင်စားဖွယ်အကြောင်းအရာများကတော့ ၂၀၁၈ ကမ္ဘာ့ဖလားလာဘ်ခေါ်ရုပ်အဖြစ် ဇာဘီဗာကာလို့အမည်ရတဲ့ မြေခွေးရုပ်ကို ရွေးချယ်လိုက်ခြင်း၊ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ဥရောပပြင်မှာ ပထမဦးဆုံး ကျင်းပဖို့ စီစဉ်နေခြင်း၊ ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက မိုရာတာကို ယခုထက်ပိုပြီး ကစားချိန်ပိုမိုပေးမယ်လို့ ကတိပြုလိုက်ခြင်း၊ လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်အတွက် နေရာတစ်နေရာစာ အဆင်သင့်ရှိတယ်လို့ လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်ပြောကြားလိုက်ခြင်း၊ ကမ္ဘာကျော်ကစားသမားအတော်များများက ဥရောပရွှေဖိနပ်ဆုဆွတ်ခူးခဲ့တဲ့ ဆွာရက်ဇ်ကို ဂုဏ်ပြုတဲ့အကြောင်း သူတို့ရဲ့လူမှုကွန်ရက်တွေပေါ်တင်ကြတဲ့အထဲမှာ ဆွာရက်ဇ်နဲ့ မသင့်မြတ်သူလို့ နာမည်ကြီးတဲ့ ဂျူဗင်တပ်နောက်ခံလူ အီဗရာပါ ပါဝင်ခဲ့ခြင်းသတင်းတွေကတော့ ဒီတစ်ပတ်ရဲ့ ထူးခြားတဲ့သတင်းတွေပဲ ဖြစ်ပါတယ်။

**မေလဲ့သင်း - စုစည်းသည်**

## ပြည်တွင်းရေးရာ

## မြို့တော်စည်ပင် ပထမ (၆) လပတ်လုပ်ငန်းများဆောင်ရွက်

**ဝန်းသို အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် စည်ပင်သာယာရေးဌာနက ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအနက် ကတ္တရာထပ်ပိုးခြင်းလုပ်ငန်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ကျမိုင်းကြီးရပ်ကွက် ပုဇွန်တောင်လမ်း အရှည်ပေ ၃၅၀ အကျယ် ၁၂ ပေ၊ ထု ၁၁ လက်မရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းအား ဆောင်ရွက်နေပြီး ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ ကျမိုင်းကြီးရပ်ကွက် ဗောဓိကျောင်းအနောက်ဘက်လမ်းအား အရှည်ပေ ၃၅၀၊ အကျယ် ၁၂ ပေ၊ ထု ၁၁ လက်မရှိ ကတ္တရာခင်းခြင်းအားလည်းကောင်း၊ ရွှေဝန်းသီတာရပ်ကွက် ကျော်ထွန်းညောင်ပင်မှ သစ်ဆိမ့်ကုန်းလမ်း အရှည်ပေ ၅၄၀၊ အကျယ် ၁၂ ပေ၊ ထု ၁၁ လက်မရှိ ကတ္တရာခင်းခြင်း၊ စော်ဘွားကြီးရပ်ကွက် ဥယျာဉ်တော်လမ်းသွယ်အား အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၁၁ လက်မရှိ ကတ္တရာခင်းခြင်း၊ အရှေ့ဈေးရပ် ဒေါ်ကျေးတံတားမှ ကုန်သာရပ်လမ်း အရှည်ပေ ၃၅၀၊ အကျယ် ၁၂ ပေ၊ ထု ၁၁ လက်မစီရှိ ကတ္တရာခင်းခြင်း၊ နမ်းခမ်းကျေးရွာ ရွာလယ်လမ်းအား အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၁၁ လက်မရှိ ကတ္တရာခင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းသိုမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်းတံတားများ ဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ရန်ပုံငွေများခွဲဝေပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းလှမင်း**

# မကွေးတိုင်းဒေသကြီးအတွင်းတွင်ပြည်တွင်းဖြစ်ချည်ထည်များ ရောင်းအားတက်၍ဈေးကွက် ခိုင်မာလျက်ရှိ

**မကွေး အောက်တိုဘာ ၂၄**

မြန်မာပြည်အလယ်ပိုင်းဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်းတွင် ပြည်တွင်းဖြစ်ချည်ထည်များ ရောင်းအားတက်၍ ဈေးကွက်ခိုင်မာလျက်ရှိကြောင်းသိရသည်။

ချည်ထည်များကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူမြို့မှ အများဆုံးထွက်ရှိပြီး ကျားဝတ်ရှပ်အင်္ကျီ၊ မဝတ်အင်္ကျီနှင့် ဘောင်းဘီဝမ်းဆက်များ၊ မဝတ်ဂါဝန်များ၊ ကလေးဝတ်များဖြင့် အသီးသီးချုပ်လုပ်ရောင်းချလျက်ရှိသည်။

ယင်းချည်ထည်ဝတ်စုံများအနက် မဝတ်အင်္ကျီနှင့် ဘောင်းဘီဝမ်းဆက်များ၊ ကလေးဝတ်များသည် အများဆုံးရောင်းချရကြောင်း မကွေးမြို့ မြို့မဈေးအတွင်းမှ ချည်ထည်သီးသန့်အရောင်းဆိုင်များမှ သိရသည်။

ပြည်တွင်းဖြစ်ချည်ထည်များကို ပြည်တွင်းမှပြည်သူများသာမက နိုင်ငံခြားသားများပါ နှစ်ခြိုက်စွာ ဝယ်ယူဝတ်ဆင်လျက်ရှိပါသည်။ ချည်ထည်သည် အေးသည့်ရာသီများဖြစ်သည့် မိုးရာသီနှင့် ဆောင်းရာသီများတွင် နွေးသကဲ့သို့ ပူပြင်းသည့် နွေရာသီတွင် ချွေးများစုပ်ယူပြီး အေးသဖြင့် ပြည်တွင်းတွင် ရောင်းအားကောင်းလာသလို နိုင်ငံခြားသားခရီးသွားများပါ နှစ်ခြိုက်လာသည်။

ပြည်တွင်းဖြစ်ချည်ထည်များကို မဝတ်အင်္ကျီနှင့် ဘောင်းဘီဝမ်းဆက်တစ်စုံလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်ခန့်နှင့် ကျားဝတ်အင်္ကျီတစ်ထည်ငွေကျပ် ၃၀၀၀ ခန့်သာရှိသဖြင့် လူတန်းစားမျိုးစုံ ဝယ်ယူနိုင်သည့်ဈေးနှုန်းဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ မကွေးမြို့သို့ ဘုရားဖူးလာသူများနှင့် ဒေသခံများပါ ဝယ်ယူဝတ်ဆင်လျက်ရှိသည်။

မကွေးမြို့မဈေးအတွင်းမှ ချည်ထည်ရောင်းချသူတစ်ဦးက "ကျွန်မတို့အညာက နွေဆိုအရမ်းပူပြီး ဆောင်းကျတော့လည်းအေးလွန်းတော့ ချည်ထည်တွေပဲ ကျန်းမာရေးနဲ့ညီညွတ်တာလေ။ ပြီးတော့ ဈေးလည်းသက်သာတယ်။ အရင်ကဆို ချည်ထည်ဆိုရင် အောက်ပိုင်းကလူတွေက စားပွဲခင်း၊ လက်သုတ်ပဝါလောက်ပဲသိတာ။ အခုတော့ ကျားဝတ်၊ မဝတ်တွေကိုပါ ရန်ကုန်ကို တင်ပို့ပြီးရောင်းနေရပါတယ်။ အရင်ကထက် ရောင်းအားကောင်းလာတော့ အဆင်ဆန်းတွေလည်း ထွက်တာပေါ့။ မိန်းကလေးအများစုကလည်း ချည်ထည်အဆင်ဆန်းတွေဆို နိုင်ငံခြားဖြစ်ထက် ပိုပြီးဝတ်လာကြပါတယ်" လို့ ပြောပြသည်။

မကွေးမြို့တွင်ကျင်းပလျက်ရှိသည့် မြသလွန်စေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ရှိ ဈေးဆိုင်ခန်းများတွင်လည်း ချည်ထည်အရောင်းဆိုင်များ၌ ပြည်တွင်းဖြစ်ချည်ထည်များ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## မယ်ဇလီဖူးလှိုင်လှိုင်ပေါ်ချိန် မယ်ဇလီဖူးချိုးသူများ အဆင်ပြေလျက်ရှိ



**စဥ့်ကိုင် အောက်တိုဘာ ၂၄**

တော်သလင်းလပြည့်ကျော်သည်နှင့် မယ်ဇလီဖူးများ လှိုင်လှိုင်ပေါ်လျက်ရှိရာ ကျောက်ဆည်မြို့နှင့် စဥ့်ကိုင်မြို့ကြား ရန်ကုန်-မန္တလေးလမ်းဘေးဝဲယာတစ်လျှောက် ဆေးဖက်ဝင်မယ်ဇလီပင်များ အများအပြားရှိသဖြင့် ခူးယူရောင်းချသူများ အပိုဝင်ငွေရ၍ အဆင်ပြေနေကြောင်း သိရသည်။

မယ်ဇလီဖူးချိုးသူများမှာ အပင်ပေါ်မှ အခိုင်လိုက်ချိုးယူပြီး အဖူးများကို အပင်အောက်တွင် ခြွေယူသွားလေ့ရှိပြီး မယ်ဇလီဖူးချိုးသူတစ်ဦးသည် တစ်နေ့လျှင် အနည်းဆုံး မယ်ဇလီဖူး ၂၅ ပြည်အထိ ရရှိသည်ဟု ဆိုသည်။

မယ်ဇလီဖူးများကို အိမ်ရောက်သည်နှင့် အိုးအတွင်းထည့်ကာ ပြုတ်၍ ယင်းပြုတ်ပြီးသားမယ်ဇလီဖူးများကို မန္တလေးမြို့သို့သွားရောက်ရောင်းချသော ဈေးသည်များထံ ဖောက်သည်ပေးခြင်း၊ နံနက်ခင်းဈေးများတွင် သွားရောက်ရောင်းချခြင်းများပြုလုပ်ပြီး စီးပွားဖြစ်လျက်ရှိကြောင်း သိရသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အနေဖြင့် ထူးမြတ်လှသည့် တန်ဆောင်မုန်းလပြည့်အခါသမယတွင် ဆေးပင်အပေါင်းကို စောင့်ရှောက်သည့် နတ်အပေါင်းတို့သည် မယ်ဇလီစောင့်နတ်ထံသို့လာရောက်စုဝေးခြင်းကြောင့် မယ်ဇလီရွက်၊ မယ်ဇလီအဖူးတို့တွင် ဆနဝုတိကိုးဆယ့်ခြောက်ဖြာသော ရောဂါအပေါင်းကို ကင်းစေသောစွမ်းပကားသက်ရောက်ကာ ဆေးပေါင်းခသည့်အစားအစာအဖြစ် မယ်ဇလီဖူးကိုစားသုံးပြီး မြတ်စွာဘုရားရှင်ဟောကြားတော်မူသော (သာမညဖလသုတ္တန်) ကို နာကြားလေ့ရှိသည်။

**ဖိုးအောင်(စဥ့်ကိုင်)**

## ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ(ဆရာဖြစ်)သင်တန်းဖွင့်လှစ်

**အင်္ဂပူ အောက်တိုဘာ ၂၄**

အင်္ဂပူမြို့နယ်ပညာရေးဌာနနှင့် ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းတို့မှ ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအား မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ (ဆရာဖြစ်)သင်တန်းကို သာသနာ့ဗိမ္မာန်တော်ကြီးတွင် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှမျိုး ဦးဆောင်သော သင်တန်းနည်းပြ ဆရာ၊ ဆရာမများက မြို့နယ်အတွင်း အခြေခံကျောင်းများမှ ဆရာ၊ ဆရာမများအား ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာဆိုင်ရာ ဆရာဖြစ်သင်တန်း ပို့ချပေးခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ (ဆရာဖြစ်)သင်တန်းသို့ သင်တန်းသား ဆရာ၊ ဆရာမ ၃၅၀ ဦးခန့်တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်ထိဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မာရေး ဆွေးနွေးပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲ ကျင်းပ

**ခင်ဦး အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး ဆွေးနွေးပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲကို ရှင်မင်းဒွေကျေးရွာ သုတရောင်ခြည်စာကြည့်တိုက်တွင် အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ကြည်ဆန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးအတွက် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းနောက် နိုင်ငံတော်အကြီးအကဲများ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိမှုမှတ်တမ်းဓာတ်ပုံများကို ပြသခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ကော့သောင်းမြို့နာရေးကူညီမှုအသင်း (၈) နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ကော့သောင်း အောက်တိုဘာ ၂၄**

ကော့သောင်း မြို့နာရေးကူညီမှုအသင်း (၈) နှစ်မြောက်နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နာရေးကူညီမှုအသင်းသဘာပတိ ဦးအင်ရှိန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အသင်းအတွင်းရေးမှူး ဦးဝင်ဌေးက အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာအား ဖတ်ကြားတင်သွင်းခဲ့ကာ အသင်းအမှုဆောင် ဦးသိန်းထိုက်က အသင်းနှစ်ပတ်လည်ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားတင်သွင်းခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသည့်ဧည့်သည်များက အကြံပြုဆွေးနွေးပြီး အသင်း၏နှစ်ပတ်လည်အခမ်းအနားသို့ တင်သွင်းသည့် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား အတည်ပြုချက်ရယူခဲ့သည်။ ယင်းနောက် တာဝန်ရှိသူများက မြို့၏ နာရေးကူညီမှုပရဟိတလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ဂါတ်ထုကျေးရွာတွင်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကွင်းဆင်းစစ်ဆေး

**နောင်မွန် အောက်တိုဘာ ၂၄**

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဂါတ်ထုကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်နေမှု အခြေအနေများအား အောက်တိုဘာ ၂၁ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခေါ်ဒုဒီးရမ်နှင့် ကော်မတီဝင်များက စစ်ဆေးခဲ့သည်။



အဆိုပါကျေးရွာတွင် မွေးမြူရေးလုပ်ငန်းတွင် ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းတွင် ၁၈ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ၆ ဦးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေး၊လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်ရေးကော်မတီ၏ ငွေစာရင်းပုံစံများ ဖြည့်သွင်းထားမှုအခြေအနေ တိကျမှန်ကန်ရေးတို့အား ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို လမ်းညွှန်ကူညီ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

ကြေးမုံ
အောက်တိုဘာ ၂၅၊ ၂၀၁၆

# ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန် အဝီစိ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိ

**ငါ့သရောက် အောက်တိုဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ကမ္မအုပ်စု ဈေးမကြီးကျေးရွာမှ ကျေးလက်နေပြည်သူများအနေဖြင့် နှစ်စဉ် သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် ယခုနှစ်တွင် ကျေးလက်နေပြည်သူများ နှစ်စဉ်ကြုံတွေ့ရင်ဆိုင်နေရသည့် သောက်သုံးရေရှားပါးပြဿနာများကို ဖြေရှင်းပေးနိုင်ရန်အတွက် ရည်ရွယ်၍ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေလုံးငွေရင်း ငွေကျပ် ၁၅ ဒသမ ၁၆ သန်းဖြင့် အဝီစိတွင်းနက် စက်ရေတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငါ့သရောက်မြို့နယ် ကမ္မအုပ်စု ဈေးမကြီးကျေးရွာမှ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် တွင်းနက် အဝီစိစက်ရေတွင်း တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေလုံးငွေရင်း ငွေကျပ် ၁၅ ဒသမ ၁၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေဝတီဝင်းကုမ္ပဏီက စက်တင်ဘာ ၂၆ ရက်က စတင်တူးဖော်ဆောင်ရွက်ခဲ့ရာ မြေအောက်အနက်ပေ ၆၉၅ ပေခန့် တူးဖော်ပြီးစီးသွားပြီဖြစ်ပြီး လုပ်ငန်းပြီးစီးမှု ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ရွှေဝတီဝင်းကုမ္ပဏီမှ တာဝန်ရှိသူများက ဈေးမကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောမြေအောက်ရေ အမြန်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရန်ကျန်ရှိနေသည့် ရေစင်၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း သတ်မှတ်အချိန်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဝတီဝင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ငါ့သရောက်မြို့နယ် ကမ္မအုပ်စု ဈေးမကြီးကျေးရွာသည် အိမ်ခြေ ၁၉၇ အိမ်၊ လူဦးရေ ၇၈၉ ဦးခန့်ရှိပြီး ကျေးလက်နေပြည်သူများမှာ မြေယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြောင်း သိရသည်။

အလားတူ ရွှေဝတီဝင်းကုမ္ပဏီအနေဖြင့် တွင်းနက် အဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် တစ်ပြိုင်နက်တည်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပြီး ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာတွင် (တွင်းနက်) အနက်ပေ ၈၀၀ ခန့် အဝီစိစက်ရေတွင်းတစ်တွင်းနှင့် ငါ့မင်းမေးအုပ်စု ထန်းပေါက်တောကျေးရွာတွင် အနက်ပေ ၆၈၀ ခန့် (တွင်းနက်) အဝီစိစက်ရေတွင်းတစ်တွင်းတို့ တူးဖော်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ကျန်ရှိသည့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကာ ပျဉ်တိုင်းကျေးရွာတွင်(တွင်းနက်) အဝီစိစက်ရေတွင်းအား စတင်တူးဖော်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကျေးရွာနေတောင်သူများတစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန်အတွက် မြေနုကျွန်းများကို အိမ်ထောင်စုအလိုက်ခွဲဝေပေး



**မကွေး အောက်တိုဘာ ၂၄**
ကျေးရွာနေတောင်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန်အတွက် မကွေးမြို့နယ် မယ်လှတောင်ကျေးရွာအုပ်စု မြင်ခင်းကျေးရွာတွင် မြေနုကျွန်းများအား အိမ်ထောင်စုအလိုက် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် ခွဲဝေပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် နှစ်စဉ် သီတင်းကျွတ်လတွင် မြစ်ရေကျဆင်းပြီး မြေနုကျွန်းများ ဖြစ်ပေါ်လျက်ရှိရာ ဧရာဝတီမြစ်ကမ်းဘေးရှိ ကျေးရွာများမှ တောင်သူများသည် အဆိုပါမြေနုကျွန်းများပေါ်တွင် ရာသီစာသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။

မကွေးမြို့နယ် မယ်လှတောင်ကျေးရွာအုပ်စုအတွင်းရှိ မြင်ခင်းကျေးရွာနယ်နိမိတ်အတွင်းဖြစ်ပေါ်သည့် မြေနုကျွန်းခြောက်ဧကအား အိမ်ခြေ ၃၆၀ မှ အိမ်ထောင်စုများအား တစ်အိမ်ထောင်စုလျှင် ၇ ပေ×၅ ပေ အကျယ်မြေနုကျွန်းများကို ကျေးရွာမြေယာစီမံခန့်ခွဲရေးကော်မတီမှ ခွဲဝေပေးသည်။ ယင်းသို့ ခွဲဝေပေးထားသည့် မြေနုကျွန်းများအား တစ်ဆင့်ပြန်လည်ရောင်းချခြင်းမပြုရန်နှင့် ခွဲဝေပေးထားသည့် မြေနုကျွန်းနေရာများကို နှစ်နှစ်ထိ စိုက်ပျိုးလုပ်ကိုင်နိုင်ကြောင်း သိရသည်။

မြင်ခင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်းတွင် ယခင် ၁၉၈၈ ခုနှစ်ပိုင်းက မြေနုကျွန်းများ ကျယ်ပြန့်စွာ ပေါ်ထွန်းခဲ့သဖြင့် တစ်အိမ်ထောင်လျှင် လုပ်ကိုင်စားသောက်ရန် မြေနုကျွန်း ၄၅ ပေမှ ပေ ၅၀ ခန့် ရရှိခဲ့သည်ဟု ဆိုသည်။

ယခုအခါ အုတ်ဖုတ်လုပ်ငန်းများ၊ သဲ၊ ကျောက်များ စုပ်ယူထုတ်လုပ်ခြင်းများကြောင့် နုန်းတင်မှုနည်းပါးပြီး မြေနုကျွန်းဧကနည်းပါးခြင်းဖြစ်ကြောင်း မြင်ခင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဒေသခံများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်မလုပ်ကိုင်နိုင်သော်လည်း ချဉ်ပေါင်၊ ဘူး၊ ဖရုံ၊ ပြောင်းစသည့် နှစ်တိုပင်သီးနှံများကို စိုက်ပျိုးကာ တစ်ပိုင်တစ်နိုင်ဝင်ငွေရရှိရေး စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။
**ညီညီမောင်(မကွေး)**

# ကောက်ဦးစပါးပေါ်ချိန် ဝယ်ယူမည့်ကုန်သည်များမရှိ၍ တောင်သူများအခက်တွေ့နေ

**ကျောက်တံခါး အောက်တိုဘာ ၂၄**
ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စပါးစိုက်တောင်သူများသည် ယခုအခါ စပါးဝယ်ယူသူမရှိသောကြောင့် စိုက်ပျိုးထားသောစပါးများအား အရှုံးခံရိတ်သိမ်းနေရကြောင်း သိရသည်။

အောက်တိုဘာ ၁၇ ရက်က ရုတ်တရက်မိုးသည်းထန်စွာရွာချမှုကြောင့် ရိတ်သိမ်းဆဲ ရိတ်သိမ်းခါနီးစပါးခင်းများ မိုးမိခဲ့ရပြီး ယမန်နှစ် ယခုအချိန်တွင် စပါးဝယ်ယူသူ ကုန်သည်ပွဲစားများ လယ်ကွက်ထဲအရောက်ဆင်းကာ ဝယ်ယူခဲ့သော်လည်း ယခုနှစ်တွင်မူ ဝယ်ယူသူမရှိသောကြောင့် တောင်သူများ အခက်အခဲဖြစ်လျက်ရှိသည်။



ယခင်နှစ်က စပါးဈေးသည် ငွေကျပ် ၅၃၀၀၀၀ ကျပ်ဖြင့် ဝယ်ယူသူများပြားခဲ့သော်လည်း ယခုအခါတွင်မူ ငွေကျပ် ၃ သိန်းဖြင့် ရောင်းချသော်လည်း ဝယ်ယူသည့်ကုန်သည်ပွဲစားများမရှိဘဲ စပါးတစ်ဧကစိုက်ပျိုးစရိတ်၊ ပျိုးနုတ်ခ၊ ထွန်ယက်ခ၊ ကောက်စိုက်စရိတ်၊ မြေဩဇာဖိုး၊ ဆေးဝါးစရိတ်၊ အလုပ်သမားစရိတ်၊ ရိတ်သိမ်းခများ စုပေါင်းလျှင်တစ်ဧကကုန်ကျစရိတ်မှာ ငွေကျပ် ၂၅၀၀၀၀ ကျော်ကုန်ကျခဲ့သော်လည်း ယခုအခါ စပါးဆန်ဝယ်ယူသူမဲ့သောကြောင့် စပါးစိုက်တောင်သူအများစုမှာ စိတ်ပျက်လျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့ခနှင့် အလုပ်သမားစရိတ်များငွေပေးချေရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိနေကြောင်း ကျောက်တံခါးမြို့နယ် ဗောဓိကွင်းကျေးရွာအုပ်စုမှ တောင်သူတစ်ဦးက ပြောသည်။ **ခင်ကို(ကျောက်တံခါး)**

# ခိုင်ခံ့မှုစိုးရိမ်ရသော တုတ်ချောင်းတံတား အသစ်တည်ဆောက်လျက်ရှိ

**မင်းဘူး အောက်တိုဘာ ၂၄**
မကွေးတိုင်းဒေသကြီး မင်းဘူး-မကွေးအဓိကကားလမ်းမ မင်းဘူးမြို့ပေါ် အန္တရာယ်ကွေ့ရှိ ခိုင်ခံ့မှုစိုးရိမ်ရသော တုတ်ချောင်းတံတားအား ငွေကျပ်သိန်း ၈၉၀ ကျော် အကုန်အကျခံကာ လမ်းတစ်ဖြောင့်တည်းဖြစ်စေရန် တံတားအသစ်တစ်စင်းကို ကောင်းမွန်ကုမ္ပဏီက တာဝန်ယူကာ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

တံတားအရှည်မှာ ပေ ၃၀၊ အမြင့် ၁၈ ပေ၊ ယာဉ်သွားလမ်း ၂၈ ပေဖြစ်ပြီး ကုန်ကျစရိတ်အနေဖြင့် ငွေကျပ်သိန်း ၈၉၀ ကျော်ခန့်ကုန်ကျမည်ဖြစ်ပြီး မိုးတွင်းကာလအတွင်း မြစ်ရေတက်လာသည့်အတွက် မိုးပြတ်သည့်အချိန်တွင် လုပ်ငန်းပြန်လည်စတင်ခဲ့ပြီး ဒီဇင်ဘာလကုန်တွင် ပြီးစီးအောင် ဆောင်လုပ်လျက်ရှိကြောင်း တံတားဆောက်လုပ်ရေးတာဝန်ရှိသူတစ်ဦးကပြောသည်။

“တံတား(အဟောင်း)က မြို့ရဲ့အဓိကလမ်းဖြစ်နေပြီး အတက်၊ အဆင်းကွေ့ဖြစ်နေတယ်။ နောက်ပြီး တံတားက လမ်းကွေ့မှာဖြစ်တာရယ်၊ ကျဉ်းတာရယ်၊ ကာလကြာမြင့်လို့ ခိုင်ခံ့မှုအားနည်းနေတာတွေကြောင့် လမ်းအသုံးပြုနေသူတွေအတွက် အန္တရာယ်ဖြစ်နေတယ်။ အခုလို တံတားအသစ်ကို လမ်းဖြောင့်အတိုင်းတည်ဆောက်လိုက်ရင်တော့ လမ်းအသုံးပြုသူတွေအတွက် အန္တရာယ်ကင်းရှင်းစွာနဲ့ သွားလာနိုင်မှာပါ” ဟု ဒေသခံတစ်ဦးက ပြောသည်။
**စိုးမြင့်**



# အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်လမ်းခင်းခြင်းများ ဆောင်ရွက်

**အိမ်မဲ အောက်တိုဘာ ၂၄**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် လမ်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများအနေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အိမ်မဲမြို့ ချောင်းဝရပ်ကွက် ချောင်းဝ ၄ လမ်းတွင် အရှည် ပေ ၅၂၀၊ အနံ ၁၀ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပံ့ပိုးငွေကျပ်သိန်း ၅၀ နှင့် ရပ်ကွက်နေပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်းကျပ် ၇၅ သိန်း ကုန်ကျဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးပါက ချောင်းဝရပ်ကွက်အတွင်းရှိ ရဟန်းသံဃာများ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရေးပိုမိုလွယ်ကူသွားမည်ဖြစ်ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

# လက်နှိပ်ပန့်များ တူးဖော်တပ်ဆင်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေး၍ ဒေသခံများနှင့် ညှိနှိုင်း

**ကျောင်းကုန်း အောက်တိုဘာ ၂၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လက်ပန်ချောင်ကျေးရွာအုပ်စုတွင် မြေအောက်ရေအနက်ပေ ၂၅ ပေကျော် ကျဆင်းသွားပြီး ၂၀၁၅ ခုနှစ် နွေရာသီကတည်းက ကိုယ်ပိုင်လက်နှိပ်တုံကင်များတွင် ရေမထွက်တော့သည့်အတွက် ယင်းဒေသတွင် ရေအခက်အခဲဖြစ်နေသောကြောင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) က တွင်းနက်စုပ်ပန့် Tara. Pump (၅) လုံး တူးဖော်တပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။


ယင်းနေရာများတွင် နှစ်လက်မ လက်ရိုက်တွင်းများ တူးဖော်၍ တွင်းနက်များမှ ရေကိုစုပ်ယူနိုင်သော Tara. Pump အမျိုးအစား လက်နှိပ်ပန့်များ တပ်ဆင်ပေးနိုင်ရေးအတွက် အမှန်တကယ် သောက်သုံးရေလိုအပ်သော ကျေးရွာများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တူးဖော်ပေးနိုင်ရန်အတွက် ပုသိမ်ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) က ဂုန်မင်းကျေးရွာအုပ်စုတွင် ၆ နေရာ၊ လက်ပန်ချောင်ကျေးရွာတွင် ၃ နေရာနှင့် လှည်းဆိပ်ကျေးရွာအုပ်စုတွင် ၁ နေရာ လက်နှိပ်ပန့် ၁၀ လုံး တူးဖော်ပေးရန်နေရာအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာ၌ နွေရာသီတွင် ရေပြတ်လပ်မှုမရှိစေရေး ဒေသခံများနှင့် တွေ့ဆုံ၍ တူးဖော်ပေးမည်ဖြစ်ပြီး တူးဖော်ပြီးစီးပါက ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးစေလိုကြောင်း ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## ရင်ခုန်သံမျှော်လင့်ချက် ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူး

မောင်ဆန်းကြွယ် မြန်မာပြန်ဆိုသော "ရင်ခုန်သံမျှော်လင့်ချက် ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူး AUNG SAN SUU KYI THE VOICE OF HOPE CONVERSATIONS WITH ALAN CLEMENTS စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်ကို ပထမအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလက ထုတ်ဝေခဲ့ပြီး စာဖတ်ပရိတ်သတ်လိုအပ်ချက်အရ ဒုတိယအကြိမ်ထပ်မံထုတ် ဝေလိုက်ခြင်းဖြစ်သည်။ မူရင်းစာအုပ်တွင် အမေရိကန်ဂျာနယ်လစ် အလန်ခလီမန့်က မြန်မာ့နိုင်ငံရေးအခြေအနေကို စနစ်တကျလေ့လာပြီး ဒေါ်အောင်ဆန်းစု ကြည်၏ ပါရမီအရင်းခံ၊ ပညာဗဟုသုတ၊ အတွေ့အကြုံများအား ရောမွှေထားသော ဒေါ်အောင်ဆန်းစုကြည်နှင့်အင်တာဗျူးထားသည့် စာအုပ်ဖြစ်သည်။ အား ကောင်းလှသည့် အင်တာဗျူးများကို စာရေးသူက THE VOICE OF HOPE စာအုပ်အမည်ဖြင့် ဖန်တီးပြီး ကမ္ဘာ့ဒီမိုကရေစီပရိသတ်များဆီသို့ ဖြန့်ဝေထားရာ မြန်မာစာဖတ်ပရိသတ်လည်း သိရှိနိုင်အောင် ဘာသာပြန်ဆိုထပ်ဆင့်ဖော်ပြလိုက်ခြင်းဖြစ်သည်။

**အဆိုပါစာအုပ်ကို လွင်ဦးစာပေ(လှည်းတန်း)၊ အမှတ်(၁၆)(အေ)၊ လှည်းတန်း(၂)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၃၁၀၂၉၆၂၃ က တန်ဖိုးကျပ် ၄၀၀၀ ဖြင့်ဖြန့်ချိထားသည်။**





## ရေထဲမှာလူ...လူထဲမှာရေ

အမျိုးသားစာပေဆု ဘာသာပြန်စာပေ နှစ်ကြိမ်ရရှိထားသော စာရေးဆရာဟိန်းလတ် ဘာသာပြန်ဆိုထားသည့် "ရေထဲမှာ လူ . . . လူထဲမှာ ရေ" စာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်မှာ ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေသန်း ၁၅၀၀ တို့ မကြာမီ ရေအကြပ်အတည်းကို ခံစားကြရမည့် သားကောင်များ ဖြစ်လာတော့မည်။ ယခု လူသန်း ၆၀၀ ရေရှားပါးသည့်ဒဏ်ကို စတင်ခံစားနေရသည်။ နောင်နှစ် ၂၀ အကြာတွင် လူဦးရေ သန်း ၉၅၀၀ ရှိလာမည့်ကမ္ဘာတွင် လူသန်း ၂၅၀၀ အတွက် သောက်သုံးရေ မရှိတော့။ ကျောက်ပန်းတောင်းမြို့နယ်တွင် နေ့စဉ် တစ်မိုင်ခန့်လမ်းလျှောက်ပြီးမှ သဲတွင်းထဲမှ ရေကို တစ်နေ့ကုန်ခပ်ရသည်။ ဂန့်ဂေါနှင့်ထီးလင်းမြို့နယ်တွင် ကန်ရေကပေါပြီး သောက်ရေက ရှားသဖြင့် ထန်းရေ ငါးဘူး ရေတစ်ဘူးလဲသောက်ရပုံ၊ ဒလနှင့်သုံးခွတွင် နွေရာသီ ရေပြတ်လပ်သဖြင့် ရေအလှူပေးနေရပုံတို့ကို သိမြင်ရမည်ဖြစ်သည်။

**အဆိုပါစာအုပ်ကို ဩကာသစာပေ၊ အမှတ်(၄၇)၊ (၁၀၈)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၅၅၀၁၇၂၄၊ ၅၁၅၈၅၁၂ တို့က တန်ဖိုးကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။**





## အောက်မေ့ဖွယ်...သူ(ဝင်းဝင်းလတ်)

စာရေးဆရာမ ဝင်းဝင်းလတ် နောက်ဆုံးရေးသားခဲ့သော လုံးချင်းဝတ္ထုကို အမှတ်တရ ပြန်လည် ထုတ်ဝေထားသည့် "အောက်မေ့ဖွယ်. . . သူ(ဝင်းဝင်းလတ်)စာအုပ် ဒုတိယအကြိမ် ပြန်လည်ထွက်ရှိလာသည်။

အဆိုပါစာအုပ်မှာ ၂၀၀၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကဲ မြန်မာတို့ပူးပေါင်းဆောင်ရွက်သည့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီ အက်စ် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန် အင်းစိန်အကျဉ်းထောင်တွင် ဟောပြောအပြီး အပြန်တွင် ဘုရင့်နောင်လမ်းမပေါ်၌ မဆင်မခြင်မောင်းနှင် သောယာဉ်တစ်စီး၏ တိုက်မိမှုကြောင့် ကွယ်လွန်သွားခဲ့ရသည့် စာရေးဆရာမ ဝင်းဝင်းလတ် ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့် အမှတ်တရ နောက်ဆုံးရေးသားခဲ့သော ဝတ္ထုဖြစ်သည်။ စာပေဝါသနာရှင်၊ ဆရာဝန်စာရေးဆရာတစ်ဦး၏ လုပ်ငန်းခွင်ကို နောက်ခံပြုထားသော လုံးချင်းဝတ္ထုကို အမှတ်တရ အနေဖြင့် ဖတ်ရှုရမည်ဖြစ်သည်။

**စာရေးဆရာမတစ်ဦး၏ စာပေတာဝန်ထမ်းဆောင်ရင်း ကွယ်ခဲ့ရပြီးချိန် နောက်ဆုံးကျန်ရှိသောလက်ရာ အဆိုပါစာအုပ်ကို ရွှေသစ္စာစာပေက တန်ဖိုး ကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။**





## ကင်ဆာပျက်သုဉ်းစပျစ်ကုထုံး

မူရင်းစာအုပ် Johanna Byandt's The Grape Cure ကို နေထွန်း မြန်မာပြန်ဆိုသည့် "ကင်ဆာပျက်သုဉ်း စပျစ်ကုထုံး" ကျန်းမာရေးသုတဘာသာ ပြန်စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်ကို ဂျိုဟန်နာဘရန့်က ၎င်း၏ကိုယ်တွေ့ဖြစ်ရပ်များကို အခြေတည်ပြီး ၁၉၂၈ ခုနှစ်က ရေးသားထုတ်ဝေခဲ့သည်။ စပျစ်သီး၌ ပိုတက်ဆီယမ်ဓာတ်ဆား အလျှံပယ်ပါဝင်နေသောကြောင့် ကင်ဆာရောဂါကို ပျောက်ကင်းအောင်ကုသပေးနိုင်ခြင်း၊ သံဓာတ်ကြွယ်ဝမှုကြောင့် နှစ်လိုအကောင်းဆုံးအားတိုး ဆေးတစ်လက်ဖြစ်ခြင်း၊ ဆဲလ်သက်ဦးရုပ်၏ပရိုတင်း အခြေခံနှင့်လည်း ဆက်စပ်မှုရှိနေခြင်း စသည်တို့ကြောင့် အသားမျှင်ပါးလာခြင်းကို အလျင်အမြန်ပြုပြင် ပေးနိုင်သည့် အပြင် ကြွက်သားတို့ကို ဖွံ့စည်းပေးနိုင်သည့် စပျစ်သီးအစွမ်းနှင့်အရေးပါပုံတို့ကို စူးစမ်းလေ့လာသုတေသနပြုထားသည့် ကျန်းမာရေးအထောက် အကူပြုဘာသာပြန်စာအုပ်ဖြစ်သည်။

**အဆိုပါစာအုပ်ကို ရန်အောင်စာပေ၊ အ. ထ. က(၁)၊ ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(အိတ်ချ်)၊ (၁၂) လုံးတန်းမှတ်တိုင်အနီး၊ ရန်ကုန်မြို့က တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။**




## မြန်မာ့ရေးရာအမှတ်(၁)

မြန်မာ့ရေးရာလေ့လာရေးအဖွဲ့ [Centre for Myanmar Affairs Studies] က စီစဉ်ထုတ်ဝေသည့် "မြန်မာ့ရေးရာ အမှတ် (၁) (အောက်တိုဘာ ၂၀၁၆)ထုတ်"ထွက်ရှိလာသည်။

မြန်မာ့ဒီမိုကရေစီ ခေတ်ဆန်းချိန်တွင် မြန်မာ့ရေးရာအဖြာဖြာကို စိတ်ဝင်စားသူများ၊ ပညာရပ်ဆိုင်ရာအတွေးဖြန့်ကျက်လိုသူများအတွက် ရည်ရွယ်ထားသောအဆိုပါစာအုပ်၌ ဆရာကြီးဦးဝန်(မင်းသုဝဏ်)၊ ဦးတင်အေး(ရှမ်းပြည်)၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာမောင်မောင်ကြီး၊ ဦးထွန်းအောင်ချိန်၊ ဒေါက်တာ တင်အောင်၊ ဘိုးလှိုင်၊ ဒေါက်တာအောင်ကြီး၊ မောင်သာမည၊ မင်းဇင်စသည့် ဝါရင့်စာပေပညာရှင်များ၊ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၏ စာစုများပါဝင်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်အတွက် အထောက်အကူပြုနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများကို စုစည်းတင်ပြထားသည်။

**အဆိုပါစာအုပ်ကို မူဝံစာပေ၊ အမှတ်(၂၁၂)၊ (၃၁)လမ်း၊ (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၅၅၉၇ က တန်ဖိုးကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားသည်။**



## မိတ္ထီလာကန်တော်မဟာမှတ်တမ်း

ရှေးမြန်မာမင်း(၁၇)ဆက်တိတိ ဆည်ဖို့ပြုပြင် တည်ထားတော်မူသော "မိတ္ထီလာကန်တော်မဟာမှတ်တမ်း"စာအုပ်ကို စာရေးဆရာသတင်းထောက် ဦးတင်လှိုင်(မိတ္ထီလာ)က ရေးသားပြုစုထုတ်ဝေလိုက်သည်။

အဆိုပါစာအုပ်မှာ မြန်မာပြည်တွင် သမိုင်းဝင်ကန်တော်ကြီးတစ်ကန်ဖြစ်သည့် မိတ္ထီလာကန် သမိုင်းကြောင်းကို သမိုင်းအချက်အလက်၊ စာအုပ်စာ တမ်း၊ ပေပုရပိုက်၊ကျောက်စာမှတ်တမ်းများကို ရှာဖွေလေ့လာမှတ်တမ်းပြုထားသည်။ တာဝတိံသာနတ်ပြည်မှ သိကြားမင်းမှ အစပြုကာ ရှေးမင်းအဆက်ဆက် တို့၏ ဆည်ဖို့ပြုပြင်ခဲ့ခြင်းအကြောင်းများနှင့် ပဒေသရာဇ်ခေတ်မင်းအဆက်ဆက် စိုက်ပျိုးရေး၊ သောက်သုံးရေအတွက် အသုံးဝင်အောင်ဆောင်ရွက်ကြပုံတို့ကို စုစည်းဖော်ပြထားပြီး မျက်မှောက်ခေတ်တိုင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် အကြောင်းအရာများပါမကျန် ပြည့်ပြည့်စုံစုံဖော်ပြထားသည်။ နောင်လူတို့လည်း အကျိုးရှိအောင် ဆက်လက်အမွေဆက်ခံနိုင်ရန်နှင့်ကန်သမိုင်းကို သိရှိနိုင်စေရန်ရည်ရွယ်တင်ပြထားသည်။

**အဆိုပါစာအုပ်ကို စာရေးဆရာသတင်းထောက် ဦးတင်လှိုင်(မိတ္ထီလာ)ကိုယ်တိုင် ရေးသားထုတ်ဝေထားပြီး မိတ္ထီလာမြို့မှပင် တန်ဖိုးကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။**




## စာကြည့်တိုက်ယဉ်ကျေးမှု–၁

The Key Collection က ထုတ်ဝေသည့် "စာကြည့်တိုက်ယဉ်ကျေးမှု-၁ [Library Cultire-1]" စာအုပ်ကို မောင်သာမည မြန်မာပြန်ဆိုထား သော စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ ပါဝင်ရေးသားသူမှာ J. S. Furnivall ဟုလူသိများသော ပုဂ္ဂိုလ်ကြီးဖြစ်ပြီး ၎င်း၏စာကြည့်တိုက်ဆိုင်ရာဟောပြောချက် သုံးရပ် နှင့် IFLA နှင့် UNESCO ပူးတွဲပြဋ္ဌာန်းရေးဆွဲသည့် 'ပြည်သူ့စာကြည့်တိုက် ကြေညာစာတမ်း ၁၉၉၄'ကို ဆရာ မောင်သာမည ကမြန်မာပြန်ဆိုပေးထားသည်။ စာအုပ်တွင် 'မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်ကြလော့'၊ 'ပြည်မြို့ဟောင်းနှင့်ပြည်မြို့သစ်'၊ 'ပြည်သူ့စာကြည့်တိုက်ကြေညာစာတမ်း ၁၉၉၄'တို့ပါဝင်သည်။ ထို့အပြင် အင်္ဂလိပ်မူရင်းနှင့် မြန်မာပြန်တွဲစီစဉ်ထားပြီး စာကြည့်တိုက်စိတ်ဝင်စားသူများသာမက ဘာသာပြန်လေ့လာလိုသူများအတွက် ပါ အသုံးဝင်အကျိုးရှိနိုင်သည်။

**အဆိုပါစာအုပ်ကို The Key Collection အမှတ် ၅(ခ)၊ (၅)လွှာ၊ ဒဂုံတာဝါ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁- ၅၅၈၁၆၁ က တန်ဖိုးကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိထားသည်။**




## အင်္ဂလိပ်–မြန်မာအဘိဓာန်

ထွန်းဖောင်ဒေးရှင်းက ထုတ်ဝေသည့် "အင်္ဂလိပ်-မြန်မာအဘိဓာန်(TUN FOUNDATION English-Myanmar Dectionary Volume One A to L နှင့် Volume Two M to Z) စာအုပ်ထွက်ရှိလာသည်။

ဤအင်္ဂလိပ်-မြန်မာအဘိဓာန်စာအုပ်မှာ Webster's New World College Dictionary, Fourth Edition ကို မဏ္ဍိုင်ပြုပြီး ပြုစုထားသော စာအုပ်ဖြစ်သည်။ မူလက အတွဲ သုံးတွဲ ခွဲကာ ပုံနှိပ်ထုတ်ဝေရန် စီစဉ်ထားသည်ဟုသိရသော်လည်း အဘိဓာန်အသုံးပြုသူများ ပိုမိုလွယ်ကူစေရန် ပိုမိုခိုင်ခံ့ပါးလွှာသည့် အဆင့်မြင့် စက္ကူများဖြင့် စာမျက်နှာ တစ်ထောင်ကျော်ပါရှိသည့် အက္ခရာ အေမှ အယ်လ်တို့ကို အတွဲ(၁)ဖြင့် ထည့်သွင်းထားပြီး အက္ခရာ အမ် မှ ဇက် အထိကို စာမျက်နှာ တစ်ကျော်ပါဝင်သည့် အတွဲ(၂) ဖြင့် တစ်စုတစ်စည်းတည်း ဖော်ပြထားသည်။

**အဆိုပါစာအုပ်ကို ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီ ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၈၈၁ က အင်္ဂလိပ်စာလေ့လာလိုက်စားလိုသူများအတွက် ရည်ရွယ်ထုတ်ဝေဖြန့်ချိလိုက်သည်။**

# (၄၄) ကြိမ်မြောက် မဒေါက်ဒေသ တန်ဆောင်တိုင်မီးမျှောပွဲတော်ကျင်းပနိုင်ရေး ဆွေးနွေး

**ညောင်လေးပင် အောက်တိုဘာ ၂၄**

(၄၄) ကြိမ်မြောက် မဒေါက်ဒေသတန်ဆောင်တိုင်မီးမျှောပွဲတော်ကျင်းပနိုင်ရေး အစည်းအဝေးကို အောက်တိုဘာ ၂၂ ရက်က ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တရုတ်ဘုံကျောင်း၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး ဦးကိုကိုကြီး၊ ကျေးလက်ဦးစီးမှူး ဦးသန်းလွင်၊ မြို့အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုး၊ မဒေါက်ဒေသဒိုင်နယ် ၁၁ ခုမှ အုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ပြီး (၄၄) ကြိမ်မြောက် မဒေါက်ဒေသ တန်ဆောင်တိုင်မီးမျှောပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးအား တက်ရောက်လာသူများ၏ သဘောဆန္ဒအရ ရာထူးတာဝန်များခွဲဝေပေးခဲ့ကြောင်း သိရသည်။

မဒေါက်ဒေသတန်ဆောင်တိုင်မီးမျှောပွဲတော်သည် နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၌ စတင်ကျင်းပလေ့ရှိပြီး လပြည့်ကျော်တစ်ရက်၌ ရိုးရာအကအလှ ယိမ်းလှေများယှဉ်ပြိုင်ခြင်း၊ မြန်မာ့ရိုးရာလှေပြိုင်ပွဲများ ထည့်သွင်းကျင်းပခြင်း၊ ခြင်းပွဲ၊ ဘောလုံးပွဲနှင့် ဇာတ်ပွဲများထည့်သွင်းကျင်းပပြီး ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ ဖြင့် စစ်တောင်းမြစ်အတွင်း ရေမျှောပူဇော်ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ယခုနှစ် (၄၄) ကြိမ်မြောက် တန်ဆောင်တိုင်မီးမျှောပွဲတော်ကိုလည်း အစဉ်အလာမပြတ် ကျင်းပနိုင်ရေးအတွက် အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ဗန်းမောက်မြို့နယ်၌ကျင်းပ



**ဗန်းမောက် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မြနန္ဒာရပ်ကွက် ကွင်းအမှတ် (၂၉၅၁)၊ ဦးပိုင်အမှတ် (၁၇/၁) တောင်သူဦးချစ်ဝင်း၏ လယ်မြေတွင် မိုးစပါးဆင်းဧကရီ (၃) မျိုးသန့်မျိုးပွားစိုက်ခင်းအား စံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စီမံကိန်းဦးစီးဌာန၊ မြေစာရင်းဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ဆင်းဧကရီ (၃) မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၉၁ ဒသမ ၁၄ တင်းနှုန်းထွက်ရှိမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## ဖရူဆိုမြို့၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ဖရူဆို အောက်တိုဘာ ၂၄**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖရူဆိုမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပြစ်မှုဆိုင်ရာဥပဒေများအား လက်တွေ့သရုပ်ပြခြင်းနှင့်အတူ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက စာကြည့်တိုက်ခန်းမ၌ ပြသထားသော စာအုပ်စာစောင်များ၊ ဓာတ်ပုံပြပွဲများနှင့် နံရံကပ်စာစောင်ပြပွဲများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့ပေါ်ရပ်ကွက်ရှိ ဒေသခံပြည်သူများ စုစုပေါင်း ၄၀ ဦးခန့် တတ်ရောက်ခဲ့ကြောင်း သိရသည်။

**ဦးကျော်(ဖရူဆို)**

## ဆေးဝါးအတုများနှင့် ရက်လွန်ဆေးဝါးများ ရောင်းချမှုမရှိစေရေး ဆွေးနွေးပွဲပြုလုပ်

**ကျောက်ဆည် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီးတို့ပူးပေါင်းပြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ လူသုံးကုန်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားလျက်ရှိသော လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ဆေးဝါးအတုများနှင့် ရက်လွန်ဆေးဝါးများ၊ အရည်အသွေးမပြည့်မီသော ဆေးဝါးများ ရောင်းချမှုမရှိစေရန် အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဦးတိုးတိုးက ပြည်သူများသုံးစွဲနေသည့် အစားအသောက်များ၊ ဆေးဝါးများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရန်နှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှု အာမခံချက်ရှိစေရန် အလွန်အရေးကြီးပြီး မိမိတို့ရောင်းချသည့် ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောင်းချရာတွင် စစ်မှန်သောဆေးဝါးများ ပြည်သူများလက်ဝယ်သို့ ရောက်ရှိစေရန် ဌာနဆိုင်ရာအဖွဲ့အစည်းများ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမေမြတ်နိုးခိုင်က ဆေးဝါးရောင်းချသူများ လိုက်နာရမည့် စည်းကမ်းချက်များအကြောင်းနှင့် ဦးစိုင်းဘုန်းမြင့်ကျော်က ဆေးဝါးအတုများအန္တရာယ်နှင့် ဦးစီးဌာမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို အပြန်အလှန်ဆွေးနွေးခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးတိုးတိုးက အပြည်ပြည်ဆိုင်ရာ မှုခင်းတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ ဆေးဝါးအတုများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် မှုခင်းများသည် အခြားအကြောင်းအရာများကြောင့် ဖြစ်ပေါ်လာသည့် မှုခင်းများထက် ပိုမိုများပြားကြောင်း၊ ထို့ကြောင့် ဆေးဝါး ရောင်းချသူများအနေဖြင့် မိမိတို့ရောင်းချသည့် ဆေးဝါးများသည် အရည်အသွေးပြည့်မီကောင်းမွန်မှု၊ စွမ်းရည်အာနိသင်ထက်မြတ်မှု၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေမှု စသည့်အာမခံချက် ပေးနိုင်သော ဆေးဝါးများဖြစ်စေရေးအတွက် ဆေးဝါးကဏ္ဍနှင့်ဆက်စပ်နိုးနွယ်သူအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ဆိပ်ဖြူမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ကျောင်းသား၊ ကျောင်းသူလေးများအား ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စိတ်ကူးပန်းချီပြိုင်ပွဲများ ပြုလုပ်ပေး

**ဆိပ်ဖြူ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ကျောင်းသား၊ ကျောင်းသူလေးများ စာကြည့်တိုက်များမှ စာပေများကို ဖတ်ရှုလေ့လာ၍ အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်ကာ ဆေးရောင်ခြယ်နှင့် စိတ်ကူးပန်းချီပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းက ပြုလုပ်ပေးခဲ့သည်။

အဆိုပါပြိုင်ပွဲများအနက် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး၊ စိတ်ကူးပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး စုစုပေါင်း ၂၈ ဦး လာရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်များက ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်ခဲ့သည်။

ယင်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဆေးရောင်ခြယ်နှင့် စိတ်ကူးပန်းချီပြိုင်ပွဲကိုပြုလုပ်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူလေးများသည် အခြေခံပညာကျောင်းများတွင် ပြုလုပ်သော အထိမ်းအမှတ် ပုံဆွဲပန်းချီပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူလေးများအတွက် အထူးကောင်းမွန်သည့် အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



## ဇီကာဗိုင်းရပ်စ်ကြောင်း အသိပညာပေးဟောပြော

**ခင်ဦး အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ကျော်၏ လမ်းညွှန်မှုဖြင့် ခင်ဦးမြို့နယ် မြို့မရဲစခန်း ရဲသူရိန်ရိပ်သာ၌ အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီက ရဲတပ်ဖွဲ့အား ZIKA Virus (ဇီကာဗိုင်းရပ်စ်) အကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး ကျန်းမာရေးအဖွဲ့ခွဲမှပေးပို့သော ZIKA Virus (ဇီကာဗိုင်းရပ်စ်)အကြောင်း သိကောင်းစရာများကို ဖတ်ကြားရှင်းလင်းပြောကြားခဲ့ပြီးနောက် မြို့မရဲစခန်းမှူး ဒုရဲမှူးသောင်းဝင်းက တပ်ဖွဲ့ဝင်မိသားစုများအနေဖြင့် အဆောင်အတွင်းအပြင်နှင့် မိမိပတ်ဝန်းကျင် သန့်ရှင်းမှုရှိစေရန် ခြင်များခိုအောင်းနိုင်သောနေရာများ၌ စုပေါင်း၍ အပတ်စဉ် သန့်ရှင်းရေးပြုလုပ်ရန်နှင့် တပ်ဖွဲ့ဝင်မိသားစုထဲမှ ဖျားနာမှုရှိပါက ချက်ချင်းသတင်းပေးပို့ရန် ပြောကြားခဲ့သည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသောင်းဝင်း၊ နယ်ရဲကင်းမှူးများ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

## သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပညာပေးဆွေးနွေး

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကပြုလုပ်သည့် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် တောင်သူပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက မုန်တိုင်စိုက်ပျိုးပညာပေးစခန်း၌ ကျင်းပခဲ့သည်။

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းထိန်က မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်အဆင့် မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံ နှင့် သီးနှံကာကွယ်ရေးတာဝန်ခံတို့က သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်ရေး အတွက် ခေတ်မီစိုက်ပျိုးနည်းပညာများကို ကဏ္ဍအလိုက် ပညာပေးဆွေးနွေးခဲ့ သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်း က ပြုပြင်ပြောင်းလဲရန်လိုအပ်သည့် စိတ်ဓာတ်၊ မျိုး၊ သိပ္ပံနည်းကျစိုက်နည်း စနစ်၊ လယ်ကွက်များပုံသဏ္ဌာန်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲရန်နှင့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ရေးကို မျိုးစေ့ထုတ် တောင်သူအစုအဖွဲ့ (Seed Grower Association) များဖြင့် စတင်ဆောင်ရွက် ကာ ကျယ်ကျယ်ပြန့်ပြန့် မျိုးသန့်စိုက်ပျိုးထုတ်လုပ်သွားရန် ပညာပေးဆွေးနွေးခဲ့ သည်။

အဆိုပါပညာပေးဆွေးနွေးပွဲသို့ မုန်တိုင်စိုက်ပျိုးပညာပေးစခန်းနယ်မြေ အတွင်းရှိ ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး သိလိုသည်များကို မေးမြန်းခဲ့ ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အနိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်း တစ်နှစ်ပြည့်နှင့် အလှူရှင်များအတွက် စာပေဟောပြောပွဲ ပြုလုပ်

**သထုံ အောက်တိုဘာ ၂၄**



မွန်ပြည်နယ် သထုံမြို့ အနိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင်အခမဲ့ကူညီမှုအသင်း၏ တစ်နှစ်ပြည့် နှစ်ပတ်လည်နှင့် သွေးလှူရှင်အသီးသီးတို့အား ဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်စာရေးဆရာကြီးများ၏ စာပေဟောပြောပွဲများကို အောက်တိုဘာ ၂၂ ရက် မှစတင်ကာ သထုံမြို့ သုဝဏ္ဏခန်းမ၌ ပြုလုပ်ခဲ့ ကြောင်း သိရသည်။

"ဒီပွဲက အလှူရှင်တွေကိုဂုဏ်ပြုပြီး ကျေးဇူးဆပ် တဲ့အနေနဲ့ အသိပညာတိုးပွားအောင် လုပ်ပေးတာ ပါ။ အသင်းကလည်း တစ်နှစ်ပြည့်ပြီ အသင်းရဲ့ရည် ရွယ်ချက်အတိုင်း လူ့အသက်တွေကို ကယ်နိုင်ဖို့ အတွက် သွေးနဲ့ အောက်ဆီဂျင်လိုလာရင် ရပ်နီးရပ် ဝေးမရွေးဘဲ ၂၄ နာရီ အခမဲ့လှူဒါန်းနိုင်ခဲ့တယ်။ ပိုပြီးလှူပေးနိုင်ဖို့အတွက်လည်း မကြာခင်မှာ အောက်ဆီဂျင်စက်ရုံတစ်ခု တည်ဆောက်သွားမှာ ဖြစ်ပြီးတော့ ဒီအတွက်လည်း အလှူရှင်များရဲ့ အကူ အညီလိုအပ်နေပါသေးတယ်" ဟု အနိုင်းမဲ့မေတ္တာ သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ပြောသည်။

စာပေဟောပြောပွဲတွင် ဆရာချစ်ဦးညို၊ ဆရာ မောင်သာချို၊ ဆရာမဂျူး၊ ဆရာအော်ပီကျယ်၊ ဆရာ ဦးဘုန်း(ဓာတု) နှင့် ဆရာညီမင်းညိုတို့က စာပေ ဗဟုသုတများရရှိစေရန် ဟောပြောခဲ့ပြီး သထုံမြို့ နယ်စာကြည့်တိုက်များကွန်ရက်မှ စာကြည့်တိုက် များက စာအုပ်ပြခန်းများနှင့် စာအုပ်အရောင်းဆိုင် များဖွင့်လှစ်ကာ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက် အထိ ၃ ညတိုင်တိုင် ပြုလုပ်သွားခဲ့ကြောင်း သိရ သည်။

**သက်ဦး(သထုံ)**

## တာချီလိတ်မြို့ရွှေတိဂုံဘုရားလမ်းအား ကတ္တရာထပ်ပိုးလွှာခင်း

**တာချီလိတ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင် စီစဉ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စေတနာရှင် အလှူရှင် ပြည်သူများ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် မကာဟိုခမ်းရပ်ကွက်ရှိ တာချီလိတ် ရွှေတိဂုံဘုရားလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကတ္တရာ ၁၂ ဒသမ ၇၁ တန်နှင့် စက်ယာဉ်ယန္တရားများ၊ အလှူရှင်များ၏ ပါဝင်လှူဒါန်းမှု စုစုပေါင်းငွေကျပ် ၂၄၉ သိန်းကျော်ဖြင့် အရှည် ၁၂၅၀ ပေ၊ အကျယ် ၂၃ ပေ၊ ထု ၃ လက်မရှိ ကတ္တရာထပ်ပိုးလွှာခင်းလုပ်ငန်းဆောင် ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု အချိန်မီပြီးစီးနိုင်ရေးအတွက် မြို့နယ်စည် ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုံမား၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာမှူး ဦးလှမျိုးတို့က အောက်တိုဘာ ၂၂ ရက်က ကွင်းဆင်းကြည့်ရှု ၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

## အဘိုးအဘွား၁၀၀ဦးအား လှူဖွယ်ပစ္စည်းများလှူဒါန်း

**သုံးခွ အောက်တိုဘာ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် TRI စေတနာကွန်ရက်အဖွဲ့က သုံးခွမြို့ပေါ်ရှိ အသက် ၈၀ နှင့်အထက် နွမ်းပါးအဘိုးအဘွား ၁၀၀ ဦးတို့အား လှူဖွယ်ပစ္စည်းမျိုးစုံကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းမှစတင်ကာ TRI စေတနာကွန်ရက်အဖွဲ့ဝင်များက အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းပေးခဲ့သည်။

ယင်းသို့သွားရောက်လှူဒါန်းရာ၌ သက်ကြီးအဘိုးအဘွားတစ်ဦးလျှင် ဆန် ၄ ပြည်၊ ဆီတစ်ဘူး၊ အိပ်ရာခင်း၊ ခြင်ထောင်၊ မျက်နှာသုပ်ပဝါ၊ ဆပ်ပြာ ၃ ပိုင်း၊ ကွေကာ ၁ ပါကင်၊ ခေါက်ဆွဲခြောက် ၅ ထုပ်၊ ငါးသေတ္တာ၊ စတုမဓူ၊ လက်ဖက်ခြောက်၊ ပဲဆန်၊ ဆေး၊ မုန့်၊ ငွေသား ၅၀၀၀ ကျပ်စီတို့ကို သက်ကြီးအဘိုးအဘွား ၁၀၀ ဦးတို့၏ အိမ်တိုင်ရာရောက် လှူဒါန်း ပေးအပ်ခဲ့သည်။

**ကြည်စိုးလွင်(သုံးခွ)**

## တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေး

**လွိုင်လင် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် သာသနာ့ဗိမာန်ဓမ္မာရုံ ကြီးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆန်းဦး နှင့် လွိုင်လင်၊ ပင်လုံ၊ လဲချား၊ နမ့်စန်၊ မိုးနဲမြို့များမှ တိုင်းရင်းဆေး ဆရာများ၊ ဝန်ထမ်းများ၊ ပြင်ပတိုင်းရင်းဆေးဆရာများစုပေါင်း၍ တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဆေးဝါးကုသပေးလျက်ရှိသည်။ အခမဲ့ကုသပေးရာနေရာသို့ ဝေဒနာရှင် ၈၂ ဦး လာရောက်ဆေးဝါး ကုသမှုခံယူကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ထူးကြီးမြို့ ကြီးပွားရေးစာကြည့်တိုက်မှ ဒေသတွင်းရှိ အခြေခံပညာကျောင်းများသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**အင်္ဂပူ အောက်တိုဘာ ၂၄**

ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာစောင်များ ကို အလွယ်တကူလေ့လာဖတ်ရှုနိုင်စေရန် ကျောင်း များအရောက် ခရီးပေါက်အောင်ပို့ဆောင်ပေးခြင်း အစီအစဉ်ဖြင့် လူငယ်များ ဗဟုသုတတိုးပွားပြီး လူ ရည်ချွန်များပေါ်ထွက်လာစေရန်နှင့် ကျောင်းစာ ကြည့်တိုက်များတွင် စာအုပ်စာစောင်များ တိုးပွား လာစေရန်ရည်ရွယ်ပြီး ပြုလုပ်သော ကြီးပွားရေး စာကြည့်တိုက်မှ ဒေသတွင်းရှိ အခြေခံပညာကျောင်း များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အင်္ဂပူမြို့နယ် ထူးကြီးမြို့ ကြီးပွား ရေးစာကြည့်တိုက်တွင် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းက စာအုပ်စာစောင်များပေးအပ် လှူဒါန်းရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြော ကြားခဲ့သည်။

ယင်းနောက် ထူးကြီးဒေသတွင်းရှိ အခြေခံပညာ ကျောင်းများသို့ စာအုပ်၊ စာစောင်များကို စာကြည့် တိုက်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင် များက ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းအခမ်းအနားသို့ ကြီးပွားရေးစာကြည့်တိုက် ကော်မတီနာယကကြီးများနှင့် အမှုဆောင်များ၊ အလှူရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်း အုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဖိတ်ကြားထားသူ များ တက်ရောက်ခဲ့ပြီး ကြီးပွားရေးစာကြည့်တိုက်မှ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက် တန်းကျောင်းပေါင်း ၃၆ ကျောင်းသို့ စာအုပ်စာစောင် ၃၁၅၇ စောင်တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## ဒဂုံတောင်မြို့နယ်တွင် ပြည်သူ့အကျိုးပြု အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်



**ဒဂုံတောင် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံတောင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ နှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ဒဂုံတောင်မြို့နယ် ၅၆ ရပ် ကွက် ဓမ္မာရုံ၌ ပြည်သူ့အကျိုးပြု အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အကျိုးပြုအခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခြင်းကို ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့် ခိုင်ဦးဆောင်သည့် ကလေးအထူးကုဆရာဝန်အဖွဲ့ ၁၂ ဦးနှင့် ဒေါက်တာကျော်စိုးဝင်းဦးဆောင်သော အထွေထွေဆရာဝန် ၅ ဦးတို့က ကလေး ၁၂၆ ဦး၊ လူကြီး ၂၅၀ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ကြောင်း သိရသည်။

**နှင်းနှင်း(ဒဂုံတောင်)**



ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ ဓာတ်အားပြည့်ဝစွာရရှိရေး အတွက် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အောင်မေတ္တာရပ်ကွက် အတွင်းရှိ ဝင်ဒါမီယာလမ်းမှ ဆွေးမြည့်သစ်သားဓာတ်တိုင်ခြောက်တိုင်နှင့် နှင်းဆီလမ်းရှိ ဆွေးမြည့်သစ်သားဓာတ်တိုင် ခြောက်တိုင်တို့ကို ကွန်ကရစ်တိုင် အစုံဖြင့် အစားထိုးလဲလှယ်ခြင်း၊ ကေဗယ်ကုတ်ကြိုးငါးကြိုး အသစ်လဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်ဝန်ထမ်းများက အောက်တိုဘာ ၂၁ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **ကျော်မြိုင်**

# မြန်မာ့ယဉ်ကျေးမှုအဝတ်အစားနှင့် ရှေးဟောင်းကျောင်းများ၏ အလှမြင်ကွင်း နိုင်ငံတကာခရီးသွားများ မှတ်တမ်းရယူ

**မန္တလေး အောက်တိုဘာ ၂၄**
အင်းဝမြို့ဟောင်းသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများပြားလျက်ရှိရာ ခရီးသွားဧည့်သည်များမှာ ရှေးဟောင်းသစ်သားကျောင်းတော်ကြီးများ၊ လက်ရာမြောက် ဘုရားစေတီများကို အထူးစိတ်ဝင်စားလျက်ရှိပြီး ရှေးဟောင်းကျောင်းတော်များတွင် မြန်မာဆန်သော အဝတ်အစားများဖြင့် အလှဓာတ်ပုံရိုက်ကူးမှုများအား အထူးစိတ်ဝင်တစား မှတ်တမ်းယူမှုများရှိကြောင်း သိရသည်။

ဓာတ်ပုံရိုက်ကူးမှုလည်းများပြားပြီး ရှေးဟောင်းကျောင်းတော်များနောက်ခံနှင့် မြန်မာဆန်သော အလှရှုခင်းကို အထူးသဘောကျကြကာ မှတ်တမ်းယူမှုများပြုလုပ်လေ့ရှိပြီး ခေတ္တအလည်လာခိုက် မြင်ရခဲ့သောမြင်ကွင်းများဟု ညွှန်းဆိုကြသည်။

အင်းဝမြို့ဟောင်းသို့ ကားဖြင့်လာက အိုးတုဋ္ဌာန်းမှ ကူးတို့ဖြင့်ကူးကာ လေ့လာသူများမှာ အများအားဖြင့် မြင်းလှည်းစီးကာ လေ့လာကြသည်။ ဆိုက်စည်းအရ ဧည့်သည်နှစ်ဦး မြင်းလှည်းတစ်စီးဖြင့် သွားလာလေ့ရှိပြီး နာမည်ကြီးသည့်နေရာလေးနေရာကို ပို့ပေးကြသည်။ အချို့သော နိုင်ငံတကာခရီးသွားဧည့်သည်များကမူ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၏ အစီအမံဖြင့် စက်ဘီးများစီးကာ လည်ပတ်ကြသည်။ စက်ဘီးဖြင့်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များမှာ အင်းဝမြို့ဟောင်းရှိ လက်ရာမြောက်စေတီများဖြစ်သည့် ဗားကရာကျောင်းတော်ကြီးအနောက်ဘက်ရှိ ဘုရားများကို လေ့လာလေ့ရှိကြသည်။

ဗားကရာကျောင်းတော်ကြီး အနောက်ဘက်ရှိ စေတီများမှာ လက်ရာမြောက်ပြီး တနင်္ဂနွေမင်းတည်ထားခဲ့သောစေတီများပင်ဖြစ်သည်။ ထိုစေတီများမှာ ဝက်ဘာစေတီ၊ တောင်လေးလုံးစေတီ၊ လောကဒုဿမာန်အောင်စေတီ၊ ဇေယျမာန်အောင်စေတီ၊ မြတ်မာန်အောင်စေတီ၊ မင်္ဂလာမာန်အောင်စေတီတို့ ဖြစ်သည်။ စေတီများမှာ ထူးခြားသောလက်ရာများဖြင့် တည်ထားပြီး တစ်စုတစ်ဝေးတည်းတည်ရှိနေသည်။ ပတ်ဝန်းကျင်ရှုခင်းများနှင့်အတူ ခရီးသွားဧည့်သည်များ အထူးသဘောကျသော စေတီများပင်ဖြစ်သည်။ ထိုစေတီများထဲတွင် ဝက်ပါစေတီမှာ လက်ရာဆန်းကျယ်ကာ ဝက်ပါလမ်းများဖြင့် တည်ဆောက်ထားသော စေတီပင်ဖြစ်သည်။ ထူးခြားသော လက်ရာဖြစ်သလို အပေါ်ရောက်ရန် တက်မှုတွင် မျက်စိလည်သည်များလည်းရှိသည်။ စေတီတော်ပေါ်ရောက်သည်နှင့် အနီးအနားရှိ စေတီများကို အပေါ်စီးမှမြင်တွေ့နိုင်သလို ပတ်ဝန်းကျင်အလှအပများကို ခံစားနိုင်သော နေရာပင်ဖြစ်သည်။

လက်ရှိကာလတွင် အင်းဝမြို့ဟောင်းရောက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မြင်ရခဲ့သည့် နန်းဆန်သော အဝတ်အစားနှင့် ဓာတ်ပုံရိုက်ကူးမှုတွေ့ပါက စိတ်ဝင်တစားမှတ်တမ်းယူကာ မြန်မာမှု မြန်မာနန်းဆန်သည့် အဝတ်အစားများအကြောင်း အထူးစိတ်ဝင်စားလျက်ရှိသည်။

**နွေနဒီ(မြစ်ငယ်)**

# သီတဂူစက္ခုဒါနဆေးရုံ ဖွင့်လှစ်တော့မည်



**ဖားကန့် အောက်တိုဘာ ၂၄**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့တွင် ဆောက်လုပ်လျက်ရှိသည့် သီတဂူစက္ခုဒါနဆေးရုံတော် (ဖားကန့်)သည် ဆောက်လုပ်မှုလုပ်ငန်းရာခိုင်နှုန်း ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ဖွင့်လှစ်၍ မျက်စိရောဂါဝေဒနာရှင်များအား ခွဲစိတ်ကုသပေးသွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံတော်တည်ဆောက်မှုလုပ်ငန်းနှင့် မျက်စိရောဂါဝေဒနာရှင်များအား ကုသပေးသွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ "သီတဂူစက္ခုဒါနဆေးရုံတော်ကို စစ်ကိုင်းတိုင်းဒေသကြီး သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိချုပ်ဆရာတော် ဒေါက်တာအရှင်ဉာဏဓဇရဲ့ လမ်းညွှန်မှုနဲ့တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဆေးရုံပင်မဆောင်ကို အလျားပေ ၁၂၀၊ အနံပေ ၁၀၀၊ အမြင့် ၁၅ ပေ၊ လူနာဆောင်အတွက် အလျားပေ ၈၀၊ အနံ ၃၆ ပေနဲ့ ကျန်းမာရေးဝန်ထမ်းများနားနေဆောင်၊ ဆရာတော်နားနေဆောင်တွေကို အလှူရှင်တွေစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၈၀၀၀ ခန့် အကုန်အကျခံပြီး ဆောက်လုပ်ခဲ့တာပါ။ ဒီလိုဆောက်လုပ်နိုင်ဖို့ကို ဖားကန့်မြို့နယ်အတွင်းမှာရှိတဲ့ လူမှုကူညီရေးအသင်းတွေက ကမကထပြုပြီး ဆောက်လုပ်ခဲ့ကာ ဆရာတော်ရဲ့ လမ်းညွှန်ချက်အရ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှာ ဖွင့်လှစ်ပြီး မျက်စိရောဂါဝေဒနာရှင်တွေကို ၇ ရက်ကြာ ခွဲစိတ်ကုသပေးသွားမှာပါ" ဟု ဆေးရုံတော်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးဝင်းက ပြောသည်။

သီတကူ စက္ခုဒါနဆေးရုံ(ဖားကန့်) တွင် မျက်စိရောဂါဝေဒနာရှင်များ စမ်းသပ်ကုသမှုခံယူလိုပါက ဆေးရုံတော်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးဝင်း ဖုန်း ၀၉-၈၆၁၇၇၁၈၈ သို့ စာရင်းပေးနိုင်ပြီး လူနာများနှင့် လူနာစောင့်များအတွက် နေရာထိုင်ခင်းနှင့် စားသောက်ဖွယ်ရာများပါ အခမဲ့စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မိုးဃန်းကျ(မြစ်ကြီးနား)**

# နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲပြုလုပ်

**နတ်မောက် အောက်တိုဘာ ၂၄**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သည့်ကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်သွားရန်အတွက် အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်မြင့်၊ ဒုမြို့နယ်ပညာရေးမှူး ဦးသောင်းနိုင်၊ (T.D.H) စီမံကိန်းညှိနှိုင်းရေးမှူး ဦးမင်းမင်း၊ (N.A.G) စီမံကိန်းညှိနှိုင်းရေးမှူး ဦးစည်သူထွန်း၊ (R.E.A.M) ကွင်းတာဝန်ခံ ဦးရဲစိုးဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းထွန်းက ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော နိုင်ငံတကာအဖွဲ့အစည်းများကလည်း မိမိတို့အဖွဲ့အစည်းများအနေဖြင့် ကျေးလက်ဒေသများသို့ ဆောင်ရွက်သည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အတူတကွပူးပေါင်းပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုလှဝင်း(နတ်မောက်)**

# သာစည်မြို့နယ်တွင် ရသစာပေဆွေးနွေးပွဲပြုလုပ်

**သာစည် အောက်တိုဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ရန်ကုန်စာပေကွန်ရက်မှ စာရေးဆရာ၊ ဆရာမများနှင့် သာစည်မြို့နယ် စာရေးဆရာများသမဂ္ဂတို့ပူးပေါင်း၍ ရသစာပေဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် ညနေ ၆ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပခဲ့သည်။

ရန်ကုန်စာပေကွန်ရက်မှ နှင်းဝေငြိမ်းက ရသစာပေတိုးတက်စေရန်နှင့် ယနေ့ဆွေးနွေးပွဲမှအစပြု၍ စာပေဝါသနာရှင်များ၊ စာပေဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်သွားနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းတို့ကို ပြောကြားခဲ့သည်။

ယင်းနောက် စာရေးဆရာမြသန်းတင့်ရေးသားသော ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်နှင့် စာရေးဆရာမဝင်းဝင်းလတ်ရေးသားသည့် အချစ်၏နောက်ဆက်တွဲစာမျက်နှာ စာအုပ်များကို ဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲကို ရန်ကုန်စာပေကွန်ရက်မှ စာရေးဆရာ၊ ဆရာမများဖြစ်သော မာန်(တောင်လုံးပြန်)၊ တင့်ခိုင်(မင်္ဂလာရွှေမောင်း)၊ သက်ဦးမောင်၊ နှင်းဝေငြိမ်းနှင့် မီမိုး(မိုးမိုးစောဝင်း)တို့က ဦးဆောင်၍ သာစည်မြို့နယ်စာရေးဆရာများသမဂ္ဂမှ စာရေးဆရာများနှင့် တက်ရောက်လာသော စာပေဝါသနာရှင်များက အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ထွန်းထွန်း(သာစည်)**



# ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရန် လမ်းပြုပြင်



**ရွှေကျင် အောက်တိုဘာ ၂၄**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ရွှေကျင်မြို့မှ ကျောက်လုံးကြီးကျေးရွာနှင့် ကံဘေးအိုင်ကျေးရွာများသို့ ဆက်သွယ်ထားသည့်လမ်းအား KOE CONSTRUCTION CO.LTD မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းသည် ၁ မိုင် ၂ ဖာလုံရှည်လျားပြီး မိုးရာသီတွင် မိုးရေတိုက်စားမှုကြောင့် နှစ်စဉ်ပျက်ဆီးလျက်ရှိပြီး ဒေသခံပြည်သူများ သွားလာရာတွင် အလွန်အန္တရာယ်များခဲ့သည်။ ယခုအခါ အဆိုပါကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းနိုင်က ဦးစီး၍ အောက်တိုဘာပထမပတ်မှစကာ ပထမအဆင့်အနေဖြင့် မြေသားလမ်းခင်းခြင်းများကို ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူများသွားလာမှုအဆင်ပြေခဲ့သည်။

အောက်တိုဘာ ၂၁ ရက်မှစ၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နေပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းနိုင်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရှောင်ကျေးလက်နေပြည်သူများအား သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး သင်တန်းဖွင့်

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၄**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရှောင်ကျေးလက်နေပြည်သူများ မိမိတို့ဒေသသို့ ပြန်လည်ရောက်ရှိသည့်အချိန်တွင် ရာသီဥတုနှင့်လိုက်လျောညီထွေစွာဖြင့် ဈေးကွက်ဝင်သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် အောက်တိုဘာ ၂၂ ရက် နံနက်၉ နာရီက ပန်းဝတ်မှုန်ခန်းမ၌ သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းနည်းပြ ဆရာ၊ ဆရာမ ၅ ဦးက သင်ကြားပေးခဲ့ပြီး တောင်သူ ၄၀ ဦး တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ၃ ရက်ကြာပို့ချပေးသွားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ကြီးမြို့နယ်နှင့်အခြားမြို့နယ်များတွင် ရုတ်တရက် မိုးရွာသွန်းခဲ့မှုကြောင့် ရိတ်သိမ်းဆဲစပါးများမိုးမိ

**ကျောက်တံခါး အောက်တိုဘာ ၂၄**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်ကြီးမြို့နယ်နှင့် အခြားမြို့နယ်များတွင် အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ရုတ်တရက်မိုးရွာသွန်းခဲ့မှုကြောင့် ကောက်ဦးပေါ်ရိတ်သိမ်းဆဲစပါးများ မိုးမိခဲ့သည်။

"မိုးက ရုတ်တရက်ရွာခဲ့တာ။ ညနေ ၄ နာရီခွဲလောက်ကစရွာတာ။ ကျွန်တော့်စပါးက မနက်မှစရိတ်ရတာ။ စက်နဲ့ပဲရိတ်ရတာပါ။ စပါးဈေးက မကောင်းပါဘူးဆို ခုလိုမိုးမိတော့ ဘဝပျက်တာပဲ။ စပါးကလည်း ကောက်ဟောင်းရော ကောက်သစ်ရော ဝယ်သူမဲ့နေတယ်။ ဆန်စက်ထဲသွားပြီးကြိတ်တာတောင်မှ ဆန်မဝယ်တော့ဘူး။ ဖွဲနု၊ ဆန်ကွဲလောက်ပဲဝယ်ကြတော့တယ်။ မရိတ်လို့ကလည်း မရဘူး။ ရိတ်သိမ်းပြန်တော့လည်း မိုးကမိတယ်။ ဒီအတိုင်းတောင်မှ ဝယ်သူမဲ့နေတာလေ။ ခုလိုမိုးမိတော့ ပိုဆိုးတာပေါ့" ဟု ပဲနွယ်ကုန်းဒေသမှ တောင်သူ ကိုတင်ဝင်းက ပြောပြသည်။

ယခုအချိန်မှာ တောင်သူများ စပါးရိတ်သိမ်းချိန်ဖြစ်သဖြင့် ရုတ်တရက်ရွာချခဲ့သောမိုးကြောင့် တောင်သူများအဆင်မပြေဖြစ်နေကြောင်း ကျောက်ကြီးမြို့နယ်မှ တောင်သူတစ်ဦးကပြောပြသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ခွေးရူးရောဂါအန္တရာယ်ဟာ တကယ့်ကို ကြိုတင်ကာကွယ်သင့်တဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် အလေးထားဆောင်ရွက်နေပါတယ်

လက်ထောက်ဌာနမှူး ဒေါက်တာ လှမေဦး(ဆုရည်)

**ပြည်သူများ၏ ကျန်းမာရေးအလို့ငှာ ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း တစ်နေ့ထက်တစ်နေ့ ပေါက်ပွားမှုများပြားလာသည့် ခွေးကောင်ရေ တိုးပွားမှုနှုန်းလျှော့ချနိုင်ရန်နှင့် ခွေးရူးရောဂါ ကင်းစင်နယ်မြေများဖြစ်လာစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ကုသရေးဌာနမှ ဆေးပညာရှင်များပါဝင်သည့် Mobile Team အဖွဲ့မှ တိရစ္ဆာန်မှ လူကိုကူးစက်နိုင်သော ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေး စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။**

**အဆိုပါ စီမံချက်တွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာ လှမေဦး(ဆုရည်)နှင့် တွေ့ဆုံ၍ ကြိုတင်ကာကွယ်ဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**မေး- အစ်မတို့ အဖွဲ့အနေနဲ့ ခွေးရူးရောဂါ ကာကွယ်ရေးနဲ့ ခွေးကောင်ရေ မျိုးပွားမှုထိန်းချုပ်တဲ့ စီမံချက်ကို ဆောင်ရွက်နေတယ်ဆိုတာသိရပါတယ်။ ရှင်းပြပေးပါရှင့်။**

ဖြေ - ကျွန်မတို့ အဖွဲ့အနေနဲ့ ရန်ကုန်မြို့တော်ကြီးကိုခွေးရူးရောဂါကင်းစင်တဲ့ မြို့တော်ကြီးဖြစ်လာဖို့အတွက် ခွေးရူးရောဂါကြိုတင်ကာကွယ်ရေးနဲ့ ခွေးမျိုးပွားမှုနှုန်း ထိန်းချုပ်ဖို့အတွက် လုပ်ဆောင်နေပါတယ်။ ဒီစီမံချက်ကို CNVR Project လို့ ခေါ်ပါတယ်။ ခွေးရူးရောဂါကင်းစင်တဲ့ နိုင်ငံတွေမှာ ဆောင်ရွက်နေတဲ့ နည်းအတိုင်း ကြိုးစားခဲ့တာပါ။ C က Catch ဖမ်းတယ်။ N က Naetheesia မေ့ဆေးသုံးတာပါ။ V က Vaccination &sterilization ပြုလုပ်ပြီး Rက Return မူလနေရာကို ရောဂါကင်းစွာပြန်လည်ရှင်သန်နေထိုင်စေတာပါ။

ကျွန်မတို့အနေနဲ့ ပိုင်ရှင်ရှိတဲ့ အိမ်မွေးခွေးလေးတွေကို အသက် (၃)လကနေစပြီး မဖြစ်မနေ ကာကွယ်ဆေးထိုးပြီး စနစ်တကျမွေးမြူဖို့ တိုက်တွန်းနှိုးဆော်ပါတယ်။ ရပ်ကွက်ထဲမှာ လူတွေနဲ့တိရစ္ဆာန်တွေက အတူတူရှိနေတာပါ။ ပိုင်ရှင်ရှိတဲ့ အိမ်မွေးခွေးလေးတွေပဲ အန္တရာယ်ကင်းလို့ မရပါဘူး။ လမ်းဘေးခွေးလေးတွေလည်း အန္တရာယ်ကင်းစိတ်ချနေရဖို့လိုပါတယ်။ ခွေးတွေရဲ့ သဘောသဘာဝကိုကြည့်မယ်ဆိုရင် ခွေးမလေးတွေဟာ တစ်နှစ်ကို နှစ်ကြိမ်သားပေါက်နိုင်ပါတယ်။ တစ်ကြိမ်သားပေါက်ရင်လည်း သုံးလေးငါးကောင်ကနေ ခုနှစ်ကောင် ရှစ်ကောင်အထိ ပေါက်နိုင်တယ်။ အဲဒီအတွက်ကြောင့် လမ်းပေါ်မှာရှိတဲ့ခွေးလေးတွေရောဂါမရှိအောင် ကာကွယ်ဆေးထိုးပေးပြီး အမလေးတွေကိုလည်း ကာကွယ်ဆေးထိုးပေးပါတယ်။ ထပ်ပြီး မျိုးပွားမှုတွေဖြစ်မလာအောင် ထိန်းချုပ်တဲ့အနေနဲ့ ခွေးထီးလေးတွေကို ခွဲစိတ်ပေးလိုက်တယ်။ အဲလိုလုပ်ဆောင်ခြင်းအားဖြင့် အမလေးတွေကိုလည်း သားပေါက်နှုန်း ထိန်းချုပ်ပြီးသားဖြစ်သွားပါတယ်။

တိရစ္ဆာန်ကနေ လူကို ကူးစက်တတ်တဲ့ရောဂါတွေထဲမှာ ခွေးရူးရောဂါဟာ ကြောက်မက်ဖွယ်အကောင်းဆုံးနဲ့ ရောဂါသဏ္ဌာန်ပေါ်လာရင် ခွေးရူးရောဂါဖြစ်ပြီဆိုရင် ကုသဖို့ ကုရာနတ္ထိဆေးမရှိဘဲ အသက်ဆုံးရှုံးတာပါပဲ။ ဒါကြောင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းမှာ ခွေးရူးရောဂါ အန္တရာယ်ဟာ တကယ့်ကို ကြိုတင်ကာကွယ်သင့်တဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ကျွန်မတို့ဌာနအနေနဲ့ အလေးထား ဆောင်ရွက်နေပါတယ်။

**မေး - အစ်မတို့ အဖွဲ့အနေနဲ့ အခုလတ်တလောမှာ ဆောင်ရွက်နေတဲ့ မြို့နယ်တွေရှိရင်လည်း သိချင်ပါတယ်။**

ဖြေ- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျွန်မတို့ဌာနအနေနဲ့ တိရစ္ဆာန်ဆေးဝါး ရရှိသုံးစွဲခွင့်ထဲက တိရစ္ဆာန်ဆေးဝါးတွေကို လမ်းမတော်မြို့နယ်ထဲမှာရှိတဲ့ လေလွင့်ခွေးလေးတွေကို ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်းနဲ့ မျိုးပွားမှု လျှော့ချထိန်းချုပ်တဲ့ ခွဲစိတ်ကုသခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။

လမ်းမတော်မြို့နယ်ဟာ ရပ်ကွက် ၁၂ ရပ်ကွက်ရှိပါတယ်။ အမှတ် ၁ ကနေ ၁၂ ရပ်ကွက်မှာ တစ်လမ်းချင်းစီ ရက်ကွက်လုံးကျွတ် တစ်ကောင်ချင်းစီဖမ်းပြီး ခွဲစိတ်တယ်။ လိုအပ်တဲ့ ခွဲစိတ်ဆေးဝါးတွေနဲ့ ကာကွယ်ဆေးထိုးပြီး စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဩဂုတ် ၄ ရက်က စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီးတော့ အောက်တိုဘာ ၁၉ ရက်မှာ လမ်းမတော်မြို့နယ်တစ်ခုလုံးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

**မေး- ဒီအစီအစဉ် စတင်ဆောင်ရွက်ဖို့ ဖြစ်ပေါ်လာပုံကိုလည်း သိချင်ပါတယ်။**

ဖြေ - ဒီအစီအစဉ်က ၂၀၁၄ ခုနှစ်က ယခင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ရှယ်ရဲ့ ဇနီး မင်းမစ်ရှယ်ကနေပြီးတော့ ရန်ကုန်မြို့တော်ကြီးအတွက် လေလွင့်ခွေးလေးတွေကို ပေါက်ပွားမှုနှုန်း ထိန်းချုပ်ဖို့ရယ်၊ ခွေးရူးရောဂါကာကွယ်ဖို့ဆိုတဲ့ GARC ဆိုတဲ့ အဖွဲ့လေးကို ကျွန်မတို့ ရန်ကုန်မြို့မှာ ဆန်းစစ်လေ့လာဖို့အတွက်ကို စီစဉ်ပေးခဲ့ပါတယ်။ GARC ရဲ့ သူတို့လုပ်ဆောင်ချက်တွေကို လေ့လာတဲ့အခါမှာ သူတို့လုပ်ဆောင်တဲ့ နိုင်ငံတော်တော်များများမှာ ခွေးရူးရောဂါ ကင်းစင်ဖို့အတွက် ကာကွယ်ဆေးထိုးတယ်။ မျိုးပွားမှုအတွက် ခွဲစိတ်ကုသတယ်။ အဲလိုမျိုးနဲ့ သူတို့ဟာ ၇၀ ကနေ ၈၀ ရာခိုင်နှုန်း အောင်မြင်အောင်ဆောင်ရွက်နိုင်တယ်ဆို ဒါဟာ ခွေးရူးကင်းစင်တဲ့နယ်မြေအဖြစ် သူတို့က သတ်မှတ်တယ်။ အဲဒီလိုနည်းနဲ့ အောင်မြင်ခဲ့တဲ့ နိုင်ငံတွေရှိတယ်ဆိုတာ လေ့လာသိရှိရတဲ့ အခါကျတော့ ၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ရက်မှာ ကြည့်မြင်တိုင်မြို့နယ် သာစုအနောက်ရပ်ကွက် သာစုဘုန်းကြီးကျောင်းမှာ ကွင်းဆင်းပြီးတော့ ဒီနည်းလေးကို ကျွန်မတို့ စမ်းသပ်ဆောင်ရွက်ခဲ့ပါတယ်။

**မေး - အဲဒီအချိန်တုန်းက ဆောင်ရွက်ခဲ့တဲ့အခြေအနေက ဘယ်လိုရှိခဲ့ပါသလဲ။**

ဖြေ- အဲလိုဆောင်ရွက်တဲ့အခါမှာ ရပ်မိရပ်ဖတွေကပူးပေါင်းပါဝင်လာပါတယ်။ အဲဒီအတွက်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လေလွင့်ခွေးလေးတွေ ၂၀၀ ကို မျိုးပွားနှုန်း ကာကွယ်ကုသပေးနိုင်ဖို့အတွက်ကို လိုအပ်တဲ့ ဆေးဝါးတွေ ရရှိဖို့စီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်။အဲဒီတုန်းက တစ်ခရိုင်ကို အကောင်၅၀ နှုန်းနဲ့ လေးခရိုင်ခွဲပြီး အဆင်ပြေမယ့် ဘုန်းကြီးကျောင်းတွေ၊ သီလရှင်ကျောင်းတွေ၊ စာသင်ကျောင်းတွေမှာ စီစဉ်ပြီး ဆောင်ရွက်ခဲ့တယ်။ တစ်ခရိုင်လုံးနယ်မြေအနေအထားအရ အကောင် ၅၀ ပဲ လုပ်ခဲ့တာဆိုတော့ မထိရောက်ခဲ့ဘူးပေါ့။ ဒါ့ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာတော့မှာ တစ်မြို့နယ်စီကို မြို့နယ်လုံးကျွတ် ခွေးရူးကင်းစင်နယ်မြေဖြစ်အောင် အပြီးသတ်လုပ်ဖို့ စီစဉ်ခဲ့ကြပါတယ်။

**မေး- ရန်ကုန်မြို့မှာရှိတဲ့ မြို့နယ်တွေထဲမှာမှ လမ်းမတော်မြို့နယ်ကို ရွေးဖြစ်ခဲ့ပုံကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ- ပထမတုန်းက မြို့နယ်တွေကို စဉ်းစားကြပါတယ်။ လမ်းမတော်ကို ရွေးဖြစ်တာက လမ်းမတော်မြို့နယ်က မြို့လယ်ကောင် ခြောက်မြို့နယ်ထဲမှာပါပါတယ်။ မြို့လယ်ကောင်လည်းဖြစ်တယ်။ မနှစ်က အနောက်ပိုင်းခရိုင် အနေနဲ့ ကွင်းဆင်းဆောင်ရွက်ထားတဲ့ နှစ်ကြိမ်ပေါ့။ ဒါကြောင့် ဒီမှာပဲ အပြီးသတ် ဆောင်ရွက်သွားလိုက်တော့မယ်ဆိုပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ရရှိထားတဲ့ ခွဲစိတ်ဆေးဝါးတွေနဲ့ ကာကွယ်ဆေးတွေကို လမ်းမတော်မြို့နယ်မှာပဲ ကွင်းဆင်းပြီးဆောင်ရွက်ဖို့ ဌာနမှူးရဲ့ လမ်းညွှန်မှုနဲ့ ကျွန်မတို့ ကြိုးစားခွင့်ရခဲ့ပါတယ်။

ပြောရမယ်ဆို မြန်မာနိုင်ငံမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှာရှိတဲ့ တိရစ္ဆာန်ဆေးပညာရှင်တွေရဲ့ ပထမဆုံးသော ခွေးရူးကင်းစင်ဖို့ဆောင်ရွက်တဲ့ နယ်မြေလေးပါ။ အကောင်းဆုံးဖြစ်အောင်လို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စဉ်းစားပြီး ကြိုးစားဆောင်ရွက်ခဲ့တာပါ။

**မေး- အစ်မတို့အဖွဲ့အနေနဲ့ လေလွင့်ခွေးတွေကို ဆေးကုသမှု ဆောင်ရွက်ပေးပုံတွေကို ရှင်းပြပေးပါရှင့်။**

ဖြေ- ကျွန်မတို့အဖွဲ့မှာ သုံးပိုင်းရှိပါတယ်။ ခွဲစိတ်တဲ့အဖွဲ့က ခွဲတယ်။ ဆေးထိုးတဲ့အဖွဲ့က ဆေးထိုးတယ်။ မေ့ဆေး မှုတ်ပြောင်းအဖွဲ့ကကျတော့ မေ့ဆေးကြီးကြပ်ဆရာဝန်ပေါ့။ တိရစ္ဆာန်ဆေးပညာရှင် တစ်ယောက်က ကြီးကြပ်ပြီး မှုတ်ပြောင်းနဲ့ ခွေးလေးတွေရှိတဲ့နေရာလိုက်ပြီး တစ်ကောင်ချင်းစီကို မှုတ်ပြီးတော့မှ မေ့ဆေးနဲ့ဖမ်းယူပါတယ်။ ခွေးထီးလေးတွေကို ခွဲစိတ်ပြီးရင် ခွေးရူးရောဂါမဖြစ်တဲ့ ကြိုတင်ကာကွယ်ဆေးရော၊ ဒီအနာကနေပြီးတော့ တခြားရောဂါပိုးတွေ မဖြစ်လာဖို့တွက် မေးခိုင်ကာကွယ်ဆေး၊



တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန လက်ထောက်ဌာနမှူး ဒေါက်တာ လှမေဦး(ဆုရည်)။

နောက်ပြီး သွေးထဲမှာ ဆေးအရှိန်ကြာကြာရှိမယ့် ပဋိဇီဝဆေးတွေနဲ့ လိုအပ်တဲ့ဆေးတွေသုံးပြီး လေလွင့်ခွေးတွေဖြစ်တဲ့အတွက် တစ်ခါတည်းခွဲစိတ်ပြီး တစ်ခါတည်း အချိန်တိုအတွင်း အနာကျက်ဖို့အတွက် ဆောင်ရွက်ရတာပါ။

နှစ်ရက်လောက်ဆို သက်သာစေတာကြောင့် သိပ်မခံစားရပါဘူး။ လူသားဆန်တဲ့ကြင်နာမှုနဲ့ သက်သာအောင်ပြုလုပ်ပေးတာမို့ သိပ်မခံစားရပါဘူး။

နောက်ရက်တွေမှာ ဖမ်းပြီးတော့ သူတို့ကို လုပ်ဖို့ဆိုတာ အခက်အခဲရှိတာပေါ့၊ ချုပ်ကြိုးတွေကလည်း အသားချုပ်ကြိုးတွေပါ။ပြန်ဖြေစရာမလိုပါဘူး။ ခွဲစိတ်ပြီးတဲ့ ခွေးလေးတွေ သတိလည်းပြန်ရပြီ။ နာကျင်မှုလည်းမရှိဘူး၊ သွေးလည်းထွက်မနေဘူး အိုကေပြီဆို ကျွန်မတို့က အဲဒီခွေးလေးတွေ မူလကျင်လည်တဲ့ နေရာတွေကို ပြန်ထားပေးပါတယ်။ ခွေးမလေးတွေကိုတော့ ခွေးရူးရောဂါကြိုတင်ကာကွယ်ဆေးနဲ့ သားဆက်ခြားဆေးပဲထိုးပါတယ်။လမ်းဘေးခွေးဖြစ်ပေမယ့် တကယ်လို့ ယဉ်ပါးတယ်။ ဂရုစိုက်ပေးနိုင်တဲ့လူရှိတယ်ဆိုရင် အမလေးတွေကိုလည်း ခွဲစိတ်ပေးပါတယ်။

တစ်ခုရှိတာက ခွေးလေးတွေရဲ့ အမူအကျင့်တွေက ပြောင်းလဲပြီးတော့ လူကို အန္တရာယ်ရှိတယ်။ စိုးရိမ်ရတယ်ဆိုရင် ကျွန်မတို့က ပြန်လည်ဖမ်းယူပြီး သယ်ထုတ်သွားမှာဖြစ်ပါတယ်။

**မေး- ရောဂါကာကွယ်ပြီးသားနဲ့ မျိုးပွားမှုထိန်းချုပ်ထားတဲ့ ခွေးတွေကို သာမန်ခွေးတွေနဲ့ ခွဲခြားသိနိုင်ဖို့ ဆောင်ရွက်ထားပါသလား။**

ဖြေ- ကျွန်မတို့က ကာကွယ်ကုသပြီးတဲ့ ခွေးလေးတွေကို (ဝိုင်စီဒီစီ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တံဆိပ်ပါတဲ့ အနီရောင်လည်ပတ်ကလေးတွေ တပ်ဆင်ပေးပါတယ်။ ပြီးသွားရင် တစ်ပါတည်းတပ်ဆင်ပေးပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးဟာ အမြဲတစ်နှစ်တစ်ကြိမ်ထိုးပေးရမှာဖြစ်တဲ့အတွက် ဒီနှစ် သူတို့ကို ဩဂုတ်လမှာ ထိုးထားတယ်ဆို နောက်နှစ်မှာလည်း ဩဂုတ်လဆန်း၊ ဒါမှမဟုတ် ဇူလိုင်လကုန်လောက်မှာ နောက်ထပ် တကြော့ပြန်ဆေးထိုးရမှာပေါ့။ လည်ပတ်ပတ်ထားတဲ့ခွေးဟာ ကာကွယ်ဆေးထိုးပြီးသား မျိုးပွားမှုအတွက် ထိန်းထားပြီးသား ခွဲစိတ်ကုသထားတဲ့ ခွေးလေးတွေဖြစ်တယ်ဆိုတာကို သိနိုင်ပါတယ်။

**မေး- လမ်းမတော်မြို့နယ်မှာ ဆောင်ရွက်တဲ့အခါ ပြည်သူတွေရဲ့ပူးပေါင်းဆောင်ရွက်မှုအပိုင်းကရော ဘယ်လိုရှိပါသလဲရှင့်။**

ဖြေ- ပြည်သူတွေအပိုင်းကလည်း ပူးပေါင်းဆောင်ရွက်ကြပါတယ်။ ရပ်ကွက်အလိုက်ပါ။ ဌာနဆိုင်ရာတွေ၊ ရပ်မိရပ်ဖတွေကလည်း ပါဝင်ကူညီကြပါတယ်။ ကျွန်မတို့ အဲလိုဆောင်ရွက်နေစဉ်မှာပဲ ရပ်ကွက်ထဲမှာရှိတဲ့ တိရစ္ဆာန်ချစ်သူများအဖွဲ့က ကျွန်မတို့နဲ့အတူ လာရောက်ပူးပေါင်းပြီးတော့ ခွေးလေးတွေရှိတဲ့နေရာလေးတွေကို လိုက်ပြတယ်။ ဖမ်းတယ်။ ဆိုက်ကားတို့၊ ဂါလီတို့နဲ့ ကျွန်မတို့ စခန်းချထားတဲ့နေရာကို လာပြီး ပေးပို့တယ်။ မိုးလင်းမိုးချုပ် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကျတော့ ဝမ်းလည်းသာတယ်။ အားလည်းရှိပါတယ်။ ဝိုင်းဝန်းမယ့်လူရှိတော့ စိတ်အားလည်း တက်စေတယ်။ အထောက်အပံ့လည်းဖြစ်စေပါတယ်။ အဲဒီမြို့နယ်မှာရှိတဲ့ ခွေးထီးအားလုံးနီးပါးကို ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။

**မေး- နောက်ထပ်အခြားမြို့နယ်တွေမှာ ဆောင်ရွက်သွားဖို့ရှိ၊ မရှိလည်း သိချင်ပါတယ်ရှင့်။**

ဖြေ- ရန်ကုန်မြို့ထဲမှာရှိတဲ့ မြို့နယ်တွေအားလုံးမှာ ကျွန်မတို့ဌာနက ပညာရှင်တွေရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် လမ်းမတော်မြို့ကြီးကိုတော့ အောင်မြင်သွားပါပြီ။နောက်ထပ် နိုင်ငံတော်ကနေ ခွင့်ပြုချက်နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ မင်းမစ်ရှယ်နဲ့ MoU ချုပ်ဆိုထားတဲ့ မြို့နယ်တွေကတော့ စမ်းချောင်းနဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်တွေပဲ ဖြစ်ပါတယ်။ ဝါရှင်တန်ဒီစီအခြေစိုက် (Human Sociaty International) ဆိုတဲ့ ဆေးပညာရှင်အဖွဲ့ရယ်၊ ထိုင်းနိုင်ငံအခြေစိုက် (Soi Dog Foundation) စတဲ့ နိုင်ငံခြားကဆေးပညာရှင်အဖွဲ့တွေနဲ့ ဌာနမှာရှိတဲ့ တိရစ္ဆာန်ဆေးကုပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့ စမ်းချောင်းနဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်တွေမှာ ထပ်မံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခု ပူးပေါင်းဆောင်ရွက်မယ့် အဖွဲ့အစည်းတွေဟာ တိရစ္ဆာန်တွေကို တကယ့်ကြင်နာမှုတွေနဲ့ ကာကွယ်စောင့်ရှောက်ပေးနေတဲ့ အဖွဲ့အစည်းတွေပဲဖြစ်ပါတယ်။

**မေး- အစ်မတို့အဖွဲ့က လေလွင့်ခွေးတွေကို အဓိက လုပ်ဆောင်ပေးတာလား၊ ဒါမှမဟုတ် အိမ်မွေးခွေးတွေကိုရော ဆောင်ရွက်ပေးပါသလားရှင့်။**

ဖြေ- ဒီစီမံချက်က လမ်းပေါ်ခွေးလေးတွေကို အဓိကထားလုပ်ဆောင်ပေးတာပါ။ အိမ်မွေးခွေးလေးတွေက ပိုင်ရှင်ရှိတယ်။ ပိုင်ရှင်ကနေလာပြီး ဆေးထိုးလို့ရတယ်။ ဒါပေမယ့် အဲလို စီမံချက်လုပ်တော့မယ်ဆိုတာ ရပ်ကွက်ကို တစ်ရက်ကြိုတင်အကြောင်းကြားထားတာဖြစ်တဲ့အတွက်ကြောင့် ခွေးပိုင်ရှင်တွေက လာရောက်ပြီး ကာကွယ်ဆေးထိုးပေးကြပါတယ်။ ကျွန်မတို့ကလည်း အခမဲ့ထိုးပေးတာပါ။

နောက်တစ်ခုက အိမ်မွေးခွေး မှတ်ပုံတင်ခြင်းနဲ့ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆိုတာ ကျွန်မတို့ဆီမှာ လုပ်ငန်းတစ်ခုအနေနဲ့ရှိပါတယ်။ ကုသရေးနဲ့ကာကွယ်ရေးဌာနခွဲခရိုင်ရုံးတွေရဲ့ လုပ်ငန်းဌာနခွဲဖြစ်ပါတယ်။ ခရိုင်နယ်မြေအလိုက် မြို့နယ်တွေ၊ ရပ်ကွက်တွေကို ကွင်းဆင်းပြီးတော့ အိမ်မွေးခွေးလေးတွေရဲ့ အိမ်တွေမှာ ခွေးရူးရောဂါ ကြိုတင်ကာကွယ်ဆေး မဖြစ်မနေထိုးဖို့ရယ်။ ခွေးလေးတွေကို ကျွန်မတို့ဌာနမှာ အိမ်မွေးခွေး မှတ်ပုံတင်ခြင်းကို တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးပြီးဆောင်ရွက်ဖို့ သူတို့ကွင်းဆင်းပြီးဆောင်ရွက်ပေးနေတာရှိတဲ့အတွက် ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။

**မေး-အစ်မအနေနဲ့ အိမ်မွေးခွေးမွေးမြူထားတဲ့ ပြည်သူတွေကို ကျန်းမာရေးအတွက် ဘာများ အကြံပြုပြောကြားချင်ပါသလဲ။**

ဖြေ- ကျွန်မအကြံပေးချင်တာက ခွေးလေးတွေက အလွန်ချစ်ဖို့ကောင်းပါတယ်။ သံယောဇဉ်လည်းဖြစ်စေပါတယ်။ မဖြစ်မနေ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးပါလို့တိုက်တွန်းလိုပါတယ်။

ခွေးလေးတွေရဲ့အသက် သုံးလကနေစပြီး ကာကွယ်ဆေးထိုးလို့ရပါပြီ ကာကွယ်ဆေးသက်တမ်းက တစ်နှစ်ပါ။ မှန်မှန်ထိုးပေးဖို့လိုပါတယ်။ ဒါကလည်း တာဝန်ယူမှုအပြည့်ရှိတဲ့ အိမ်မွေးခွေးမွေးမြူမှု စနစ်ဖြစ်ပါတယ်။ တိရစ္ဆာန်ကနေ လူကို ကူးစက်တဲ့ရောဂါတွေထဲမှာ ခွေးရူးရောဂါဟာ ကြောက်စရာ အကောင်းဆုံးပါ။ ရောဂါကူးစက်ခံရလို့ ခွေးရူးရောဂါဖြစ်တာ သိပြီဆိုရင် ကုသလို့မရတော့ပါဘူး။ အသက်ဆုံးရှုံးကြရပါတယ်။ ဒါ့ကြောင့် ခွေးရူးရောဂါကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ မိမိတို့အိမ်မှာမွေးထားတဲ့ ခွေးလေးတွေကို ဂရုစိုက်ပြီး နှစ်စဉ်ကာကွယ်ဆေးထိုးပေးကြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။

အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - သီသီမင်း**

**ဓာတ်ပုံ - ဖြိုး**

**မြတ်ဗောဓိ** ပုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
"ဝန်ဆောင်မှုကောင်းကောင်းဈေးနှုန်းချိုချိုအထူးခရီးစဉ်"

၈ ရက်ခရီး - ၉သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၃) ဌာန(အိန္ဒိယ - နီပေါ)
၁၂ ရက်ခရီး - ၉ . ၅သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ (သတ်သာနဂိုရ်)၊ ဘုရားဌာနအားလုံး ၊ (အိန္ဒိယ-နီပေါ) (အထူးခရီးစဉ်)
၁၅ ရက်ခရီး -၁၀. ၅သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ ဝဂ်ါမြစ်၊ အာဂရာ(တပ်ချပ်မဟာ)။နယူးဒေလီ နေရာစုံ (အိန္ဒိယ - နီပေါ)

သာသနာ့ဝန်ထမ်းနှင့်အသက်(၈၀)အထက်ရှိသူတစ်ဦးလျှင်-၁၀၀၀၀ိ/-တိတိနှင့်(၁၂)ဦးတစ်ရ(၁)ဦးလက်ဆောင်ပေးသည်။နယ်မှခရီးသည်များ ကြို/ပို့တည်းခိုရေးစီစဉ်ပေးသည်။ယာနာန္ဆူမ်းရေချမ်းပန်းသစ်သီးဆွမ်း၊ India GSM Simcardနှင့်ကားပေါ်တွင်Internet Wifi Free Service၊ ဘုရားဌာန(၄)ဌာနတွင်နေပါင်းကြာသင်္ကန်း(၁၁)ထည်တို့ကိုဓမ္မဒါနပေးသည်။ နယူးဒေလီHotelတွင်ညအိပ်၍ နံနက်/နေ့လည်/ညစာ ဖြင့်ကျွေးမွေးဧည့်ခံမည်။ ကားညမောင်းခရီးစဉ်လုံးဝ(လုံးဝ)မပါပါ။ (၂)လကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများအထက်ပါဈေးနှုန်းဖြင့်ပို့ဆောင်ပေးပါသည်။မြတ်ဗောဓိရုံးခန်းတွင်(DVD)အခွေနှင့်ဝန်ဆောင်မှုလက်ကမ်းကြော်ငြာများ အခမဲ့လာရောက် ယူနိုင်ပါသည်။ ခရီးစဉ်အသေးစိတ်ကို စုံစမ်းမေးမြန်းနိုင်ပါသည်။ခရီးစဉ်အားလုံးစရိတ်ငြိမ်းဖြစ်ပါသည်။

၁၅ ရက် - {oct-29}, {Nov-(12တန်ဆောင်တိုင်လပြည့်),26},{Dec-10},{Jan-21}, {Feb-4,18}, (Mar-4,18),{April-8 သင်္ကြန်ခရီးစဉ်} ခရီးစဉ်ရက်စွဲများပြောင်းလဲခြင်းမရှိပါ။

ရန်ကုန်ရုံးချုပ်။ အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ၀၉၄၉၃၃၈၅၉၅၁၀၉၂၆၃၁၂၅၂၆၁၀၉၇၈၈၃၀၄၈၂၈၀၉၄၂၀၁၃၄၅၂၈
မန္တလေးရုံးခွဲ။ အခန်း (ဘီ/၅)၊ ရတနာပုံ (၈)ရပ်၊ ဘုရင့်နောင်လမ်းပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉၉၁၀၃၈၅၅၉

**မိုးမြင့်ကြယ်**
ကျိုက်ထီးရိုး (နေ့စဉ်/ငြိမ်) 33000
ရွှေ့ရောင်းသာ (Guest - ငြိမ်) 33000
(နေ့စဉ်) (Hotel - ငြိမ်) 40000
ငွေဆောင် (Hotel - ငြိမ်) 50000
(နေ့စဉ်) (Hotel+စား) 45000
ပုဂံ/ပုပ္ပါး (Hotel - ငြိမ်) 110000
ကားချိုးစုံ စင်းလုံးငှားဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

**ကားအငှားလုပ်ငန်း**
ခရီးစဉ် အမျိုးမျိုးအတွက် ကားများကို ဈေးနှုန်းညှိနှိုင်း၍ ငှားရမ်းနိုင်ပါသည်။
09 50 93674

**SS Tour (Royal Silver Swan)**
အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း
ရန်ကုန် - တောင်ကြီး - အင်းလေး - ပင်းတယ 3N/4D ဟိုတယ်တည်း/စားသောက်ဆိုင်စျေး
Oct-28 (120000ks) , Nov-11 (130000ks) ထွက်ခွာမည်။
Ph : 09-254169966, 09-5403301, 09-252426191

**ရွှေကမ္ဘာ**
အိမ်ပြောင်း/
အိမ်ရွှေ့လုပ်ငန်း
14'ကားများဖြင့်လုပ်သားအပါတာဝန်ယူဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်ဝေး)
Ph : 09-5097001
09-49259491
09-421177464

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ် များလိုသူများ အတွက်
**ဂုဏ်ထူးဦးအောင်ခိုင်**
2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

**DECO-LAND GROUP**
No.1 Quality and the Best Selling in Myanmar !
DECO




COPY PAPER , COLOR COPY PAPER
DIGITAL COPY PAPER
A4 / LEGAL / A3

The No. 1 Choice in Asia
Influential Brands TOP BRAND 2015 WINNER PREMIUM PAPER




Ph - 01 - 684292
www.decolandgroup.com

**Ocean**
SUPERCENTER

ကျပ် ၁၀၀, ၀၀၀ ဖိုးနှင့်အထက်
ဝယ်ယူသူတိုင်းအတွက်
ချက်ချင်း ဝယ် ချက်ချင်း ပေါက်
ဗလာမပါကံစမ်းမဲ

**အိမ်မက်ဆောင်ပရိဘောဂ**
အရောင်းပွဲတော်


ပထမဆု ဆိုဖာဆက်တီ
ဒုတိယဆု ကုတင်နှင့်မွေ့ရာ
တတိယဆု ဘီဒိုမီနီ

| 29th Oct ~ 7th Nov, 2016 | 12th Nov ~ 21st Nov, 2016 | 26th Nov ~ 5th Dec, 2016 |
|---|---|---|
| ● North Point ဆိုင်ခွဲ ● ရွှေဂုံတိုင် ဆိုင်ခွဲ | ● ဥတ္တရသီရိ ဆိုင်ခွဲ ● မော်လမြိုင် ဆိုင်ခွဲ | ● မင်္ဂလာမန္တလေး ဆိုင်ခွဲ ● မုံရွာ ဆိုင်ခွဲ |

Main Sponsor SWEETY HOME, NEW WORLD MART
Co - sponsor EXCELLENT OFFICE AUTOMATION CO., LTD., PARADISE, MYAT, simple beddings

North Pointဆိုင်ခွဲ - ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁-၆၅၂၉၅၉ ~ ၆၂
ရွှေဂုံတိုင်ဆိုင်ခွဲ - ရွှေဂုံတိုင်လမ်းနှင့် ဗညားဒလလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁-၈၆၀၃၈၆၈
ဥတ္တရသီရိ နေပြည်တော်ဆိုင်ခွဲ - Commercial Complex၊ ဧေယျဌာနီလမ်းနှင့် မန္တလေးလမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - ၀၆၇-၄၁၇၆၂၀ ~ ၂၁
မင်္ဂလာမန္တလေးဆိုင်ခွဲ - ၇၃လမ်း၊ သဇင်လမ်းနှင့် ၄ရွှေဝါလမ်းကြား၊ မန္တလာသီရိအားကစားကွင်းရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။ ဖုန်း - ၀၉ - ၂၅၀၈၉၆၇၁၂ ~ ၁၆
မုံရွာဆိုင်ခွဲ - အမှတ် (၆၈၁)၊ ဗိုလ်ချုပ်လမ်းနှင့် ကမ်းနားလမ်းကြား ၊ မုံရွာတောင်ရပ်ကွက် ၊ ကားလေးကွင်းအနီး ၊ မုံရွာမြို့ ။ ဖုန်း - ၀၇၁-၂၈၃၇၂၊ ၂၈၃၇၇
မော်လမြိုင်ဆိုင်ခွဲ - သံလွင်ဥယျာဉ်ဝင်း။ သိမ်ကုန်းလမ်းနှင့် တနင်္သာရီလမ်းထောင့်၊ မော်လမြိုင်အထက်လမ်းမကြီး၊ ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။ ဖုန်း - ၀၅၇ ၂၄၂၇၁၊ ၇၃

www.oceansupercenter.com.mm
OceanSupercenterMyanmar
oceansupercenter


Have been built
7F
SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော
အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO& SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Ba Yint Naung Rd
Insein Rd
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon

## ကြော်ငြာ


"မေသူမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် အမှတ်-ပခ-၀၀၅၅

* (၁၄)ညအိပ်(၁၅)ရက်၊သံဝေဇနီယလေးဌာန၊အဝိဇဟိတလေးဌာန၊ (Hotel-3-Night)(9.Dec) (25.Dec) (20.Jan) (5.Feb) (22.Feb) (22.Mar) (12.Apr)

* Hotel.သီးသန့်၊(၇)ညအိပ် (၈)ရက် ထွက်ခွါမည့်ရက်များ - (25.Dec) (10.Mar)(11.Apr)

ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်ကွန်ဒို၊ကမာရွတ်မြို့နယ်၊

ရန်ကုန်ဖုန်း-၀၉၇၉၅၀၁၂၄၇၀၊၀၉၅၀၁၂၄၇၀၊၀၉၇၃၂၄၁၆၈၇၊

၀၉၄၃၀၀၂၄၂၇၊၀၀-၂၃၀၅၉၂၈၊၀၂၇၆၀၂၄၊၀၉၄၄၄၀၃၀၂၇၀

GOLDEN STAR

ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်)

Ph: 209200, 544383, 430480

Since 1985

ခေတ္တာနာရှင်

ကျိုက်ထီးရိုး • မြဝတီ

ချောင်းသာ • ငပလီ

01-392704, 09 73017110

09795066657,09785066657

ဒေါင်းမင်း 09425355758, 09255913926

Hotel Package- 65000

ချမ်းသာ ကျိုက်ထီးရိုးချောင်းသာ(နေ့စဉ်)

ကျိုက်(၅)ကျိုက်... (1/2)Package(35000)

...(35000)

...Package(55000)

...(15000)

Ph:09425334456,09252606649,0949323965

အလင်းရောင် Travel Services

ကျိုက်ထီးရိုး (နေ့စဉ်)/ချောင်းသာ (နေ့စဉ်)

Package Nov-11,18,25

09-421061860, 09-421129597, 09-774400430

ငွေကြယ်စင်

Car Rental & အိမ်ခြံမြေအကျိုးဆောင်

ကားအမျိုးမျိုး (မြို့တွင်း/နယ်ဝေး)ငှားရမ်းနိုင်ပါသည်။

ယာဉ်ပိုင်ရှင်/မြေပိုင်ရှင် များလည်းဆက်သွယ်နိုင်ပါသည်။

Ph : 09 455500336, 09 8636687, 09 965505445

ငွေကြယ်စင်

တာယာ၊ အလှိုင်းဝိုး၊ ဘက်ထ္ထရီ၊

အင်ဂျင်ဝိုင် အမျိုးမျိုး ရောင်းဝယ်ရေး

Ph : 01 201884, 09 8636687, 09 254487079, 09 254487081

သုတစုံစင် ဘဝင်အေး ချမ်းမြေ့စေသော

တိုးပဒေသာ ဗုဒ္ဓဂယာ ဘုရားဖူးခရီးသွားလုပ်ငန်း

Hot Line Ph: 01-8560524

ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးလိုသူများအတွက် (၂၀၁၆ - ၂၀၁၇)ခရီးစဉ်များကို ချိုသာသောဈေးနှုန်း၊ အကောင်းဆုံးသော ဝန်ဆောင်မှုတို့ဖြင့် အောက်တိုဘာလမှစ၍ လစဉ် (၁လ ၂ကြိမ်) ကသိုလ်ယူပို့ဆောင်ပေးနေပါသည်။

- သံဝေဇနီယ လေးဌာန၊ အဝိဇဟိတ လေးဌာန၊ ဒေလီ၊ တပ်ချိမဟာ(၁၄/၁၅)ရက်ခရီး၊ (1,050,000)ကျပ်
- သံဝေဇနီယ လေးဌာနလ (၇/၈)ရက် ခရီး၊ (900,000)ကျပ်
- Passport ရှိသူများ (၃၀၀၀၀)ကျပ် လျှော့ပေးပါမည်။
- ခရီးစဉ်တိုင်း ပိုင်ရှင် ကိုယ်တိုင် လိုက်ပါ၍ အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ကသိုလ်ယူ ပို့ဆောင်သွားပါမည်။
- ဘုရားဌာနအစုံ ပို့ဆောင်ခြင်း၊ တရားထိုင်ရန် အချိန်ပေးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှု ပါရှိခြင်း၊အပိုကြေးငွေ လုံးဝ မကောက်ခံခြင်း။
- သံဃာတော်နှင့် သီလရှင်များအတွက် အထူးဈေးနှုန်းဖြင့် ကသိုလ်ယူခြင်း။
- ကုမ္ပဏီအလိုက်၊ မိသားစုအလိုက်၊ သီးခြားအဖွဲ့လိုက် စီစဉ်ပေးခြင်း၊ နယ်ခရီးသည်များအတွက် တည်းခိုရန် စီစဉ်ပေးခြင်း။
- ခရီးစဉ် Date များ - Nov-8, Nov-26, Dec-20, Jan-21, Feb,28,Mar-14, Apr-1, Apr-11

၅ ဦးနှင့်အထက် 6%

၁၀ ဦးနှင့်အထက် 7%

Dec/Jan Promotion

November 2016 မှ April 2017 အထိ (၂)လကြိုတင်စာရင်းပေးသွင်းပြီး Discount များ ရယူလိုက်ပါ။

SH1(၂၀၁)ကွန်ဒိုတံကွန်ဒို၊ ဓမ္မယဉ္စလမ်း၊ Orange အနီး ) သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

ဆက်သွယ်ရန် -09-781888840, 09-777321800, 09-250150552, 09-420030679, 09-420056975

လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း

(Human Resource Management Training)

MYANMAR'S LAND

SUCCESS, MOTIVATION AND MANAGEMENT INSTITUTE

ခေတ်နဲ့အမီ သင့်ရဲ့လူ့စွမ်းအားအရင်းအမြစ်ကို စီမံခန့်ခွဲလိုပါသလား...

HR - နယ်ပယ်မှာ လုပ်ကိုင်နေသူတိုင်းအတွက် ...

30-10-2016စမည်။

Every Sun : 2 pm to 5 pm (2 Months) Limited Seats !

မကြာမီဝင်လာတော့မည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့်အပြိုင် မိမိတို့လုပ်ငန်း အသီးသီး၏ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်အောင် HR မန်နေဂျာတစ်ယောက် သိသင့်သိထိုက်သည့်အခြေခံ HR ပညာရပ်များကို SHRM ဘာသာရပ်တွင် World First ရရှိထားသော ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။

New Campus

Lecturer

ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)

ကုမ္ပဏီ အဖွဲ့အစည်းများအတွက် Corporate Training များ စီစဉ်သင်ကြားပို့ချပေးသည်။

Campus - Taw Win Centre (3rd Floor) websit : www.lynnthaiknyunt.com www.facebook.com/ltnmyanmarland

Can Contact : 01 503172, 09 259290274, 09 259290273, 09 5010014, 09 43121060

နံပါတ်(၁) M N Z ငွေရေစက် နှင့်

လုံခြုံစိတ်အေးရစေမည့် M N Z မီးခံသေတ္တာ၏

ဂုဏ်ပြုပွဲတော်

အထူးဈေးရောင်းပွဲတော်

mnz Bill Counter

"ကြည်နူးပျော်စရာ ရတ်ဖြတ်မှာ MNZ နှင့် ထံစမ်းပါ"

HAPPY HOUR 9:00 AM - 12:00 AM Stock Limited

GIFT

LUCKY DRAW

+++

Oct 27 - 30, 2016 | TATMATAW HALL ( KOREA EXPO )

09 732 44447, 09 731 91095

/mnz.safes

ဗုဒ္ဓံ-ဓမ္မံ-သံဃံ

Swe Zin May Co.,Ltd ဆွေဇင်မေ ရေပန့်အမျိုးမျိုးနှင့် ရေသန့်စက်ပစ္စည်းဖြန့်ချီရေး

CE 5

တစ်ရက်(400)ဂါလံထွက်

တစ်နာရီ(1000)လီတာထွက်

လူကြီးမင်းတို့၏နေအိမ်၊ တိုက်ခန်း၊ ရုံး၊ စက်ရုံ၊ အလုပ်ရုံနှင့် သာသနာရေးအဆောက်အဦးများတွင် သောက်ရေသန့်၊သုံးရေသန့် ကိစ္စရပ်များကို တာဝန်ယူ စိတ်တိုင်းကျဆောင်ရွက်ပေးနေပါသည်။

New

New Product Discount-175000/- အရေအတွက်အကန့်အသတ်ရှိသည်။

နောက်ဆုံးပေါ်နည်းပညာများဖြင့် ထုတ်လုပ်ထားသော Counter Top RO ရေသန့်စက်

Model-FZ

1 YEAR WARRANTY

Nov-15 2016 အထိသာ

YANGON SHOW ROOM

၈၃၆၊ မဟာဗန္ဓုလလမ်း(မော်တင်(လမ်းသစ်လမ်း)နှင့် ၉-လမ်းကြား)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Tel: 01-230-3088, 09-4211-42266, 09-4211-42277, 09-4211-42288

MANDALAY SHOW ROOM

၃၀၀၊ ၈၁ လမ်း(၂၄ နှင့် ၂၅ လမ်းကြား)၊ မန္တလေးမြို့။

Tel:09-910 54109, 09-201 9900, 09-2586 66511, 09-9780 23511

KONICA MINOLTA

PRINTING SOLUTIONS

မိတ္တူစက် တစ်လုံးဝယ် ၊ All in One တစ်လုံးလက်ဆောင်

သီတင်းကျွတ်အထူးအစီအစဉ်

အောက်တိုဘာ ၁ ရက် မှ အောက်တိုဘာ ၃၁ ရက်နေ့အထိ

ရန်ကုန်မြို့တွင်း ပိုက်ချွေအတွက် ... ၁၀/၆လ/၁နှစ် ... အရစ်ကျစနစ်ဖြင့် ... ပါသည်

buy any Multifunction Copier print|copy|scan

Get All in one B/W Laser printer print|copy scan|Fax

PagePro1590MF

ရန်ကုန်မြို့တွင်း FREE DELIVERY

Since 1951 Authorized Distributor Gandamar Business Solutions

HOTLINE : 09-253 547 980 | 09-253 547 981

ကြော်ငြာ

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/ ၂၀၁၄၊ တာဆလ/တို(၅၄)၊ တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)

ကွမ်းရွက်ပုံ ဆေးကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများမှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်







**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operatorသင်တန်း(အဆင့် ၁) | - | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - | ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ |
| | | - | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ (သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်-၁) | - | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း(အဆင့် ၁) | - | တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့်-၁) | - | တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) | - | တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - | ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ(သို့) တက္ကသိုလ်ဝင်တန်း အဆင့်ရှိ စိတ်ပါဝင်စားသူများ |
| ၈။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) စာရင်းကိုင်၊ (စီမံ/ဘဏ္ဍာ) | - | စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)အိပ်ခန်းထိန်းမှူး၊ (အခန်းဌာနကြီး) | - | တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |
| ၁၀။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) စားသောက်ခန်းမှူး၊ (အစားအစာဌာနကြီး) | - | တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |

သင်တန်းကာလ။ ။ ၂၈-၁၁-၂၀၁၆ရက် မှ ၂၀-၁-၂၀၁၇ရက်

**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာပူးတွဲ တင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆**

**တာဝတိံသာ**

အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့၊ ဝန်ဆောင်မှုလုပ်ငန်း

အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့လိုပါက

၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ

၁၀ ဘီး၊ ၁၂ ဘီး ကားများနှင့် အလုပ်သမားများအပါ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)

Ph: 09 32152526, 09 421024222
09 31483218, 09 49344288

" မြေကွက်များ အမြန်ရောင်းမည် "

| | | | | |
|---|---|---|---|---|
| မင်္ဂလာဒုံစက်မှုဇုန် | (0.6ဧက) | မြေပါမစ် | | 3500 သိန်း |
| ရတနာလမ်းမပေါ် | (20'x60') | ရေမီးဂရန် | | 4000 သိန်း |
| ရတနာလမ်းမပေါ် | (85'x125') | ရေမီးဂရန် | | 8000 သိန်း |
| သုဝဏ္ဏ VIP I | (63'x80') | 2RC,ရေမီးဂရန် | | 8500 သိန်း |
| သုဓမ္မာလမ်းမပေါ် | (43'x130') | ရေမီးဂရန် | | 10000 သိန်း |
| ပဟန်းဆရာစံလမ်းသန့် | (50'x110') | 2RC,ရေမီးဂရန် | | 12500 သိန်း |
| အရှေ့ဒဂုံစက်မှုဇုန် | (2.7ဧက) | မြေဖို့အုတ်ခတ်ပါမစ် | 1ဧက | 3300 သိန်း |
| ဒဂုံဆိပ်ကမ်းစက်မှုဇုန် | (2.6ဧက) | မြေအုတ်ခတ်ပါမစ် | 1ဧက | 3500 သိန်း |

☎ : 09 773 22 10 22, 09 7777 2016 3, 09 7777 2016 6

## ကြော်ငြာ

### ဝမ်းနည်းကြေကွဲခြင်း
### သခင်သိန်းဖေ (ဝါးခယ်မ)
**နိုင်ငံ့ဂုဏ်ရည်ပထမဆင့်**
**အသက်(၁၀၁)နှစ်**

ဦးကျော်စွာ(ကိုတူး)၏ဖခင် သခင်သိန်းဖေ (ဝါးခယ်မ)သည် ၁၉-၁၀-၂၀၁၆ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်များ**
**မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရှုကြည် (မြိတ်မြို့)
**အသက်(၉၉)နှစ်**

ဒေါက်တာဒေါ်မြတ်လှိုင် (Managing Director, Yuzana Co., Ltd)၊ ဒေါ်မြဝေတို့၏မိခင်ကြီး ဒေါ်ရှုကြည် အသက် (၉၉)နှစ်သည် ၁၈-၁၀-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်**
**Fortune International Limited**

### ဝမ်းနည်းကြေကွဲခြင်း
### သုဓမ္မသိင်္ဂီ ဒေါ်ကျင်မြိုင်
**အသက် (၉၀)**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ၊ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဦးကျော်ခင်မြင့်၏ မိခင်ဖြစ်သူ သုဓမ္မသိင်္ဂီ ဒေါ်ကျင်မြိုင် အသက်(၉၀) သည် ၂၃-၁၀-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင်)**
**ဒေါက်တာခင်ရွှေနှင့် ဗဟိုကော်မတီဝင်များ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးအယ်ဘဦး (၇၂)နှစ်
**M.A(History)**
**အောင်ပင်လယ်ပညာ့ဗိမာန်၊ ဟဲယာရွာမ၊ အင်းလေး**

သူငယ်ချင်း ဒေါ်နန်းစမ်းတင် (B.Ed-75)၏ ချစ်လှစွာသောခင်ပွန်း ဖြစ်သူ ဦးအယ်ဘဦး သည် ၂၁-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ပညာရေးတက္ကသိုလ် (B.Ed-75)**
**သူငယ်ချင်းများ**

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
### မအိသီတာထွန်း(ခ)ဘုတ်ဘုတ် (မိုးကုတ်မြို့)
**အသက်(၄၅)နှစ်**

ဒေါ်သိင်္ဂီထွန်း(ဂီဂီ)၏ ညီမဖြစ်သူ မအိသီတာထွန်း(ခ) ဘုတ်ဘုတ်သည် ၂၄-၁၀-၂၀၁၆ ရက်နေ့တွင် စင်ကာပူနိုင်ငံ Mt.E hospital ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးထွန်းစိုး-ဒေါ်ဇာဇာထွန်းစိုး**
**ဦးသိန်းဇော်-ဒေါ်ခင်ထွေးရီ**
**ဒေါ်သန့်စင်မြင့်၊ ဒေါ်အေးအေးဆွေ**

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
### မအိသီတာထွန်း(ခ)ဘုတ်ဘုတ် (မိုးကုတ်မြို့)
**အသက်(၄၅)နှစ်**

မိုးကုတ်မြို့၊ ရှမ်းစုရပ်နှင့် ရန်ကုန်မြို့၊ အမှတ် (၂၇၈)၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်ကျော်)-ဒေါ်ကြည်ကြည်သန်းတို့၏ ချစ်လှစွာသောသမီးထွေး၊ ဒေါ်သိင်္ဂီထွန်း(မိမိ)၊ (ဦးချိုချိုနိုင်)-ဒေါ်မိုးမိုး၊ ဦးသန်းနောင်(ကိုပေါက်)တို့၏ ညီမ၊ ကိုအာကာမင်း - မပွင့်ဖြိုးအောင်၊ ကိုဖြိုးထက်မင်း-မမြတ်မြတ်သူ၊ ကိုသက်ထွန်းဦး-မနော်ဇွန်ရင်ဝေမြတ်တို့၏ အဒေါ်၊ မရွှန်းလဲ့ဝေဦး၊ မောင်ဇေယျာမင်းတို့၏ဘွားဘွားလေး မအိသီတာထွန်း(ခ)ဘုတ်ဘုတ်သည် ၂၄-၁၀-၂၀၁၆ရက် မြန်မာစံတော်ချိန် ၅း၃၀ နာရီတွင် စင်ကာပူနိုင်ငံ Mt.E Hospital ၌ ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းလွဲ ၁၂း၃၀နာရီထိ အမှတ်(၂၇၈)၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးမြတ်လင်း(ဗိုလ်မှူး-ငြိမ်း)
**အသက် (၅၃)နှစ်**
**တေဇ(၁၁)**
**မ-ထ-သ (မြောက်ပိုင်းခရိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရားသုံးဆူလမ်းနေ (ဦးရဲလင်း) - ဒေါ်ကျင်သန်းတို့၏ သားကြီး၊ မှော်ဘီမြို့နယ်၊ မင်းရွာကျေးရွာနေ (ဦးတင်ဆိုင်-ဒေါ်မြငြိမ်း)တို့၏ သားသမက်၊ ဦးကိုကိုလင်း(V Pile Co.Ltd)-ဒေါ်နွယ်နီမိုး (အ-မ-က မှူးလွန်၊ အနောက်ကျောင်း)တို့၏ အစ်ကို၊ မောင်ကောင်းမြတ်ပြည့်စုံ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မှော်ဘီမြို့)၊ မောင်စစ်ပိုင်ဖြိုး (တတိယနှစ် MP, Hmawbi TU)၊ မောင်မင်းသိမ်းကျော် (ပထမနှစ်၊ History)တို့၏မွေးသဖခင်၊ မအေးချမ်းမေမျိုးမြတ်၊ မောင်ကျော်တေဇတို့၏ ဘကြီး၊ ဒေါ်စီစီတင်(အလပ၊ အထက-၁၊ မှော်ဘီမြို့)၏ ချစ်လှစွာသောခင်ပွန်း ဦးမြတ်လင်းသည် ၂၂-၁၀-၂၀၁၆ (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၆ (သောကြာနေ့)တွင် အမှတ်(၉၃/က)၊ ကျန်စစ်သားလမ်း၊ (၂)ရပ်ကွက်၊ မှော်ဘီမြို့ရှိ (ဦးမြတ်လင်း)-ဒေါ်စီစီတင်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးကျော်မောင် (၈၃)နှစ်
**(ခုတင်-၁၀၀)တပ်မတော်ဆေးရုံ(ငြိမ်း)၊ ပြည်မြို့**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၆)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၁၆၉)နေ ဒေါ်စန်းစန်းတင့် (အထက်တန်းပြ၊ မြို့မလှည်းကူး)၊ ကိုစန်းမောင်(ထက်နိုင်ဆောက်လုပ်ရေးနှင့် MDPC ပိုးမွှားကာကွယ်ရေးလုပ်ငန်း)-မအေးအေးသန်း၊ ကိုဝင်းမြင့်နိုင်-မအေးအေးသင်း(AOK မိတ္တူဆိုင်)၊ မမိမိချို ကိုအောင်မင်းထွဋ်-မနီနီမာ၊ မနီနီကျော် (အောင်စည်ပိန်းမိတ္တူဆိုင်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်တင်သိန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၄-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (မြောက်ဥက္ကလာပ၊ ဝေဘာဂီနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မြောက်ဥက္ကလာပ၊ ဝေဘာဂီနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး**
### ဦးမောင်သန်း(ခတ္တိယ) (၇၃)နှစ်
**ဆည်မြောင်းဦးစီးဌာန(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခတ္တိယကျေးရွာနေ (ဦးဘသော်-ဒေါ်စိန်မြိုင်)တို့၏သား၊ ကျုံမငေးမြို့နေ (ဦးကျော်ရင်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ (င/၁၈၁) သန္တာ(၁၁) လမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဒေါ်အေးသိန်း)၏ခင်ပွန်း၊ ဒေါ်နွယ်နွယ်ဦး၊ ဦးအောင်ကျော်သူ-ဒေါ်တင်မိုးခိုင်၊ ဦးမြင့်လွင်သူ-ဒေါ်အေးမိစံ၊ (ဦးဇေယျာသူ)၊ ဦးမင်းကျော်သူ-ဒေါ်သင်းသင်းခိုင်တို့၏မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးမောင်သန်းသည် ၂၃-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၆(စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်လှသန်း (၇၂)နှစ်
**လယ်ပြ(ငြိမ်း)၊ အထက(၄) မြောက်ဥက္ကလာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ ဦးမင်းလမ်း၊ အမှတ်(၁၁၂၇)နေ (ဦးဖေဆိုင်-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးသန်းမြင့်)-ဒေါ်လှဝင်းတို့၏ညီမ၊ ဒေါ်ခင်မကြီး၊ ဦးအောင်မောင်တို့၏အစ်မ၊ ဦးမင်းသိန်းထွဋ်-ဒေါ်အေးအေးမော်၊ ဦးဇော်မင်း-ဒေါ်နီလာထွန်း၊ ဦးစိုးမင်းထွဋ်-ဒေါ်မိုးမိုးဝင်းတို့၏မိခင်၊ မဆုရတနာလှိုင်၏ အဘွား၊ ဦးဝင်းတင်၏ ချစ်လှစွာသောဇနီးသည် ၂၃-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) ည ၇း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၀-၂၀၁၆ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ပြင်ဆင်ဖတ်ရှုပါ

၂၄-၁၀-၂၀၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃၁ နာရေးကြော်ငြာတွင် ဒေါ်သန်းသန်းကျော် ဦးစီးအရာရှိ(ငြိမ်း)၊ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အသက်(၃၆)နှစ် အစား အသက်(၆၃)နှစ် ဟု ပြင်ဆင် ဖတ်ရှုပါရန်။

### ဒေါ်ဝမ်းနား
**အသက် (၁၀၄) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန် (၇)လမ်း၊ တိုက်(၂၀/၂၄)၊ အခန်း(၁၀၅)နေ (ဦးရန်နား-ဒေါ်အေးချို)တို့၏သမီး၊ (ဦးဖိုးဦး-ဒေါ်ပုလု)တို့၏ သမီးချွေးမ၊ (ဦးဖိုးဆိတ်)၏ ချစ်လှစွာသောဇနီး၊ (ဦးပိုက်)-ဒေါ်ကျင်ဝိုက်၊ ဦးဝင်းစိန်-ဒေါ်စန်းမြင့်၊ ဒေါ်ကင်း၊ ဦးကျော်မင်း-ဒေါ်ကျင်လှတို့၏ မွေးသမိခင်၊ မြေး ၁၅ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးမောင်ထွန်း(ဖျာပုံ)
**အသက်(၉၁)နှစ်**

ဖျာပုံမြို့နေ (ဦးစိန်လွင်-ဒေါ်စိန်ညွန့်)တို့၏ သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၇)၊ အခန်း(၁၁)နေ (ဒေါ်ကြူ)၏ ခင်ပွန်း၊ (ဦးကျော်စိုး)-ဒေါ်ရီရီဌေး၊ ဒေါ်သန်းသန်းနွယ်၊ ဒေါ်အေးအေးနွယ် (အာရှတော်ဝင်)၊ ဦးခင်ကြိုင်-ဒေါ်အန်စိန်၊ ဦးကံညွှန့်-ဒေါ်မြင့်မြင့်နွယ်၊ (ဦးခင်လှိုင်)တို့၏ဖခင်၊ ဦးအောင်မျိုးမြင့်-ဒေါ်ယုယုမော်၊ မမို့မို့စံ၊ မောင်ထက်အောင်လင်း၊ မောင်ကောင်းထိုက်စံတို့၏အဘိုး၊ မောင်ဉာဏ်လင်းထွဋ်၏ဘိုးဘိုးကြီးသည် ၂၄-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးကျော်ရင်(ခ)ဦးမွန်ဆိုင်း (၈၂)နှစ်
**(လက်ထောက်မန်နေဂျာ-ငြိမ်း၊ ဆက်သွယ်ရေး)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့ နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၇၄)နေ (ဦးမောင်ငွေ-ဒေါ်အေးချို)တို့၏သား၊ (ဦးကံညွှန့်-ဒေါ်သိန်း)တို့၏ သားသမက်၊ (ဦးထွန်းကြည်-ဒေါ်ကျင်ရွှေ)၊ (ဦးအောင်မြင့်-ဒေါ်ခင်ရီ)၊ (ဦးမြစိုး-ဒေါ်ရွှေဘို)၊ ဦးပေါ်များ-ဒေါ်မူမူဌေး၊ ဦးကျော်ဒင်-(ဒေါ်ငွေကြည်)၊ (ဦးမြဝင်း)-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်လှဌေးတို့၏ညီ/မောင်၊ (ဦးမွန်ဟုတ်)-ဒေါ်စန်းရီ၊ (ဦးမွန်ပို့)၊ ဦးကျော်ဝင်း-(ဒေါ် အိအိခင်)၊ ဦးကျော်စိုးတို့၏ အစ်ကို၊ ကိုကျော်မိုးဦး-မရွှေစင်၊ ကိုကျော်သီဟ-မနွယ်နွယ်စိမ်း၊ မမြမြထွေး၊ မခင်သီတာကျော်(ဆ-သ-ရ)တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးကျော်ရင်(ခ) ဦးမွန်ဆိုင်းသည် ၂၃-၁၀-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆(အင်္ဂါနေ့) ညနေ ၃နာရီတွင် ဒလမြို့နယ် ဓနိတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဒုတိယဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)
**အသက်(၈၄)နှစ်**
**BC-6585 ဗိုလ်သင်တန်း အပတ်စဉ်(၉) နည်းပြမှူးချုပ်(ငြိမ်း)၊စစ်ဦးစီးတက္ကသိုလ်**

ရန်ကုန်မြို့နေ (သီရိပျံချီဦးဘလှ-ဒေါ်ကြည်)တို့၏သား၊ ဒိုက်ဦးမြို့နေ (ဦးဘအေး-ဒေါ်အမာရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ (J-74)၊ ရွှေနှင်းဆီ (၃)လမ်း၊ FMI (CITY)၊ လှိုင်သာယာမြို့နယ်နေ (ဒေါ်ခင်မကြီး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ခင်ဝင်း၊ ဦးတိုးအောင်၊ ဦးခင်မောင်ကျော်၊ ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးရဲထွေး-ဒေါ်စောစန္ဒတို့၏ချစ်လှစွာသောဖခင်ကြီး၊ ဒေါ်ခင်ခင်ညွန့်၏မောင်၊ ဗိုလ်မှူးကြီးဝေလင်း(ငြိမ်း)-ဒေါ်ဌေးရီ၊ ဒေါ်ခင်စန်းရီတို့၏ အစ်ကို၊ မခင်ရတနာအောင် (Total E&P Myanmar)၊ မအိအိသီရိအောင်(BEC-TERO)၊ မနွေးရတနာအောင်(Grade-6-A၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောအဘိုး၊ တူ/တူမ ၁၀ယောက်တို့၏ဦးလေးသည် ၂၄-၁၀-၂၀၁၆ ရက် နံနက် ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါက်တာဦးအောင်ထွန်း
**အသက် (၆၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး (၁)လမ်း၊ အမှတ်(၁၃၆၆)နေ (ဦးထွန်းဝေ-ဒေါ်တင်တင်ဌေး)တို့၏ သား၊ ဒေါ်ခင်သစ်ဆွေ၏ခင်ပွန်း၊ (ဒေါ်တင်မေထွန်း)၏မောင်၊ ဦးသောင်းထွန်း၊ ဦးဝင်းထွန်း၊ ဒေါ်အေးအေးထွန်းတို့၏ အစ်ကို၊ ဦးပြည့်ဖြိုးအောင်၊ ဒေါက်တာပြည့်စုံ-ဒေါက်တာမြသီတာစိန်ဝင်း၊ ဒေါ်ထက်ထက်အောင်တို့၏မွေးသဖခင် ကျေးဇူးရှင်သည် ၂၄-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကား များ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်သိန်းနု (၇၉)နှစ်
**ဌာနစုမှူး(ငြိမ်း)**
**ဆည်မြောင်းဦးစီးဌာန**
**တည်ဆောက်ရေး(၇) မိတ္ထီလာမြို့**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကြောင်ရေကျေးရွာနေ (ဦးတင်မောင်-ဒေါ်ညို)တို့၏ သမီးကြီး၊ မိတ္ထီလာမြို့၊ မင်းရပ်၊ မြနန္ဒာလမ်းနေ [ဦးထွေးအောင် (မန်နေဂျာစား/ဖျော်၊ ငြိမ်း)]၏ ဇနီး၊ [ဒေါ်သွယ်သွယ်အောင် (အထက်တန်းပြ၊ အထက-၅၊ မိတ္ထီလာ)]၊ ဒေါ်အိအိ (စာရင်းကိုင်-၂၊ တည်ဆောက်ရေး-၇၊ ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာ)၊ ရဲအုပ် တင်အောင်ခ (သတင်းရဲတပ်ဖွဲ့၊ မိတ္ထီလာ)၊ ဒေါက်တာသူဇာအောင် (တွဲဖက်ပါမောက္ခ၊ ကွန်ပျူတာတက္ကသိုလ်၊ မိတ္ထီလာ)၊ ဒေါက်တာစိုးမိုးအောင် (ဘူမိဗေဒအရာရှိမြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ နေပြည်တော်)၊ ကိုအေးချမ်းအောင်တို့၏ ကျေးဇူးရှင်မွေးမိခင်ကြီးသည် ၁၈-၁၀-၂၀၁၆ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၆ ရက် ညနေ ၄ နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
### ဒေါ်ခင်မာမာ(ခ)ဟဇရာဘီ
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ အမှတ် (၄၈)၊ ငါးလွှာနေ (ဦးသန်းအေး)-ဒေါ်ဘီဘီတို့၏ သမီး၊ (ဦးပါ-ဒေါ်အမာ)တို့၏ သမီးချွေးမ၊ (ဦးရွှေမြ)၏ဇနီး၊ ဒေါ်နွယ်နွယ်မြင့် (ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)၊ ဦးအောင်မြင့်-ဒေါ်မိုးစန္ဒာ၊ ဒေါ်တင်မိုးနွယ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်)၊ ဦးအောင်ကိုမင်း (W.H.O.TB Unit)-ဒေါ်အေးအေးဝင်း (Laboratory Technician FDA၊ နေပြည်တော်) တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၃-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၅၃ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၄-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွာနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) ဩဝါဒါစရိယ**
**အစိုးရပထမပြန်စာမေးပွဲနာယက**
**ရွှေတိဂုံစေတီယင်္ဂဏ စာထောက်စာမ**
### ဘဒ္ဒန္တ ကောဏ္ဍည မဟာထေရ်
### သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၁)နှစ်
**ဇေယျမင်္ဂလာကျောက်မြောင်းကျောင်းတိုက်၊ တာမွေမြို့နယ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဇေယျမင်္ဂလာ ကျောက်မြောင်းကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တကောဏ္ဍည မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက်)၂၁-၁၀-၂၀၁၆ (သောကြာနေ့) နံနက် ၉း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) ၂၉-၁၀-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ၊ အသင်းသူ၊ အသင်းသား အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့
ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယိကာမ၊ သာသနာ့မိခင်ကြီး**
### သုဓမ္မသိင်္ဂီ ဒေါ်ကျင်မြိုင်(မြောင်းမြ)
**အသက်(၉၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း(အောက်လမ်း)၊ အမှတ် (၁၃၈)နေ (ဦးရွှေရွဲ-ဒေါ်မယ်စိန်)တို့၏ သမီး၊ ရတနာကုန်သည် (ဦးကျော်မြ)၏ ဇနီး၊ ဦးရွှေ-ဒေါ်တင်မြင့်(သိင်္ဂီရွှေဆိုင်)၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်(ခ)မောင်ရင့်ကျူး(မြောင်းမြ)-သုဓမ္မသိင်္ဂီဒေါ်ခင်ခင်စိန် (စိန်ရတနာ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး)၊ ဦးကျော်ခင်သိန်း-သုဓမ္မသိင်္ဂီ ဒေါ်ရီရီဌေး (ကျော်ရေခဲစက်နှင့် ဆန်စက်)၊ ဦးကျော်ခင်ငြိမ်း-ဒေါ်ခင်စန်းဝေ (ရွှေစင်ရတနာရွှေဆိုင်)၊ ဦးကျော်ခင်လတ်-ဒေါ်မိုမိုဆွေ (မြောင်းမြရွှေဆိုင်)တို့၏ အနန္တဂိုဏ်းဝင် မွေးသမိခင်ကျေးဇူးရှင်၊ ဒေါ်တင်အေးအေး (အထက-၁၊ မြောင်းမြ၊ ငြိမ်း)၊ ဒေါက်တာဒေါ်တင်ညို၊ သုဓမ္မသိင်္ဂီ ဒေါ်ပြုံးကြည်တို့၏အဒေါ်၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၃-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါ မည်။) [၂၉-၁၀-၂၀၁၆ (စနေနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော် နာကြားမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ဒါယိကာမကြီး**
### ဒေါ်တင်စိန် (၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကပင်ကျေးရွာနေ (ဦးမောင်မြင့်-ဒေါ်ပု)တို့၏သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ်(၁၈)နေ (ဦးဖေသောင်း-ဒေါ်မြရင်)တို့၏သမီးချွေးမ၊ ဦးဌေး၏ ချစ်လှစွာသော ဇနီး၊ ပဲခူးမြို့၊ ပန်းခြံကုန်းရပ်ကွက်နေ ဦးသိန်းငွေ-ဒေါ်လှနွဲ့၊ ဦးဌေးဝင်း-ဒေါ်ခင်မာကြည်၊ ကိုဝင်းနိုင်-မခင်ဥမ္မာအေး၊ ကိုပြေငြိမ်း-မထွေးနွဲ့နွဲ့စိုး၊ မမြနှင်းရီ၊ မတင်မိုးထွေးတို့၏မွေးသမိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီး ဒေါ်တင်စိန်သည် ၁၃-၁၀-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၁)၊ အမှတ်(၆/၁၀၃) (က/ခ) ဦးဌေးနေအိမ်၌ တရားတော်နာယူပြီး ဆင်ဖြူကျွန်းသုသာန်သို့ ပို့ဆောင်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၆ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**
### ဦးဟန်ထွန်း (ဗိုလ်တထောင်သတင်းစာ-ငြိမ်း)
**အသက် (၈၃)နှစ်**

ရန်ကုန်မြို့၊အမှတ်(၄၀၇)၊(၁၀)လမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပနေ [ဦးလှဖေ(ခ)ဦးအိန္ဒြေဘာသ-ဒေါ်ကျင်ငွေ]တို့၏ သားကြီး၊ ဒေါ်တင်သန်း၊ ဦးဘမြင့်-ဒေါ်အုန်းနု၊ ဦးစန်းငွေ-ဒေါ်သန်းအေး၊ ဒေါ်မြလေးတို့၏ အစ်ကို၊ ဦးအောင်ချို၊ ဦးမြင့်သောင်း-ဒေါ်တင်တင်မော်၊ (မောင်တိုးလှိုင်)တို့၏ဖခင်၊ မခိုင်မေနှင်း၏အဘိုး၊ (ဒေါ်မြရှိန်)၏ခင်ပွန်းသည် ၂၄-၁၀-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးကျော်ရင်(ခ)ဦးမွန်စိုင်း (၈၂)နှစ်
**[လက်ထောက်မန်နေဂျာ(ငြိမ်း)၊ ဆက်သွယ်ရေး]**
**(ကမာကဆစ်၊ ဒလ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်နေ (ဦးမောင်ငွေ-ဒေါ်အေးချို)တို့၏သား၊ (ဦးကံညွှန့်-ဒေါ်သိန်း)တို့၏သားသမက်၊ (ဦးထွန်းကြည်-ဒေါ်ကျင်ရွှေ)၊ (ဦးအောင်မြင့်-ဒေါ်ခင်ရီ)၊ (ဦးမြစိုး-ဒေါ်ရွှေဘို)၊ ဦးပေါ်များ-ဒေါ်မူမူဌေးဦးကျော်ဒင်-(ဒေါ်ငွေကြည်)၊ (ဦးမြဝင်း)- ဒေါ်ခင်အုန်းမြင့်၊ ဒေါ်လှဌေးတို့၏ ညီ/မောင်၊ (ဦးမွန်ဟုတ်)-ဒေါ်စန်းရီ၊ (ဦးမွန်ပို့)၊ ဦးကျော်ဝင်း-(ဒေါ်အိအိခင်)၊ဦးကျော်စိုးတို့၏အစ်ကို၊ ကိုကျော်မိုးဦး-မရွှေစင်၊ ကိုကျော်သီဟ-မနွယ်နွယ်စိမ်း၊ မမြမြထွေး၊ မခင်သီတာကျော်(ဆသရ)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်လှအေး၏ခင်ပွန်းသည် ၂၃-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ဒလမြို့နယ် ဓနိတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီတွင် အမျှအတန်းပေးဝေလိုပါသောကြောင့် ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၇၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
### ဒေါ်ဝါဝါနိုင်(လင်း-ကဖီး) အသက်(၆၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဝိသာခါလမ်း၊ အမှတ်(၁၉၈)နေ (ဦးတင်မောင်-ဒေါ်မြသွင်)တို့၏သမီး၊ မြို့သစ်၊ (က/၃)လမ်းနေ (ဦးမောင်လှိုင်-ဒေါ်ကျင်မြင့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ ဒေါက်တာဦးလင်းကျော်သူထွန်း-ဒေါ်အေးအေးမော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ ဒေါက်တာဦးထွန်းလွင်(လင်း-ဆေးကုခန်း)၏ချစ်လှစွာသောဇနီးသည် ၂၃-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) ည ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးခန်းမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု



၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့နှင့် ဒလမြို့ကို ဆက်သွယ်တည်ဆောက်မည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားပုံကြမ်းကို တွေ့ရစဉ်။ *[သံမဏိကြိုးဆိုင်း လေးလမ်းသွားတံတားဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၄ သန်း ခန့်မှန်းကုန်ကျမည်ဖြစ်ပြီး စီမံကိန်းကာလမှာ ငါးနှစ်ကြာမြင့်မည်ဖြစ်သည်။]* ဇော်ကြီး(ပဏ္ဍိတ)

# လိမ္မော်ရောင်အဆင့်မုန်တိုင်းငယ် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ အနည်းငယ်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ မြောက်-အနောက်မြောက်ဘက် မိုင် ၁၆၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်မြောက်ဘက် မိုင် ၉၀ ခန့်၊ ပုသိမ်မြို့၏ အနောက်ဘက် မိုင် ၁၀၀ ခန့်၊ ဂွမြို့၏ အနောက်တောင်ဘက် မိုင် ၁၀၀ ခန့်၊ ရန်ကုန်မြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မြန်မာ့ကမ်းရိုးတန်း (မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းဒေသ)များသည် အားကောင်းသော မုန်တိုင်းငယ်၏ အဝန်းအဝိုင်းအတွင်း ကျရောက်နေသေးသည့်အတွက် အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေကို လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် ညနေ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၆ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၃ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

# မုန်တိုင်းတိုက်ခတ်မှုမရှိသဖြင့် မြောင်းမြတွင် အေးချမ်းတည်ငြိမ်စွာ သွားလာလျက်ရှိ

**မြောင်းမြ အောက်တိုဘာ ၂၄**

ဘင်္ဂလားပင်လယ်အော်အရှေ့ပိုင်းတွင် လတ်တလော ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာကာ မြန်မာနိုင်ငံဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းအနီး ဖြတ်သန်းသွားမည်ဖြစ်ကြောင်း မုန်တိုင်းစက်ဝန်းအတွင်း ကျရောက်သည့်ဒေသများကို ထုတ်ပြန်ကြေညာခဲ့ပြီး မြောင်းမြမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

အောက်တိုဘာ ၂၄ ရက်အထိ မုန်တိုင်းတိုက်ခတ်မှုမရှိ၍ မြို့နေပြည်သူများမှာ အေးချမ်းတည်ငြိမ်စွာ သွားလာလှုပ်ရှားလျက်ရှိသည်။ **(အောက်ပုံ)**

မုန်တိုင်းသတင်းကြောင့် မြစ်ကြောင်းများတွင် သွားလာနေသော ရေယာဉ်ပဲ့ထောင်များ ခေတ္တရပ်ဆိုင်းထားရန် ညွှန်ကြားထားသည်မှလွဲ၍ ဆိပ်ကမ်းများတွင် သင်္ဘောရေယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**





# ဘိုင်ယန်ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက် ဥရောပ၏ Golden Boy ဆု ဆွတ်ခူး

ဂျာမန် ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ပေါ်တူဂီလူငယ်ကစားသမား ရီနာတိုဆန်းချက်သည် မန်ယူအသင်းနှင့် အင်္ဂလန်အသင်းတို့၏ လူငယ်တိုက်စစ်မှူး မားကို့စ်ရက်ရှ်ဖို့ဒ်ကို ကျော်ဖြတ်ကာ ဥရောပ Golden Boy ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါဆုကို မန်ယူတိုက်စစ်မှူး ရွန်းနီ၊ မန်စီးတီးတိုက်စစ်မှူး စတာလင်၊ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် မန်စီးတီးတိုက်စစ်မှူး အဂူရိုတို့သည်လည်း ယခင်က ရယူဆွတ်ခူးခဲ့ပြီး ယခုပေးအပ်သည့် ဥရောပ၏ Golden Boy ဆုအတွက် ရက်ရှ်ဖို့ဒ်နှင့် ဘိုင်ယန်လူငယ်ကစားသမား ကင်စလေကိုးမန်းတို့သည်လည်း ဆန်ကာတင်စာရင်းတွင် ပါဝင်ခဲ့သည်။

ရီနာတိုဆန်းချက်သည် ဘိုင်ယန်မြူးနစ်အသင်းအတွက် ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အပြင် ပေါ်တူဂီအသင်းအတွက် ယူရို ၂၀၁၆ ဆုဖလားရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယင်းဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး မွန်တီကာလိုတွင် ဆုလက်ခံရယူခဲ့ကြောင်းသိရသည်။ အဆိုပါဆုကို အီတလီသတင်းစာ Tuttosport က ၂၀၀၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဥရောပတစ်ဝန်းမှ သတင်းစာဆရာများက မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

